www.burmeseclassic.com



BURMESE CLASSIC .com

# မယ်မင်းဘုံ

အချစ်အတွက်မနက်ဖြန်မရှိတာ
သင့်အတွက်မှတ်ရန်အသိပါ

www.burmeseclassic.com

www.burmeseclassic.com

# မယ်မင်းဘုံ

အချစ်အတွက် မနက်ဖြန်မရှိတာ
သင့်အတွက် မှတ်ရန် အသိပါ

BURMESE CLASSIC .com

စိစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## ၁

BURMESE CLASSIC .com

မဒေးသည် ခြံတံခါးဝကို တွန်းဖွင့်ကာ အိမ်ထဲသို့ အပြေးတစ်ပိုင်း ဝင်ရောက်၍ ပါးစပ်ကလည်း ကိုကြီးရဲ့နာမည်ကို တစာစာ အော်ခေါ်နေမိသည်။ ဒီနေ့ တစ်နေ့လုံး သွားချင်တဲ့ နေရာအစုံကို ကိုကြီးကို လိုက်ပို့ခိုင်းရမယ်။ မဒေးက ကိုယ့်အတွေးနှင့်ကိုယ် ပျော်မြူးပြီး အိမ်ထဲဝင်လာလျှင်တော့ မကြီးရဲ့ အသံစာစာကို အရင်ဆုံး ကြားရလေသည်။

"မဒေးရယ် ... တိုးတိုးသက်သာ လာစမ်းပါဟယ်။ တကတဲ ကျားလိုက်လာတာ ကျနေတာပဲ"

မဒေးက မကြီးရဲ့အပြောကြောင့် ဟဲခနဲ မျက်နှာကို ဖြီးကာ ဇက်အသာပု၍ ...



www.burmeseclassic.com

www.burmeseclassic.com



"မကြီး ... ကိုကြီးကောဟင်"

"ရှိတယ် ... အပေါ်ထပ်မှာ ဘုရားရှိခိုးနေတယ်"

"ဟာ ... ဟုတ်လား။ တယ်လိမ္မာနေပါလား၊ မေဒေး သွားကြည့်လိုက်ဦးမယ်"

စွတ်ခနဲ အပေါ်တက်တော့မည့် မေဒေးကို မကြီးက လက်တစ်ဖက်ဖမ်းဆွဲထားကာ လှမ်းတားလေသည်။

"ဟဲ့ ... ပြီးရင် breakfast စားဖို့ဆင်းလာပါလိမ့်မယ် မေဒေးရဲ့၊ ဒီမှာပဲ မကြီးနဲ့ ဝိုင်းကူစမ်းပါ ... လာ"

BURMESE CLASSIC .com

မကြီးက မေဒေးကို မီးဖိုချောင်ထဲ ခေါ်သွားကာ သူနှင့်အတူ ဘရိတ်ဖတ်စ်ပြင်ခိုင်းလျှင် မေဒေးက စိတ်မပါတပါ လုပ်ရလေသည်။

အဲဒီ မကြီးဟာ မေဒေးကိုဆို အမြဲမျက်စိစပါး မွေးစူးနေတာပဲဖြစ်သည်။ မေဒေး ဟိုဟာလုပ် လုပ်ပြန်ပြီ၊ ဒီဟာ လုပ် လုပ်ပြန်ပြီနှင့် ဘယ်တော့မှ အလိုကျသည်ကို မရှိပါ။ အသွားအပြန်ရှိသော မေတ္တာရဲ့သဘောတရားအရ မေဒေးကလည်း မကြီးကိုဆို ကိုကြီးမျက်နှာနှင့်မို့ ဆက်ဆံနေရတာဖြစ်သည်။





မေဒေးကိုဆို ကလေးပေါကြီးလို သဘောထားကာ နှိမ့်ချင်နေသော မကြီးကို မေဒေးကလည်း ကြည့်မရပါ။

"ဟာ ... မေဒေး၊ စောစောစီးစီးပါလားဟေ့။ ဘာလာရှုပ်တာတုံး"

နောက်ဘက်နေ ကြားလိုက်ရတဲ့ ကိုကြီးရဲ့အသံကြောင့် မေဒေးဟာ မကြီးရှေ့ကနေ လှစ်ခနဲပြေးကာ ကိုကြီးဆီသို့ သွားလိုက်ပြီး ကိုကြီးကို ပြုံးပြလိုက်ကာ ...

"Happy Birthday ကိုကြီး"

"thank you ... thank you ။ ကြည့်စမ်း ... birthday wish ကို စောစောစီးစီး လာပြောတယ် ဆိုကတည်းက ဒီကောင်မလေး ငါ့ကို ဘာပူဆာမလို့လဲဟင်"

မေဒေးရဲ့စိတ်ကို အတတ်သိနေသော ကိုကြီးကို အဲဒါတွေကြောင့် ချစ်နေရတာပဲဖြစ်သည်။ မေဒေးက ကိုကြီးရဲ့ လက်မောင်းကို ချိတ်ဆွဲရင်းက ဒိုင်နင်းရှမ်းထဲကို ခေါ်လာပြီး ...

"ကိုကြီး ဒီနေ့ ဘယ်သွားဖို့ရှိလဲဟင်၊ ဘာအပွိုင်မန့်တွေ ရှိလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့က ကိုယ် အားတယ်လေ။ မနက်ခင်းတော့ ဘယ်မှ သွားစရာမရှိပါဘူး၊ အိမ်မှာပဲ စာလေး ဘာလေးဖတ်မယ်။ နေ့ခင်းကျရင်တော့ လမင်းနဲ့ ရှော့ပင်းပတ်မလို့၊ ညနေပိုင်း မကြီးနဲ့ ဘုရားတက်မယ်။ ဆိုင်တစ်ဆိုင်ဆိုင်မှာ ဝင်စားမယ်။ ဒီလောက်ပါပဲ"

ကိုကြီး အပြောကြောင့် မေဒေး မျက်နှာတစ်ခုလုံး မျက်နှာကြီး ရှုံ့မဲ့သွားရတော့သည်။ ကြည့်ပါဦး ... သူ့ရဲ့အသစ်စက်စက်ရည်းစား လမင်းနဲ့ ရှော့ပင်းပတ်မယ်၊ ပြီးတော့ မကြီးနဲ့ ဘုရားတက်မယ်တဲ့။ မေဒေးအတွက် ဘယ်နေရာမှာများ အချိန်ပေးထားသလဲ။

"ဘာဖြစ်လို့ မေးတာလဲ မေဒေး"

မေဒေးက စဉ်းစားခန်း ထိုင်ဖွင့်ကာ မကျေမချမ်းဖြစ်နေတုန်း ကိုကြီးက လှမ်းမေးလိုက်လျှင် မေဒေးက သုန်သုန်မှုန်မှုန် မျက်နှာဖြင့် ပြန်ပြောလိုက်လေသည်။

"ဘာဖြစ်ရမလဲ ကိုကြီးရဲ့၊ မွေးနေ့မှာ မေဒေးအတွက်ကျတော့ ဘာအစီအစဉ်မှ မပါဘူး"





"ဩော် ... ပါ,ပါတယ် မေဒေးရယ်။ နေ့လယ်ကျရင် မကြီးရဲ့ရှယ်လက်ရာ အုန်းထမင်းနဲ့ ကြက်သားဟင်း ညည်းတို့အိမ်အတွက် ငါကိုယ်တိုင် လာပို့ပေးဖို့ စီစဉ်ထားပြီးသား"

"ဩော် ... အဲဒါပဲပေါ့။ ဟုတ်လား"

"ဟင်း ... ဒီကလေးနဲ့တော့။ ကဲ ... ပြော၊ ညည်းကဘယ်ဆိုင်မှာ စားချင်လို့လဲ။ နောက်ရက် လိုက်ကျွေးမယ်"

"စားချင်ရင်လည်း နောက်ရက်မှ ကျွေးတော့ဟော့၊ မေဒေးနင်ပဲကြိုက်လှချည်ရဲ့အုန်းထမင်း ဆိုလို့ ကျုပ်မှာ အပင်ပန်းခံ ချက်နေတာနော်။ နည်းနည်းလည်း အားနာဦး"

မကြီးက ဆူသလိုလှမ်းငေါက်လျှင် မေဒေးက မကျေမချမ်းဖြင့်ပင် ပါးစပ်ပိတ်ရသည်။ အဲဒီစကားကို ထပ်မဆက်တော့ဘဲ ကိုကြီးရဲ့လမင်းကိစ္စကို မေးရပြန်ပါသည်။

"ဒါနဲ့ မေးရဦးမယ်။ ကိုကြီးနဲ့ ခင်လမင်းက ဘာလဲ၊ ကြိုက်သွားကြပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးက ကော်ဖီသောက် မပျက်ပင် မဒေးရဲ့ အမေးကို ခေါင်းညိတ်ကာ အတည်ပြုပေးလေသည်။ ဟင်း ... ကြိုက်သွားကြပြန်ပြီတဲ့။ ကိုကြီးကို အစကတည်းက ခင်လမင်းနှင့်ဆို သဘောမတူပါဘူးလို့ အတန်တန် တားထားရဲ့သားနဲ့ ကြိုက်ဖြစ်အောင် ကြိုက်လိုက်သေးသည်။ မကြီးကတော့ ကိုကြီးရဲ့ အချစ်ရေးနှင့်ပတ်သက်ပြီး ကောင်း၏ ဆိုး၏ တစ်ခါမှ ဝေဖန်တာမျိုးမရှိပါ။ အမြဲလိုလို သူ့မောင်ဘက်က အမြဲကာကွယ်ရပ်တည်ပေးသည့် သည်းသည်းလှုပ် အစ်မမျိုးပဲ ဖြစ်ပါသည်။

မဒေးမှာသာ ဘာမဆိုင် ညာမဆိုင်ဝင်ပြီး ကဖျက်ယယက် ဝင်လုပ်ရတာဖြစ်သည်။ မဒေးဟာ ကိုကြီးကို ဘယ်မိန်းမနှင့်မှ သဘောတူလှတယ်ဆိုတာ မရှိခဲ့ပါ။ ကိုယ့်ရဲ့အစ်ကိုရင်းတစ်ယောက်လို ချစ်ရတဲ့ ကိုကြီးကို သူများပိုင်သွားမှာကို စိုးလှပါသည်။ အဲဒီလို ဂျေဝင်တတ်သည့်စိတ်ကို ဦးစားပေးအလိုလိုက်ရင်းက မဒေးဟာ ကိုကြီးရဲ့ချစ်သူဆိုတာနှင့် ခွဲမယ်ဆိုသည့် အတွေးက ဝင်,ဝင်လာခဲ့ပါသည်။





"ဩော် ... မဒေး။ ပြောဖို့ မေ့နေလို့၊ နင့်ကို ကိုအုပ်တို့ ကုမ္ပဏီမှာ စာရင်းကိုင်သွင်းပေးမလို့။ အန်တီမြတ်ကိုတောင် ပြောပြီးသွားပြီ"

"အာ ... ဘာလဲ မလုပ်ချင်ပါဘူး။ အဲဒီ ကိုကြီးဟာလေ သိပ်ရှုပ်တာပဲကွာ၊ ဘယ်သူက အလုပ်လုပ်မယ်ပြောလို့လဲ။ တကယ်လို့ လုပ်ဖြစ်တယ်ဆိုရင်လည်း သူများကုမ္ပဏီမှာ လခစား သွားလုပ်စရာလား၊ ဖေဖေ့ကုမ္ပဏီမှာ လုပ်ချင်လုပ်၊ ဒါမှမဟုတ် ကိုကြီးအေးဂျင့်မှာ ဝင်လုပ်မှာပေါ့။ ဘာကိစ္စ ကိုအုပ်စိုးကုမ္ပဏီမှာ သွားလုပ်ရမှာလဲ၊ မလုပ်နိုင်ပါဘူး"

မဒေးက နှုတ်ခမ်းတစ်လန် ပန်းတစ်လန်ဖြင့် ကိုကြီးကို ရန်တွေ့ရလေသည်။ ကိုကြီးဟာ အဲဒီလိုမျိုးပဲဖြစ်သည်။ မဒေးကိုဆို အလုပ်လုပ်ဖို့ စီစဉ်ပေးရတာနှင့်၊ သင်တန်းတက်ဖို့ စုံစမ်းပေးရတာနှင့် အမျိုးကို စုံနေတာပဲဖြစ်သည်။ တကယ်ဆို ကိုကြီးဟာ မဒေးကို ဘာသိဘာသာနေလို့ ရနေတာပဲ။ ဒါပေမဲ့ မဒေးရဲ့ကိုကြီးဟာ အဲဒီလို ဘယ်တော့မှမလုပ်။ မဒေးကို သူ့



www.burmeseclassic.com

www.burmeseclassic.com



ညီမအငယ်ဆုံးလေးလို သဘောထားကာ ဘယ်တော့ဖြစ်ဖြစ် စေတနာထားသူဖြစ်၏။

ဖေဖေ၊ မေမေတို့နှင့် အရင်ကတည်းက ခင်မင်ရင်းနှီးခဲ့သော မကြီးဟာ မေဒေး ရှစ်တန်းနှစ်လောက်မှာ မေဒေးတို့တစ်လမ်းကျော်ကို ပြောင်းလာခဲ့တာကြောင့် ကိုကြီးနှင့်သိဖို့အကြောင်းဖန်လာခဲ့တာဖြစ်သည်။

မေဒေးထက် ခြောက်နှစ်ကျော်လောက်ကြီးသော ကိုကြီးဟာ အဲဒီတုန်းက မေဒေးကိုစာသင်ပေးတဲ့ guide အစ်ကိုကြီးဖြစ်ပါသည်။

ကိုကြီးရဲ့ အနီးကပ်ကြပ်မတ်သင်ကြားပေးမှုတွေကြောင့် စာဆိုချာလှသော မေဒေးဟာ ကိုးတန်းမှာတော်တော်ကိုဟုတ်လာခဲ့ပြီး ဆယ်တန်းမှာတော့ ဂုဏ်ထူးသုံးဘာသာနှင့် အမှတ်ကောင်းကောင်း အောင်မြင်ခဲ့သည်။ အဲဒီကနေစလို့ မေဒေးဟာ ကိုကြီးအပေါ်ကို အံရမ်းကျေးဇူးတင်ကာ ကိုယ့်အစ်ကိုလို သဘောထားပြီး ဆိုးချင်သလို ဆိုးနေတာဖြစ်ပါသည်။





"မေဒေးရဲ့ ညည်းအဖေဆီမှာဖြစ်ဖြစ် ကျုပ်ဆီမှာဖြစ်ဖြစ် အလုပ်ဝင်မှာပေါ့။ နင် တော်တော်နုံတယ်နော်၊ အေး ... ငါကလည်း အဲဒီအကွက်တွေကို ကြိုမြင်လို့ကို နင့်ကို ကိုအုပ်ကုမ္ပဏီမှာ သွင်းပေးတာ။ မရဘူး ... နင် အလုပ်လုပ်ကိုလုပ်ရမယ်"

ကိုကြီးက အပြတ်ပြောလျှင် မေဒေးက မျက်နှာကြီးရှုပုပ်ကာ ...

"တော်ပြီ ... ကိုကြီး စိတ်ပုပ်။ ပြန်တော့မယ် ... ဒါပဲနော်။ ကိုအုပ်စိုးတို့ကုမ္ပဏီမှာ မေဒေးသွားလုပ်ရလို့ကတော့ ကိုကြီးမလွယ်ဘူးမှတ် ... ဟွန်း"

"ဟာ ... ဘာတုံး စိတ်ကောက်သွားတာလား။ အေး ... အဲဒါဆိုလည်း ပြီးရောလေ။ မကြီးရေ ... အုန်းထမင်းလျှော့ချက်လိုက်တော့ဗျို့။ ကျွန်တော်တို့မောင်နှမနှစ်ယောက်စာပဲ ရှိတာဆိုတော့ နည်းနည်းပဲ ချက်တော့လေ"

ကိုကြီးက မေဒေး မကြား့ကြားအောင် လှမ်းအော်ပြောလေလျှင် မေဒေးက ရှုပွပွမျက်နှာဖြင့်ပင် သူ့ဘက်သို့လှည့်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အုန်းထမင်းတော့ လာပို့၊ အလုပ်တော့ မလုပ်ဘူး သွားပြီ။ ပြန်ပြီနော် ... မကြီး"

မေဒေးက ပြောချင်တာပြောပြီး ခပ်သွက်သွက် ပြေးထွက်သွားတော့သည်။ ကိုကြီးကတော့ မေဒေးကို သဘောကျစွာဖြင့် တဟားဟား ရယ်မောနေပေလိမ့်မည်။ မေဒေးနှင့် ကိုကြီးဟာ အဲဒီလိုပုံစံမျိုးလေးနှင့် ခင်မင်ရင်းနှီးနေကြတာ ဖြစ်ပါသည်။

* ○ *





နေကွန်းသည် ဒီကနေ့မှာတော့ အပြင်ထွက်ကာချစ်ရည်းစားနှင့် လျှောက်လည်ဖို့ အပီအပြင်ကို သနေတာဖြစ်သည်။ ပြီးခဲ့တဲ့ တနင်္လာနေ့က သူ့ကို အဖြေပြန်ပေးခဲ့ကာ သူနှင့်တရားဝင်ရည်းစားတွေ ဖြစ်သွားကြသော ခင်လေးကို ဒီနေ့မှာ သူက သူ့မွေးနေ့ အကြောင်းပြု၍ date လုပ်တာဖြစ်ပါသည်။ သူဟာ အဖြူခံပေါ်မှာ ဗေဒါရောင်အပွင့်ကျဲကျဲလေးများပါသည့် ရှပ်အင်္ကျီကို အတွင်းက အဖြူရောင် vest တစ်ထည်ခံ၍ ကြယ်သီးသုံးလုံးလေးလုံးလောက် ဖြုတ်ဝတ်ကာ တံတောင်ဆစ်နားထိ လက်ခေါက်ဝတ်လိုက်သည်။ ဘောင်းဘီကတော့ skinney အနက်ဖြစ်၏။

အဝတ်အစားပိုင်းပြင်ပြီးသွားလျှင် သူ့ဆံပင်အတွက် အချိန်ပေးရ၏။ သူက ဆံပင်ကို ထိုးထိုးထောင်ထောင် ဒီဇိုင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်တာကြောင့် ဂျယ်လ်ကိုတော့ အမြဲသုံးရလေသည်။ အစုလည်း ခင်လေး ဟတ်ထိအောင် one way ထောင်ကာ ခပ်ပါးပါးဖွထားသည့် ဆံပင်ဒီဇိုင်းဖြစ်သည်။ ပြီးလျှင် စိန်နားကပ်တစ်ဖက်ပန်၊ HUGO BOSS ရေမွှေးကိုဆွတ်၊ RADO နာရီပတ်ကာ လန်းနေသောစိတ်တို့ဖြင့် အောက်ထပ်သို့ ဆင်းလာခဲ့တော့သည်။

"မောင်မောင် ... ခင်လမင်းဆီ သွားဖို့လား"

မကြီးရဲ့အမေးစကားကြောင့် သူက အသာပြုံးလိုက်ပြီး မကြီးကို ပခုံးဖက်ကာ ဧည့်ခန်းထဲသို့ ခေါ်လာ၍ ထိုင်စေပြီး ...

"ဟုတ်တယ် မကြီးရ၊ ခင်လေးနဲ့ ဒီနေ့ အပြင်သွားဖို့ချိန်းထားတယ်။ အဲဒါ သွားရင်းနဲ့ တစ်ခါတည်း မေဒေးတို့ဆီ အနုန်းထမင်း သွားပို့ပေးလိုက်မယ်၊ ready ပဲမလား မကြီး"

"အဆင်သင့်ပါပဲ၊ အဲဒါတွေ အသာထားစမ်းပါ။ မောင်မောင် ... မင်း အိမ်ထောင်မပြုတော့ဘူးလား။ အသက်ပဲ သုံးဆယ်နားကပ်ပြီ၊ ဘာလဲ ရည်းစားထားလို့ မဝသေးဘူးလား"





မကြီးရဲ့စကားကြောင့် သူက ဟက်ဟက်ပက်ပက် ရယ်မောမိသွားသည်။ သူ့အပေါ်မှာ အမေလိုတစ်မျိုး၊ အစ်မလိုတစ်ဖုံ စောင့်ရှောက်ပြုစုခဲ့တဲ့ မကြီးဟာ သူ့မျက်နှာကြောင့် အိမ်ထောင်မပြုခဲ့ချေ။ မောင်နှမနှစ်ယောက်တည်းသာရှိသော သူတို့မိသားစုအတွက် generation ကို မကြီးက အရမ်းမျှော်လင့်ထားပါသည်။ သူနှင့်ပတ်သက်နေသူတွေထဲက သင့်တော်သူနှင့် အိမ်ထောင်ပြုစေချင်လှပြီဖြစ်သော မကြီးရဲ့ဆန္ဒကို သိသော်လည်း သူက ကဲလို့ကောင်းတုန်းပဲ ရှိသေး၍ လူပျိုဂုဏ်ကို အရမ်းမက်ပါသည်။

သူ့ဘာသာ အသက်ဘယ်လောက်ဖြစ်ဖြစ် သူ့စိတ်ထဲမှာတော့ သူက အမြဲဆယ့်ရှစ်နှစ်သားလေးပဲဖြစ်၏။ ဒါကြောင့်မို့လည်း လူက ever မိုးပေါ်ရောက်နေတာဖြစ်သည်။

"မကြီးကတော့ အရစ်ပဲဗျာ။ ကျွန်တော် အိမ်ထောင်တကယ်ပြုလိုက်တော့မှ ငါ့မောင်ကို နမြောတယ် ဘာတယ်မပြောနဲ့နော် ..."



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေ ... ကျွန်တော် မကြီးအတွက် စပါယ်ရှယ်ယောက်မ ခေါ်လာမယ်။ အခုတော့ ရည်းစားနဲ့ချိန်းထားလို့ သွားတွေ့လိုက်ဦးမယ်"

"အင်း ... ပြောလိုက်ရင်တော့ ဒီအတိုင်းပဲ။ ဟုတ်,မဟုတ် စောင့်ကြည့်မယ် မောင်မောင်ရေ၊ သွား ... ထမင်းစားခန်းထဲမှာ ချိုင့်အဆင်သင့် လုပ်ထားတယ်။ ယူပြီး မေဒေးတို့အိမ် ဝင်ပို့ပေးလိုက်၊ ဟဲ့ ... မေဒေးနဲ့ လေရှည်မနေနဲ့နော်၊ နင့်ရည်းစားနဲ့ ချိန်းထားတာ 'မေ့နေမယ်နော်"

တရစပ် မှာတမ်းခြွေနေသော မကြီးကို သူက ခေါင်းတစ်ချက်ဆတ်ပြကာ ချိုင့်ယူ၍ ကားပေါ်တက် ထွက်လာခဲ့တော့သည်။

သူ မေဒေးတို့အိမ်ရောက်တော့ မေဒေးက ခြံထဲဆင်းပြီး ဖုန်းပြောနေတာ တွေ့ရပါသည်။ သူ့ကိုမြင်လျှင် ဖုန်းပြောတာကို လက်စသတ်၍ သူ့ဆီသို့ ပြေးလာကာ ...

"ဟာ ... ကိုကြီး၊ အုန်းထမင်း လာပို့တာလား"





"အုန်းထမင်း လာပို့မယ်လို့ ပြောထားပြီးသားလေ၊ ဘာအပိုတွေ မေးနေတာတုံး။ ဖြေစမ်း ... ဘယ်သူနဲ့ဖုန်းပြောနေတာလဲ"

သူက ခပ်တည်တည်ဖြင့် စကားတောက်လိုက်တာနှင့် မေဒေးက သူ့မရဲ့ iphone လေးကို ငုံ့ကြည့်ပြီးမှ ဟဲခနဲသွားဖြဲပြကာ ...

"နိုင်းဆီကပါ ကိုကြီးရဲ့၊ မနေ့က သူ့ show ပွဲ အဆင်ပြေတယ်ဆိုတဲ့အကြောင်း လှမ်းပြောတာ"

`အင်း ... ထင်တဲ့အတိုင်းပဲ။ နိုင်းဆိုသည့် ချာတိတ်ကို သူ ကောင်းကောင်းသိပါသည်။ သူ မေဒေးကို guide လုပ်နေတဲ့အချိန်ကတည်းက မေဒေးနဲ့ ခင်မင်နေသော ချာတိတ်လေးဖြစ်သည်။ အခုဆို အောင်မြင်ခါစ အဆိုတော်ဖြစ်လာပြီ ဖြစ်သော်လည်း အခုချိန်ထက်ထိ မေဒေးနဲ့ အဆက်သွယ်မပြတ်ရှိနေတာဟာ သူငယ်ချင်းသံယောဇဉ်ဆိုတာထက် အဆများစွာ ပိုနေသည့်ကဏ္ဍတွေ ပါနေတယ်ဆိုတာ ယောက်ျားချင်း သတိထားမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူထင်တာ မလွဲဘူးဆိုရင် လက်ရှိမှာ နိုင်းနဲ့မေဒေးဟာ သမီးရည်းစားတွေတောင် ဖြစ်နေကြပြီထင်သည်။ နိုင်းနဲ့ဆိုဘာမှပြောစရာမရှိတာရယ်၊ ပြီးတော့ မေဒေးတို့အရွယ်ဟာ ရည်းစားထားသင့်ပြီလို့ တွေးတတ်ကြတဲ့ အရွယ်တွေဖြစ်တာကြောင့် သူက ဘာမှမသိသလို နေပေးနေတာဖြစ်ပါသည်။

"ကိုကြီး ... အိမ်ထဲဝင်လေ၊ မေမေရှိတယ်"

သူက မေဒေးစကားကြောင့် ခေါင်းတစ်ချက်ညိတ်ကာ နာရီငုံ့ကြည့်ရင်တော့ သဘောပေါက်တဲ့ မေဒေးက သူ့ကို မျက်စောင်းထိုးရင်း ...

"ဘာမှပူမနေနဲ့၊ ကိုကြီးကို မွေးနေ့လက်ဆောင်ပေးပြီးတာနဲ့ သွားခိုင်းမှာ။ တကတဲ ... နောက်ကျမှာ ကြောက်နေလိုက်တာ။ ခင်လမင်း ... ရှင် တော်တော်ကံကောင်းတာပဲ"

မေဒေးရဲ့စူပွပွအပြောကို သူက သဘောကျစွာတစ်ချက်ရယ်မောကာ မေဒေးရဲ့ဆံပင်တွေကို ဖွသလိုလေး ဖွလိုက်ပြီး ...

"ကဲ ... မဟုတ်ရပါဘူးကွာ။ လာ ... ဝင်မယ် အိမ်ထဲ၊ ကျုပ်အတွက် ခင်ဗျားလေးရဲ့ present က ဘာများပါလိမ့်"





ချော့သလို သူ့အပြောကြားမှ မေဒေးက မျက်နှာရှင်ကာ သူ့ကားထဲကချိုင့်ယူ၍ သူ့လက်ကိုဆွဲကာ အိမ်ထဲသို့ဝင်ထိုင်စေသည်။

"ကိုကြီး ... မေမေနဲ့ စကားပြောနှင့် လက်ဆောင်သွားယူလိုက်ဦးမယ်နော် ...

ဒေါ်မြရေ ချိုင့်လှယ်ပေးပါဦး"

"ရတယ် ... ဒေါ်မြ၊ ကျွန်တော် အပြန်မှ လာယူမှာ"

"ဟွန့် ... သိနေတယ်နော်"

မေဒေးက သူ့ကို မျက်စောင်းကြီးချီကာ ဆောင့်အောင့်ပြီး အပေါ်ထပ် တက်သွားလေတော့သည်။ မေဒေးရဲ့ပုံစံကို သူကကြည့်ပြီး ရယ်သောအခါ အန်တီက ...

"မေဒေးတစ်ယောက်ကတော့ ခုထိကို ကလေးစိတ်မပျောက်သေးဘူး နေကွန်းရေ။ မင်းညီမရဲ့ ပျာတာလူးပုံစံတွေကို ကြည့်လို့ကို မရတော့ဘူး"

"မေဒေးက လိမ္မာပါတယ် အန်တီရဲ့။ သူက ဂျစ်တစ်တစ်လုပ်တတ်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူက ထိန်းပြီးကူပြောပေးတာကို အနောက်ကကြား လိုက်တဲ့ မယ်တော်ချောက အသံစာစာဖြင့် လှမ်းအော်ကာ သူ့ ဆီသို့ လှမ်းလာ၏။

"ဟွန်း ... တော်သေးတာပေါ့။ မေဒေးကို မချွန်လို့၊ ကဲ ... ရော့ HAPPY BIRTHDAY ကိုကြီး R U like this ? "

မေဒေးက ပြောလည်းပြော သူ့ဘေးဝင်ထိုင်၍ ကတ္တီပါဘူးနီလေးကို ဖွင့်လိုက်လျှင် သူက ဘူးထဲက စိန်နားကပ် လေးတစ်ဖက်ကြောင့် အံ့ဩသွားရပါသည်။ သူ့ကို ဒီလို present မျိုး ပေးလိမ့်မယ်လို့တောင် ထင်မထားပေ။

"ကိုကြီးနားမှာ ပန်ထားတဲ့ စိန်နားကပ်လိုမျိုးတော့ သိန်းကို ဆယ်ဂဏန်းအထက် မတန်ပေမယ့် ဒါလေးက မေဒေးရဲ့မုန့်ဖိုးတွေကို တစ်လတိတိစုပြီးမှ ဝယ်လို့ရတာမို့ လို့ ကိုကြီး ကြိုက်ပေးရမယ်နော်"

"မေဒေးရယ်"

သူက မေဒေးကို သနားလည်း သနားသွားကာ စိတ်ထဲလည်း မကောင်းဖြစ်မိသွားသည်။ မုန့်ဖိုးတွေကို တစ်လတိတိ





စုပြီး သူ့အတွက် မွေးနေ့လက်ဆောင် ဝယ်ပေးသတဲ့လား။ သူဟာ မေဒေးရဲ့စိတ်လေးကို အရမ်းသဘောကျသွားကာ သူမ ပျော်သွား အောင်လို့ ဝတ်ထားသော စိန်နားကပ်ကိုချွတ်ကာ မေဒေးရဲ့ပလက် တီနမ်တွေ ပေါင်ကွပ်ကာ စိန်ပွင့်သေးသေးလေး မြုပ်ထားသော ဒီဇိုင်းဆန်း နားကပ်အပြားလေးကို လဲဝတ်လိုက်တော့သည်။

"ကဲ ... ဘယ်လိုလဲ မိုက်ရဲ့လား မေဒေး"

"ဟား ... အရမ်းမိုက်တယ် ကိုကြီး။ ကိုကြီးနဲ့ အရမ်း လိုက်တယ် သိလား။ ခင်လမင်းနဲ့ သွားတွေ့ရင်ကော ဒီနားကပ်နဲ့ သွားမှာလား"

"ဒါပေါ့ မေဒေးရ"

မေဒေးက သူ့အပြောကြောင့် အလွန်ကျေနပ်သွား ဟန်ဖြင့် သူ့လက်မောင်းကို တွန်းထုတ်သလို တွန်းကာ ...

"ဟာ ... ဒါဆို သွားတော့လေ ကိုကြီး။ ကိုကြီးရဲ့ချစ် ရည်းစားကို ချိန်းထားတာ နောက်ကျနေတော့မယ်၊ ချိုင့် ကိုတော့ မေဒေးပဲ ပြန်ပို့ထားလိုက်မယ်။ သွားတော့ ... သွားတော့ဆို ... လာ"



www.burmeseclassic.com

www.burmeseclassic.com



မေဒေးက အဲဒီလိုကောင်မလေးမျိုးဖြစ်သည်။ ဒါဆို ဒါမှဆိုသော ဖွတ်တရွတ် ကောင်မလေးဟာ သူ့အတွက်တော့ သဘောကျစရာ ညီမလေးပင်ဖြစ်သည်။ အခုလည်း မေဒေးဆင်ပေးတဲ့ နားကပ်တစ်ဖက်ကိုဝတ်ကာ စတိုင်လ်ထုတ်ပြီး မလိုင်မုန့်စားရင်း အသည်းနှလုံးသစ်လေးရှိရာဆီသို့ ခပ်သွက်သွက်သွားလိုက်တော့သည်။

* ○ *



## ၂

"ငါ့မှာ ရှန်းထွက်ခွင့်တော့မရှိ xxx အလန်းဇယားများနဲ့ အမိ xxx အကြင်နာအကြည့်နဲ့ xxx ဖမ်းကာစားပါသည် xxx သူ ရှည်းစားများမှန်းလည်းသိ xxx ဒါပေမဲ့ ငါချစ်နေသည့် ကောင်မလေးရေ နိုင်းလောက်ရှိ"

သူက ရင်ဘတ်ထဲကလာသည့် စာသားတချို့ကို ပါးစပ်သေနတ် Rap တွေခင်းသလိုရွတ်ကာ record လုပ်ထားပြီး နောက်မှာတော့ ကိုကြီးဇော်ဆီ ဖုန်းလှမ်းဆက်လိုက်ပါသည်။ ဒီနေ့ည recording အတွက် ကိုကြီးဇော်ရဲ့ studio ကို confirm လှမ်းလုပ်တာဖြစ်သည်။ အားလုံး sure ဖြစ်သွားပြီဆိုရင်တော့



www.burmeseclassic.com

www.burmeseclassic.com



သူဟာ အချိန်တိုင်း သတိရလို့နေပါသည့် သူ့ flow လေးကို တမ်းတခြင်းများစွာဖြင့် ဖုန်းလှမ်းခေါ်လိုက်ပါသည်။

"တကယ်ဆိုရင် xxx အချစ်ပဲလိုတယ် xxx ဘာကြောင့် သတ္တိမရှိလဲကွယ် xxx ဘဝဟောင်းများထဲမှာ xxx မောင် ဘာတွေကို လိုဦးမလဲ"

ချမ်းချမ်းရဲ့သီချင်းကို my ring tune လုပ်ထားတာကြောင့် သူဟာ သူမဖုန်းမကိုင်မချင်း ချမ်းချမ်းရဲ့သီချင်းကို ဖီးလ်အပြည့်နှင့် နားဆင်ရာမှ mood ဝင်နေသည့်အချိန်ကျမှ "ဟယ်လို"ဆိုသည့် အသံကြောင့် ရုတ်တရက် လန့်သွားရပြီးမှ ဟဲခနဲ ပြုံးမိသွားကာ ...

"Hi Hi မေဒေး၊ Where r u ? "

"ဘာလုပ်ဖို့ မေးတာလဲ၊ ပြောစရာလား"

သူ့အချစ်တုံးလေးရဲ့ သာယာပျော့ပျောင်းသော ခပ်ဆတ်ဆတ် ဒိုရေမီသံတွေကို သူက ရီးအီစွာ တစ်ချက်ပြုံးလိုက်ရင်း ...





"ဩော် ... မေဒေးနဲ့ တစ်ခုခုသွားစားရင် ကောင်းမလား လို့၊ အဲဒါ မေဒေး အား,မအား လှမ်းမေးတာပါ"

"မစားချင်ပါဘူးဟာ၊ အပြင်ထွက်ရမှာ ပျင်းတယ်ဟ။ weather က မမှန်ဘူး၊ နေပူလိုက် မိုးရွာလိုက်နဲ့၊ အိမ်မှာပဲ ကိုယ့်ဘာသာ အေးဆေးနေတာ ကောင်းတယ်၊ ကော်ဖီလေးသောက်လိုက် စာအုပ်လေးဖတ်လိုက်နဲ့ ဇိမ်ပဲ"

"အဲဒါဆို ငါ နင့်ဆီလာခဲ့မယ်လေ မေဒေး"

"လာခဲ့မယ် ... ဘာလုပ်ဖို့လဲ"

နင့်မျက်နှာလေးကို လာမော်ဖူးဖို့ပေါ့ မေဒေးရယ်။ သူက စိတ်ထဲက အဲဒီလိုတွေးမိပေမယ့်လည်း တကယ်တမ်းကျတော့ အဲဒီလိုမျိုးကြီး ပြောမထွက်ဖြစ်ခဲ့ပါ။

"ထွေထွေထူးထူးတော့မရှိပါဘူး၊ ဒါပေမဲ့ ကိုယ်က မေဒေးကို တွေ့ချင်လို့ပါ။ မတွေ့ရတာ သုံးရက်တောင်ရှိပြီလေ၊ ကိုယ်က စီးရီးသစ်အတွက် အလုပ်ရှုပ်နေပေမယ့် စိတ်ထဲမှာတော့ အမြဲတမ်း မေဒေး ရှိနေတာပါ ...

ကိုယ့်ကို ဒီနေ့ တွေ့ခွင့်ပေးပါနော်"



www.burmeseclassic.com

www.burmeseclassic.com



သူက အောက်ကျခံကာ အပျော့ဆွဲ ဆွဲလိုက်လျှင် မေဒေးဘက်က အသံခဏတိတ်သွားပြီးမှ ခပ်ဆဆလေသံဖြင့် ...

"အင်းလေ ... အဲဒါဆိုလည်း လာတွေ့ပေါ့။ အိမ်မှာရှိတယ်၊ ဒီရက်တွေမှာ နိုင်းက အလုပ်တွေများနေတော့ မေဒေးက အလိုက်သိပြီး မတွေ့တာပါ၊ ညတိုင်း ရီကောဒင်းဝင်နေတော့ နှင် ပင်ပန်းနေမှာပဲနော်"

အင်း ... အဲဒီလိုဆိုတော့လည်း မေဒေးဟာ အမောပြေအားဆေးလေး ဖြစ်သွားပြန်သည်။ သူ့ရည်းစား မေဒေးဟာ သူ့ကိုဆို စပါယ်ရှယ် ဂိုကျမယ်ဆိုပြီး ဆုတောင်းထားလားမသိပါ။ ငယ်သူငယ်ချင်လည်းဖြစ်ပြန်၊ ကြီးလာတော့ ရည်းစားတွေပါ ဖြစ်လာကြတာဆိုတော့ မေဒေးက သူ့ကိုဆို ပြောမနာဆိုမနာ ဘော်ဒါဘွင်းဖရန့်အဖြစ် သတ်မှတ်နေတာဖြစ်သည်။

အခုလက်ရှိ သူ့အခြေအနေနှင့်ဆို မေဒေးထက်လှတဲ့ လန်းတဲ့ ကောင်မလေးတွေများစွာထဲက ကြိုက်ရာကို သူ ခေါင်းခေါက်ရွေးလို့ ရပါသည်။ ဒါပေမဲ့လည်း သူဆိုသည့်ကောင်က ဘာမှမဖြစ်သေးသည့် ချွတ်တားအရွယ် ဆယ်တန်းကျောင်း





သားဘဝထဲက မေဒေးကို ကျိတ်ချစ်နေရတာဖြစ်သည်။ သူ့ရဲ့ တိတ်တိတ်ပုန်း ကြိုးပမ်းမှုဟာ သူအဆိုတော်စလုပ်ခါစမှာ သူငယ်ချင်းတွေရဲ့ ဝိုင်းဝန်းလော်ပေးမှုကြောင့် အရာထင်သွားခဲ့ပါသည်။ ဘာပဲဖြစ်ဖြစ် မေဒေးဟာ သူ့ရဲ့အချစ်ဦးပဲဖြစ်၏။

မေဒေးနှင့် ပတ်သက်လို့ ရေးဖြစ်ခဲ့တဲ့ သီချင်းတိုင်းလိုလိုဟာလည်း လူငယ်တွေကြား ရေပန်းစားတဲ့ ပေါက်သီချင်းတွေ ဖြစ်ခဲ့ပါသည်။ ပြောရရင်တော့ မေဒေးဟာ သူ နာမည်ကျော်ရက်(ပ်)ပါတစ်ယောက် ဖြစ်လာစေသည့် အဓိက supporter တစ်ယောက်ပဲ ဖြစ်ပါသည်။

"ဟယ်လို ... ဟဲ့ ... ကြားလား"

သူက စက္ကန့်ပိုင်းလောက် အသံတိတ်သွားတာကြောင့် မေဒေးက လိုင်းပြတ်သွားပြီအထင်နှင့် "ဟဲ့ ... ကြားလား"ဆိုမှ သတိပြန်ဝင်ကာ ...

"ဩော် ... အင်း ... ဒီနားမှာက တိုင်သိပ်မမိလို့ဟ။ အဲဒါဆို ကိုယ်လာခဲ့မယ်နော် မေဒေး"

"အင်း ... လာခဲ့ စောင့်နေမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ဘာဝယ်ခဲ့ရဦးမလဲ။ မေဒေး ဘာစားမလဲ"

"တော်ပါ ... ဒီကပဲ ချည့်ခံမှာပါ၊ ဒါပဲနော် စောင့်နေမယ်"

မေဒေးက ဖုန်းပိတ်သွားသောအခါ သူဟာ ချက်ချင်း ပင် သွားဖို့ပြင်ဆင်ရတော့သည်။ သူ့ရဲ့အလုပ်ခန်းထဲကထွက်ကာ အိပ်ခန်းထဲဝင်၍ မှန်ရှေ့မှာ ပြင်ရဆင်ရတော့သည်။ စွပ်ကျယ် အဖြူကို ပင့်ချွတ်လိုက်ရင်း ဗီရိုထဲက ဒီဇိုင်းသစ် BSX တီရှပ်မိုးပြာ ရောင်ကို ပြောက်ကျားဘောင်းဘီကွာတားဖြင့် တွဲဖက်ဝတ်လိုက် သည်။ ပြီးတော့ Davidoff ရေမွှေးကို ဆွတ်ဖျန်းပြီးနောက် သူ့ ရုပ်သူ မှန်ထဲပြန်ကြည့်လိုက်လျှင် တော်တော်အဆင်ပြေသွားပါ သည်။

celebrity တစ်ယောက်ဖြစ်တဲ့ သူဟာ အဲဒီလို celebrity မဖြစ်ခင်ကတည်းက smart and style ဆိုသည့် ဘောင်ထဲမှာနေကာ ခပ်လန်းလန်းဖြစ်ခဲ့တာကြောင့် အရင်ကတည်း က ကောင်မလေးတွေ ကြည်သူဖြစ်ပါသည်။ နဂိုဇရုပ်ခံလေးရှိပြီး သားကိုမှ ထပ်၍အရောင်တက်သွားအောင် အောင်မြင်မှုအရှိန်လေး





က ဟပ်သွားတာကြောင့် လူကြားသူကြားမှာဆို ထင်းခနဲဖြစ်နေ တတ်ပါသည်။

ဒါပေမဲ့ သူက ဘယ်လောက်ပဲ အောင်မြင် အောင် မြင် မေဒေးမှ မေဒေးဖြစ်နေသည့်အတွက် သူ့ရဲ့သစ္စာတရားကို သူ အရမ်း proud ဖြစ်ရပါသည်။

အဲဒီလိုဖြင့် အားလုံးပြင်ပြီးနောက် မေဒေးဆီသွားဖို့ အောက်အဆင်းမှာ မေဒေးဆီက ဖုန်းဝင်လာလျှင် သူကဘာပါလိမ့် ဆိုပြီး ဖုန်းအမြန်ကိုင်ရပါသည်။

"မေဒေး ... ဘာဖြစ်လို့လဲ"

"ဟိုဟာ ... နင် ထွက်လာပြီလား နိုင်း"

"အခု ထွက်လာတော့မှာ"

"အဲဒါဆိုရင်လေ နင် ကြုံတယ်ဆို နင့်ခတ်ပုံလေးပုံလောက် လက်မှတ်ထိုးပြီး ယူခဲ့ပေးပါဟယ်။ ငါ့သူငယ်ချင်းညီမတွေ က နင့်လက်မှတ်ပါတဲ့ နင့်ခတ်ပုံ ငါ့ကိုတောင်းနိုင်းနေလို့ ဟဲ့၊ ငါ အခုမှ သတိရလို့ နင့်ကို ဖုန်းဆက်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ခြော် ... အိုခေ ... အိုခေ ယူခဲ့လိုက်မယ်လေ"

မေဒေးက သူမှာစရာရှိတာမှာပြီးနောက် thank you ဟု ခပ်တိုးတိုးပြောကာ ဖုန်းချသွားခဲ့သည်။ နိုင်သည် သွားခါနီး ဆဲဆဲမှာ အလျင်အမြန်ပင် အပေါ်တစ်ခေါက် ပြန်တက်ကာ သူ့ဓာတ်ပုံတွေကို သွားယူရပါသည်။ အဲဒီလို သူ့ပရိသတ်တွေက ဓာတ်ပုံတောင်းတတ်တာမို့ သူက ပုံတွေကို များများကူးထားတာမို့ ဓာတ်ပုံတောင်းလာလျှင် ရယ်ဒီဖြစ်သည်။ နိုင်သည် ဓာတ်ပုံယူပြီးနောက် မေဒေးဆီသို့ ထွက်လာခဲ့တော့သည်။

သူတို့သမီးရည်းစားနှစ်ယောက်ရဲ့ တွေ့ဆုံမှုဟာ သူများစုံတွဲတွေလို ဟိုဟိုဒီဒီ လျှောက်သွားခဲ့ခြင်း မရှိပါ။ မေဒေးအိမ်မှာတွေ့ချင်တွေ့၊ မတွေ့ရင် coffee circles ထိုင်ချင်ထိုင်ဒါမှမဟုတ်လည်း ဆာကူရာတာ၀ါ အထပ်နှစ်ဆယ်မှာ ကော်ဖီသောက် ရှုခင်းအလှတွေခံစားရင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ စကားပြောဖြစ်ကြတာမျိုးဖြစ်သည်။

မိဘတွေကလည်း ရိပ်မိသလိုရှိကာ သဘောတူ၍ ဘာမှမပြောတာကြောင့် သူတို့စုံတွဲဟာ အေးအေးဆေးဆေးပင်





ဖြစ်သည်။ မေဒေးကို သူက Just for fun သဘောမျိုးမဟုတ်ဘဲ လက်တွဲဖို့ထိ ရည်ရွယ်ထားပြီး ချစ်တာကြောင့် မေဒေးကို သူက သည်းသည်းလှုပ် စာရင်းထဲ ထည့်ထားတာဖြစ်သည်။

သိပ်မကြာခင်မှာပဲ သူက မေဒေးအိမ် ရောက်သွားသောအခါ မေဒေးရဲ့မိခင်ကို ဖောရှောတော်လ်ကီ သွားပစ်လိုက်သေးသည်။ ယောက္ခထီးလောင်းကြီးကတော့ ဒီအချိန်ဆို ကုမ္ပဏီမှာပဲဆိုတာ သိနေတာကြောင့် သူက မေဒေးဆီလာရင် ဒီအချိန်ပဲ ရွေးလာနေကြဖြစ်၏။ မေဒေးမေမေနှင့် လေပစ်ပြီးနောက်မှာတော့ ရုပ်ရှင်တွေထဲကလိုပင် လူငယ်ချင်း ခြံထဲမှာ အေးအေးဆေးဆေး စကားပြောဖြစ်ပါသည်။

"နင် ထမင်းကော စားပြီးသွားပြီလား နိုင်း။ မစားရသေးရင် စားသွားလေ၊ အိမ်မှာ ဒီနေ့ နင်ကြိုက်တဲ့ ငါးရှလယ် သမားချက် ချက်ထားတယ်"

သူ့ကို စေတနာအပြည့်ဖြင့် ထမင်းကျွေးနေသော မေဒေးရဲ့ဖြူစင်ဝင်းမွတ်နေသော မျက်နှာဖူးဖူးလေးကို တရှိုက်မက်မက် ငေးကြည့်ရင်းကနေ အပြုံးတစ်ချက်ဖြင့် ပြန်ဖြေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ ... မစားတော့ပါဘူး။ မေဒေးရဲ့မျက်နှာလေးကို မြင်လိုက်ရတာနဲ့တင် ကိုယ်က အာဟာရသိဒ္ဓိ ပြီးသွားပြီ... ဟဲ ဟဲ"

"သွားပါ ... အပိုတွေ။ ဪ ... ငါမှာတဲ့ ဓာတ်ပုံတွေပါလား"

"ပါပါ့ဗျား ... ရော့"

သူက ဘောင်းဘီရဲ့ဘာဂျာအိတ်ထဲက ဓာတ်ပုံတွေကို ထုတ်ပေးလိုက်လျှင် မေဒေးက သူ့ရဲ့ပဲပေးထားသော ပုံတွေကိုကြည့်ရင်းက ဒီလိုမှတ်ချက်ပေးလာပါသည်။

"အင်း ... ဒီလိုကျတော့လည်း နင်က ချောသားပဲ နိုင်းရဲ့။ ဘယ်လိုလဲ ... မင်းသားပါ လုပ်လိုက်ပါလား။ ဟိုတစ်ခါ နင့်ရဲ့တီရှပ်ကြော်ငြာက ပေါက်ထားတာပဲဟာကို"

"တော်ပါကွာ၊ ကိုယ့်ဘာသာ အေးဆေးသီချင်းပဲဆိုပါရစေ၊ တော်ကြာ ငါ မင်းသားလုပ်လိုက်လို့ ငါ့နားမှာ ကောင်မလေးတွေဝိုင်းပြီး ငါ့ကိုဆွဲစိသွားရင် နင် ငိုနေဦးမယ်"





သူ့ရဲ့နောက်ချွတ်ချွတ် အပြောကို မေဒေးက တဟားဟား အော်ရယ်ကာ သူ့လက်မောင်းကို ဖြန်းခနဲရိုက်၍ ...

"အိုး ... ငိုစရာလား နိုင်းမြစ်သောင်ယံရယ်။ နင် တခြားကောင်မလေးတွေ မရသေးခင်မှာ ငါက တခြားဘဲနဲ့ယူသွားမှ ငုတ်တုတ် မေ့နေဦးမယ်"

မေဒေးစကားကြောင့် သူက အီးမှန်ထားသောမျက်နှာဖြင့် မဲ့ပြုံးပြုံးကာ သိချင်စိတ်ကြောင့် မငုံ့မရဲ မေးရလေသည်။

"ဘာလဲ ... မေဒေး နင်က ငါ့ကို လက်ထပ်ဖို့ထိ မရည်ရွယ်ထားဘူးလား။ ငါ့ကို Just for fun တွဲနေတာလား"

သူ့မေးခွန်းကို မေဒေးက ဘာမှတွေဝေတုံ့ဆိုင်းခြင်းမရှိဘဲ ပေါ့ပေါ့ပါးပါးပင် ဖြန်ဖြေပါသည်။

"အနာဂတ်ဆိုတာ ဘာမှ ကံသေကံမ ပြောလို့ရတာမဟုတ်ဘူး။ အဲဒီအတွက် ဘာမှရင်ပူပြီး ခံစားနေလို့ မရသလို စိတ်ကူးယဉ်ပြီး ကြိုတွက်ထားလို့လည်း မရဘူး"

မေဒေးကတော့ အေးအေးဆေးဆေးလေး ပြောသွားတာ ဖြစ်ပေမယ့် သူကတော့ မေဒေးစကားကို လက်မခံပါချေ။



www.burmeseclassic.com

www.burmeseclassic.com



အနာဂတ်ဆိုတာ ကံသေကံမပြောမရပေမယ့် ကိုယ့်ဘက်က sure ဖြစ်တဲ့ စီမံကိန်းတွေနှင့် ကြိုအကွက်ချထားရင် ကိုယ်ဖြစ်ချင်တာ ဖြစ်တာပဲပေါ့။

for example: သူ့ကိုယ်ပဲ ကြည့်လေ။ နာမည်ကြီး အဆိုတော်ဖြစ်ချင်လို့ အဆိုတော် မလုပ်ခင်ကတည်းက ကြိုတင်ပြီး plan တွေလုပ်ထားပြီး စီစဉ်တယ်။ အဲဒီရလဒ်အနေနဲ့ သူဟာ နာမည်ကျော်ဆိုတော်တစ်ယောက် celebrity တစ်ယောက်အဖြစ်နဲ့ ရပ်တည်နိုင်ခဲ့ပြီပဲ။ မေဒေးအတွေးက မဟုတ်သေးပါဘူး။

သူက မေဒေးရဲ့အဖြေစကားကြောင့် ရင်တွေပူကာ ဟိုတွေးဒီတွေးဖြင့် အမျိုးစုံစဉ်းစားကာ ယောက်ယက်ခတ်နေတာကို အလိုက်သိတတ်သည့် ချစ်သူက ပြုံးမြမြမျက်နှာထားဖြင့် ...

"ငါ့စကားကြောင့် ဘာမှစိတ်ရှုပ်သွားမနေနဲ့။ လာ ... ကော်ဖီအေးတိုက်မယ်"

သူ ရင်ပူတာကို ရင်အေးသွားအောင် မေဒေးက သူမရဲ့အကြင်နာတွေ ရောစပ်ကာ Robusta ကော်ဖီကို Ice coffee အသွင်ပြောင်း၍ သူ့ကိုတိုက်ပါသည်။ အချစ်ဆိုတာကို





ကော်ဖီနှင့် တင်စားရမယ်ဆိုရင်တော့ သူမနှင့်ပတ်သက်လို့ ပြောရမည်ဆိုလျှင် သူကြိုက်ရသည့် Robusta ကော်ဖီကို ပူပူမတိုက်ဘဲ အေးအေးလေးသာ တိုက်တတ်သူ ဖြစ်တာကြောင့် မေဒေးရဲ့ အချစ်တွေဟာ သူ့ကိုဆို အေးအေးဆေးဆေးနှင့် အေးချမ်းလှပါသည်။

*O*



www.burmeseclassic.com

www.burmeseclassic.com



## ၂

"ဘယ်လိုလဲ … သံစဉ်။ ငါ စုံစမ်းခိုင်းထားတဲ့ကိစ္စ အဆင်ပြေပြီလား။ ဘာထူးသေးလဲ"

မဒေးက ခြံထဲဆင်းပြီး သံစဉ့်ဆီ ဖုန်းခေါ်ကာ မေးမြန်းရတာဖြစ်သည်။ အချိန်က မဒေးအတွက် အခုချိန်မှာ အရမ်းကို တန်ဖိုးရှိနေတာ။ မဒေး အဲဒီကိစ္စကို သိရမှ မြန်မြန် ဖြတ်နိုင်မှာဖြစ်သည်။ နို့မို့ဆို ကြာသွားရင် မဒေးအတွက် ရင်နာစရာတွေ ဖြစ်လာနိုင်တာမို့ မဒေးက သူ့အကြောင်းကို မရမက စုံစမ်းနေရတာဖြစ်သည်။

"ထူးတော့ ထူးတယ်ဟ၊ ဒီတစ်ခါက ဟိုအရင်ကလိုမျိုးတော့ မဟုတ်ဘူးနော်။ ကြည့်ရတာ အတည်ကြီးလားမသိ





ဘူး။ သူက perfect မဟုတ်ပေမယ့် nearly pfefect ဖြစ်နေတယ်၊ နင်တော့ တော်တော်အုံးစားမယ် ထင်တယ်"

မဒေးသည် အဲဒီစကားကြောင့် ဟင်းခနဲသောင် အသံထွက်ပြီး သက်ပြင်းချမိသွားသည်။ တကယ်ပါပဲ … စိတ်ညစ်ရတယ်။

မဒေးမှာလည်း အင်မတန်ကို ဝင့်ကြီးတာပဲဖြစ်သည်။ မဒေးရဲ့စိတ်ကို နားလည်မပေးနိုင်ဘူးဆိုရင် မဒေးဟာ အင်မတန်မှ စိတ်ပုပ်ကာ ယုတ်မာတယ်လို့တောင် သတ်မှတ်ရမှာဖြစ်သည်။

သူနှင့်ပတ်သက်ခွင့်တွေကို ဒီ့ထက်ပိုချင်လို လုပ်နေရတဲ့ မဒေးဟာ တကယ်ပဲ လူဆိုးမဖြစ်ပါသည်။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် မဒေးရဲ့စိတ်ဆန္ဒကို အလိုလိုက်ကာ မိုက်ရတာကို ကိုယ့်ဘာသာ နားလည်ပါသည်။

"သေချာရဲ့လားဟင် … တကယ်ပဲ သူက ပြစ်ချက်တစ်ကွက်မှ မရှိဘူးလား။ သူ့ရဲ့ weak point ကဘာလဲဆိုတာ နင် မသိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... သူက ထောက်ပြစရာ ဘာမှကြီးကြီးမားမား weak point မရှိဘူး မေဒေးရဲ့။ ငါသိသလောက်တော့ သူက 100 % perfect မဖြစ်အောင် 90% လောက်တော့ဖြစ်တယ်။ ဒါကြောင့်မို့လည်း သူ့ကို ဟိုက တမ်းတမ်းစွဲဖြစ်သွားတာနေမှာ"

တမ်းတမ်းစွဲဆိုတာကြောင့် မေဒေးက ဒေါသတွေ အလိပ်လိုက် အလိပ်လိုက် တက်လာရတော့သည်။ လောကကြီးက အရမ်းလွန်လွန်းတာပဲ။ မေဒေးဟာ ဟိုဘဝက ဘာတွေများ လုပ်ခဲ့လို့ ဒီဘဝမှာ ဝဋ်ကြီးကြီးခံနေရပါလိမ့်။ ဖြစ်နိုင်ရင် မေဒေးဟာ မကျေမနပ်စိတ်ကြောင့် စိတ်ထဲရှိတဲ့အတိုင်း ပွင့်လင်းပြီး ပေါက်ကွဲပစ်လိုက်ချင်သည်။

ဘေးနားမှာ တစ်ချိန်လုံးရှိနေပါရက်၊ ဂရုစိုက်နေ၊ ကြင်နာနေပါရက်နှင့် မမြင်ဘဲ ချော်တောငေါ့ပြီး ကိုယ်ကလွဲလို့ ကျန်တဲ့မိန်းကလေးအားလုံးကို အကြွေးဆပ်သလိုကို အကြင်နာတွေ ပေးနေသော သူ့ကို မေဒေးက စိတ်ကုန်ချင်သော်လည်း စိတ်မကုန်နိုင်ဘဲ ဆထက်တံပိုး မေတ္တာပန်းအိုးကြီးဟာ အသီးအပွင့် လှိုင်လှိုင်ဖြင့် လှပစွာ ပွင့်ဖူးနေဆဲ။





စာဖတ်သူပရိသတ်တို့အနေဖြင့် မေဒေးရဲ့အကြောင်းစုံကို လုံးစေ့ပတ်စေ့သိလျှင် မေဒေးကို ဘယ်လိုဝေဖန်ပေးမှာလဲ။ ဒါပေမဲ့ ဒီလိုခံစားချက်မျိုး ရှိထားဖူးတဲ့ (သို့မဟုတ်) ရှိနေတဲ့ စာဖတ်သူမှသာ မေဒေးကို "ဩော် ..."ဆိုပြီး ကိုယ်ချင်းစာပေးလို့ ရမှာဖြစ်သည်။

မေဒေးကတော့ မေဒေးရဲ့လုပ်ရပ်တိုင်းအတွက် မှန်ကန်တယ်လို့ မဆိုချင်ပေမယ့် ဆက်လုပ်နေဆဲပင်ဖြစ်သည်။

"မေဒေး ... ဒီတစ်ခါတော့ နင် နောက်ဆုတ်ပေးရတော့မယ်ထင်တယ်။ ကိုစစ်နေကွန်းက သူ့ကို လက်ထပ်ဖို့ ရည်ရွယ်နေပုံပဲ"

"အာ ... ငါ အဲလိုမျိုး အဖြစ်မခံနိုင်ပါဘူး။ သံစဉ်ရယ် ငါ ကိုကြီးကို ဘယ်လိုနည်းနဲ့မှ လက်လွှတ်အဆုံးရှုံးမခံနိုင်တာ နင်သိရဲ့သားနဲ့။ ငါကတော့ ကိုကြီးနဲ့ ခင်လမင်းကိစ္စကို မရ,ရအောင်ဖျက်မှာပဲ။ ငါချစ်တဲ့ ကိုကြီးကို ဘယ်သူနဲ့မှ မကြည်ဖြူနိုင်ဘူး၊ ငါမပိုင်ရရင်တောင် ငါ ကိုကြီးကို ဘယ်သူ့လက်ထဲမှ မထည့်ပေးနိုင်ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ငါ့ရဲ့အကြီးမားဆုံး အတ္တပဲ”

မေဒေးစကားကြောင့် သံစဉ်က ဘာပြောရမှန်းမသိစွာ နှုတ်ဆိတ်နေ,နေပါသည်။ အဲဒါ မေဒေး ရင်ထဲကလာတဲ့ မှန်သောစကားပါ။

မေဒေးရဲ့ကိုကြီးဟာ မေဒေးအတွက် မဖြစ်နိုင်တော့ဘူး ဆိုရင်တောင် မေဒေးက ဆက်ချစ်နေဦးမှာ ဖြစ်သည်။ ကိုကြီးဟာ မေဒေးရဲ့အိပ်မက်ကမ္ဘာထဲက စိတ်ကူးယဉ်မင်းသားလေးပဲဖြစ်သည်။

မေဒေးရဲ့ study guide အဖြစ် မေဒေးဘေးနားမှာ တောက်လျှောက်ရှိနေခဲ့သော သူဟာ မေဒေးကို ကိုယ့်ညီမအရင်းလေးလို ဂရုစိုက်တဲ့ နွေးထွေးမှုတွေဟာ ကြာလာတော့ မေဒေးအတွက် ရင်ခုန်စရာတွေ ဖြစ်လာကာ တဖြည်းဖြည်း စွဲလမ်းလာခဲ့တာဟာ မေဒေးရဲ့အားကိုးရာအဖြစ် သတ်မှတ်ခဲ့သည်အထိပင်။ မေဒေးရဲ့ချွဲနွဲ့မှုတွေ၊ ဂျီကျတာတွေကို တစ်စက်ကလေးမှ မညည်းညူဘဲ ဖြည့်ဆည်းပေးမှုတွေဟာ မေဒေးအတွက်တော့ အချစ်တွေ ဖြစ်စေခဲ့ပါသည်။





“အင်းလေ ... ဘာပဲဖြစ်ဖြစ်ပေါ့၊ နင် တစ်ခု အမြဲတမ်း မှတ်ထားရမှာက ကိုစစ်နေကွန်းကို ဆိုင်ချင်ပိုင်ချင်လို့ နင် ကြိုးစားကြည့်တာနော်။ ဆိုင်နေပိုင်နေလို့ ထင်တိုင်း ကြိုနေတာမဟုတ်ဘူး ဆိုတာပဲ ...

နင်လည်း စိတ်ကို relax လုပ်လိုက်ပါဦး။ နင်အရမ်းပင်ပန်းနေပြီ။ နားလိုက်ဦး ... ငါထူးမှ ပြန်ဆက်ပေးမယ်။ ဒါပဲနော်”

သံစဉ်က ဖုန်းချလို့သွားပေမယ့် မေဒေးကတော့ အတွေးပွားနေဆဲပဲဖြစ်သည်။ ဆိုင်ချင်ပိုင်ချင်လို့ ကြိုးစားကြည့်တာတဲ့။ ကိုကြီးရဲ့ဆိုင်သူပိုင်သူ ဖြစ်လာဖို့ မေဒေး ကြိုးစားနေရတာ ကြာလှပါပြီ။ ဒါပေမဲ့ မေဒေးရဲ့ကြိုးစားမှုတွေက အရာကို မထင်သေးပါပေ။ အဲဒီအတွက် မေဒေး ခံစားရသလို ရင်နာရပါသည်။

မေဒေးက တွေးရင်းဖြင့် တွေဝေနေချိန်မှာပဲ ခြံထဲသို့ ကိုကြီးရဲ့ latest ဘောက်(စ်)ဝက်ဂွန်ကားအဝါလေးက ဝင်ချ



www.burmeseclassic.com

www.burmeseclassic.com



လာလျှင် အဲဒါဟာ ကိုကြီးဆိုတာ မေဒေးက အတပ်သိကာ ချက်ချင်းပင် ပြုံးပျော်သွားရသည်။ ကိုကြီးက မေဒေးကို ပြုံးစေပျော်စေနိုင်သည့် ဂုဏ်သတ္တိရှိပါသည်။

မေဒေးသည် ကိုကြီးရဲ့မျက်နှာ မြင်ရတာနှင့် ever smile ဖြစ်နေတတ်သည့်လူမျိုး ဖြစ်ပါသည်။ ဒါကြောင့်မို့လည်း မေဒေးရဲ့ရင်ထဲက ခံစားချက် အစစ်တွေကို ကိုကြီး မမြင်ခဲ့တာ ဖြစ်နိုင်သည်။

"ကိုကြီး ... ဘယ်ကဘယ်လို ရောက်ချလာတာလဲ"

မေဒေးက ကားထဲမှ ကိုကြီးကို မြင်ရအောင် ကားတံခါးပေါင်ကို လက်ထောက်ကာ ကိုယ်ကိုနည်းနည်းကိုင်း၍မေးလိုက်တာဖြစ်သည်။ မေဒေးရဲ့အမေးကြောင့် ကိုကြီးက အရမ်းကိုမက်မောချင်စရာကောင်းသည့် အပြုံးတစ်ခုကိုပြုံးကာ ကားပေါ်ကဆင်းလိုက်လျှင် မေဒေးဟာ ဘာတွေညာတွေ မဆိုထားနှင့်ဦး။ ကိုကြီးရဲ့အဝတ်အစား ဒီဇိုင်းနှင့် ဖက်ရှင်ကြောင့် ရင်တွေခုန်လာကာ ကိုကြီးကို တမေ့တမော ငေးမိသွားတော့သည်။





လက်ပြတ်အနက်ရောင်ကိုမှ အပေါ်က လက်ပြတ်ဝေ့စကုတ်ထပ်ဝတ်ကာ TBY ဂျင်းစိုစိုနှင့် All star စီးထားသော ကိုကြီးဒီဇိုင်းဟာ ရှိရင်းစွဲအသက်ထက် ပိုနုနယ်ကာ မြင်လိုက်တာနှင့် ဆယ်ကျော်သက်တွေတောင် ရင်တွေ ဘာတွေ ဖြုန်းခနဲထခုန်သွားနိုင်မည့် အဆင့်မျိုးလေးဖြစ်ပါသည်။

မေဒေးရဲ့ကိုကြီးက ဘာပဲဝတ်ဝတ် body figure အရမ်းလှကာ နိုင်ငံခြားမင်းသားတွေလို six part ကြွက်သားမြောင်းကွက်တွေ ရှိတာကြောင့် ဖစ်တင်တီရှပ်ပဲ ဝတ်မလား၊ အော်လ်တာရှပ်ပဲ ဝတ်မလား ဘာပဲဝတ်ဝတ် အလန်းဒီဇိုင်းမျိုး ဖြစ်သည်။

မေဒေးဟာ လောလောဆယ်မှာတော့ ကိုကြီးရဲ့ဖြူနုဝင်းမွတ်နေသော ကျစ်လစ်တောင့်တင်းလှပသည့် လက်မောင်းသား၊ လက်ဖျံတို့ကို ငေးမောနေရင်းကမှ မျက်လုံးအကြည့်ကို လွှဲဖယ်လိုက်ကာ ကိုကြီးကို မေးဆတ်ပြရင်း ...

"ဒီနေ့ အရမ်းသားနားနေပါလား၊ where u go ? "



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှမသွားပါဘူးကွာ၊ သွားပြီးတော့ ပြန်လာတာ၊ ဒီနေ့ ခင်လေးနဲ့ date ထားတာလေ။ အဲဒါတွေ့ပြီးပြန်လာတာ၊ ရုံးလည်းမပြန်ချင်တော့တာနဲ့ မေဒေးဆီ ဝင်လာတာလေ။ ဘယ်လိုလဲ ... ညည်းကော ကိုအုပ်ဆီမှာ အလုပ်ဝင်ဖို့ ရယ်ဒီပဲမလား"

ကိုကြီးက ခြထဲက မြက်ခင်းပြင်ပေါ်သို့ လျှောက်သွားရင်းက မေဒေးကို အကြောင်းစုံ ပြောပြလေသည်။ ဘုရားရေ ... ရည်းစားကို သွားချိန်းတွေ့တာ ဒီလို လန်လန့်လန်းဖက်ရှင်နှင့် သွားတွေ့တော့ ဟိုက ချူဆီတွေ ဂူချီတွေထည့်ပြီး မခွဲနိုင်မခွာရက်တွေ ဖြစ်ကုန်တော့မှာပေါ့။

မေဒေးဟာ ပြီးခဲ့တဲ့နာရီတွေက ကိုကြီးရဲ့လက်မောင်းကို အပိုင်စားရထားသည့် ခင်လမင်း ဆိုသည့်မိန်းမကို မနာလိုတိုရှည် ဖြစ်မိသွားပါသည်။ ဒါပေမဲ့လည်း မေဒေးဟာ တစ်စက်ကလေးမှ အပြုံးမပျက်ပါဘဲ ကိုကြီးနှင့်အတူ ကုက္ကိုသားခုံမှာ ဝင်ထိုင်ရင်းက ကိုကြီးမေးတာကိုပဲ ဖြေမိပါသည်။





"မလုပ်ချင်ပါဘူး ကိုကြီးရာ၊ မေဒေးက ကုမ္ပဏီဝန်ထမ်း မလုပ်ချင်ပါဘူး။ ကုမ္ပဏီပိုင်ရှင်ပဲ လုပ်ချင်တာ။ အဲဒါကြောင့် ကိုအုပ်တို့ကုမ္ပဏီမှာ ဝင်လုပ်ဖို့ လုံးဝဆန္ဒမရှိပါ"

"ဟင်း ... ပြောလိုက်ရင် ဒီတိုင်းချည်းပဲ။ ဒီမှာ ... ခင်ဗျား ကိုယ်ခင်ဗျား ကလေးလို့ ထင်နေတုန်းပဲလား။ အသက်ပဲ ဘယ်လောက်ရှိနေပြီလဲ"

"21 လေ ... ငယ်ပါသေးတယ်"

မေဒေးက ကိုကြီးကို ပြောင်စပ်စပ်မျက်နှာဖြင့် နောက်လိုက်လျှင် မေဒေးကိုဆို အမြဲကြည်ဖြူခွင့်လွှတ်နေသော ကိုကြီးကို မနိုင်ဘူးဆိုသည့် အဓိပ္ပာယ်ပါသော အပြုံးကို ပြုံးကြည့်ကာ မေဒေးရဲ့ခေါင်းကို ဒုံခနဲထု၍ ...

"ဟွန်း ... မပြောတော့ဘူးဟေ့။ ပြောချင်စိတ်လည်းမရှိတော့ဘူး၊ သွား ... ကိုကြီးအတွက် အအေးလုပ်ပေးကွာ"

"ဟုတ် ... သုံးမိနစ်ပဲစောင့်"

မေဒေးက ကိုကြီးရဲ့အကြိုက်ကို သိနေစွာ ကိုကြီးရဲ့ မျက်နှာရိပ်မျက်နှာကဲကိုလည်း ဖတ်တတ်သူလည်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးကတော့ မေဒေးကို အပေါ်ယံသာ မြင်တတ်ခဲ့ပြီး အတွင်း စိတ်ကိုတော့ မဖတ်နိုင်ခဲ့ပါ။ အဲဒါကြောင့် မေဒေးရဲ့ချွဲနွဲ့သည့် အပြုအမူတွေကို ညီမလေးလို သဘောထားပြီး လက်ခံနေတာဖြစ် မှာပေါ့။

'မေဒေးသည် ဒိုင်းနုင်းရှမ်းထဲမှာ ကိုကြီးသောက်ဖို့ အတွက် အအေးစီစဉ်ပေးပါသည်။ Sprite ဘူးကို ရေခဲသေတ္တာ ထဲကထုတ်ကာ ဖောက်၍ ဖန်ခွက်လှလှလေးထဲထည့်ပြီးနောက် ရေခဲနှစ်တုံးလောက် ခွက်ထဲပစ်ထည့်ကာ အဆုံးသတ်အနေဖြင့် သံပရာသီးညှစ်လိုက်ကာ ဖွန်းဖြင့်မွှေလိုက်ပါသည်။ အိုခေ ... အဲဒါဆို ကိုကြီးရဲ့အကြိုက်ပဲဖြစ်သည်။

မေဒေးသည် ဗန်းပေါ်သို့အအေးခွက်တင်ကာ ပန်း ကန်တစ်ချပ်ယူ၍ ကိုကြီးအကြိုက် နှုတ်ခမ်းမွှေးအာလူးကြော်အူး ထဲမှ အာလူးကြော်တွေကို ... ခြင်းထဲသို့ ပြန်ထွက်လာတော့ သည်။

ဗန်းထဲမှာပါလာတဲ့ အစားအသောက်တွေကြောင့် ကိုကြီးဟာ ကျေနပ်သွားဟန်ဖြင့် တစ်ချက်ပြုံးကာ ...





"အရမ်းတော်တာပဲ မေဒေးရယ်၊ အဲဒီတော့ ဆုချတဲ့အနေနဲ့ ကိုကြီးက Junction Mawtin လိုက်ပို့ပေးမယ်၊ You follow with me ! "

အဲဒီအပြောတွေကြောင့် မေဒေးဟာ ရင်ထဲမှာပျား ရည်မြစ်တစ်စင်း ဖြတ်ဆင်းသွားသလို ခံစားရလေသည်။ အဲဒီလို မျိုး နှစ်ခါတောင် ခေါ်စရာမလိုပါ။ မေဒေးသည် ကိုကြီးနဲ့ဆို ရေပြည်ဆင်းပြီး ရေသာ့ကို သွားခေါင်းခေါက်ရသည်အထိ သစ္စာ ရှိသူတစ်ယောက် ဖြစ်ပါသည်။

"လိုက်မှာပေါ့ ကိုကြီးရ၊ ဘယ်တော့ သွားမှာလဲ"

"အခုပဲ ... ကိုယ်က cosmetic ဝယ်စရာရှိသေးလို့။ လိုက် မယ်ဆို သွား ... အဝတ်အစားသွားလဲ၊ ရှယ်ပြင်လာခဲ့၊ ဒီမှာစားရင်း စောင့်နေမယ် အိုခေ"

မေဒေးက ခေါင်းကိုသွက်သွက်ညိတ်ကာ အိမ်ထဲ ဝင်ပြီး ပြင်ဆင်ရတော့သည်။ ကိုကြီးကတော့ မေမေ့ကို ခွင့်တောင်း နေသံ ကြားရပါသည်။ အဲဒါတွေကြောင့် ကိုကြီးက ချစ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတာ။ မေဒေးသည် ထူးထွေစွာ အဝတ်အစားကိစ္စ စဉ်းစားနေစရာမလိုပါ။ ကိုကြီးနှင့် တမင်တကာ ဆင်တူဖြစ်အောင် police စွပ်ကျယ်အဖြူကို အပေါ်က ဂျင်းလက်ပြတ် ဝတ်စကုတ်ထပ်ဝတ်ကာ Nobody skinny ဂျင်းဖြင့် အထာကျစေပါသည်။ ကိုကြီးနှင့် အပြင်ထွက်တိုင်း မေဒေးက ကမ်းခြေဆန်တဲ့ ချိုအီလတ်ဆတ်သောရနံ့ဖြစ်သည့် Bvlgari (BLV) ရေမွှေးကို ဆွတ်ဖျန်းကာ ဒိုင်ခွက်ကြီးကြီးနာရီ ကောက်ပတ်၍ Gucci အိတ်ဘေးလွယ်ကာ အောက်ထပ်သို့ ပြန်ဆင်းလာခဲ့တော့သည်။

"မေမေ ... သမီး ကိုကြီးနဲ့ ရှော့ပင်းသွားလိုက်ဦးမယ်နော်"

မေမေနဲ့ စကားလက်ဆုံကျနေသော ကိုကြီးရဲ့မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်ကာ မေမေ့ဆီက ခွင့်တောင်းလိုက်လျှင် မေမေက အပြုံးတစ်ချက်ဖြင့် ...

"အေး ... အေး သွားလေ။ မုန့်ဖိုးပါတယ်နော်"

"Yes mame ... အဲဒါဆို သွားပြီနော် တာတာ့"





မေမေ့ကို နှုတ်ဆက်ကာ ကိုကြီးနှင့်အတူ ထွက်လာခဲ့တော့သည်။ အပြင်ရောက်တော့မှ ကိုကြီးက မေဒေးရဲ့ပုံစံကို သတိထားကြည့်ကာ ပြုံးလိုက်၍ ...

"ဟား ... မေဒေးနဲ့ကိုယ်က ဆင်တူဒီဇိုင်းပဲဟော့။ မိုက်တယ် မိုက်တယ်"

မေဒေးက အဲဒီလိုဖြစ်အောင် တမင်ရွေးချယ်ခဲ့တယ်ဆိုတာ ကိုကြီး သိသည်ဖြစ်စေ၊ မသိဘူးဖြစ်စေ မေဒေးကတော့ ကိုကြီးရဲ့ရိုးကျူးမှုအောက်မှာ ကျေနပ်နေသူ ဖြစ်ပါသည်။ အဲဒီလိုနှင့် မေဒေးသည် ကိုကြီးရဲ့ဘေးနားကနေ ခပ်ယို့ယို့ လိုက်ပါခဲ့ရတာကိုပဲ ကျိတ်ဂုဏ်ယူကာ ပီတိဖြာနေသူ ဖြစ်ပါသည်။ ကိုကြီးက သူသုံးနေကျ Tonymoly ရဲ့ cosmetic တွေ လာဝယ်တာကို မေဒေးအား အဖော်ခေါ်လာတာဖြစ်သည်။ မေဒေးကတော့ ကိုကြီးအနားမှာ နေခွင့်ရတာကိုပဲ ပီတိဖြာနေရတာဖြစ်သည်။

အဲဒီလိုနှင့် မေဒေးနှင့် ကိုကြီးဟာ ရှော့ပင်းပတ်နေရင်းကမှ တစ်နေရာကနေ မေဒေးနာမည် ခေါ်သံကြား၍ ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လျှင့်တော့ နိုင်း ဖြစ်လို့နေသည်။ နိုင်းက မေဒေးကို အံ့အားသင့်မျက်ဝန်းတို့ဖြင့် ငေးကြည့်ကာ ...

"မေဒေး ... ရှော့ပင်း ထွက်လာတာလား"

"ဟုတ်တယ် နိုင်းရ။ ကိုယ့်ကောင်မလေးကို လက်ဆောင်ပေးချင်လို့ အဲဒါ ဘာပေးရမှန်းမသိ ဖြစ်နေတာနဲ့ မေဒေးကို ချောဆွဲလာရတာ။ ကိုယ့်ညီမကို အားကိုးနေရတာလေ။ ငါ့ညီကော ရှော့ပင်းထွက်လာတာ တစ်ယောက်တည်းလား"

အထက်ပါစကားကို မေဒေး မဖြေသေးခင်မှာ ကိုကြီးက မေဒေးထက်ဦးအောင် ဝင်ဖြေသွားခဲ့တာဖြစ်သည်။ ကိုကြီးဘာကိုဆိုလိုသလဲဆိုတာ မေဒေး သဘောပေါက်ပါသည်။ မေဒေးနှင့် နိုင်းကြားမှာ ရှော့ခ်လ်ကိုက်ကုန်မှာစိုးတဲ့စိတ်ကြောင့် ကြားဝင်တယ်တဲ့လား ကိုကြီးရယ်။ အေးပေါ့လေ ... ကိုကြီး နားလည်ထားတာက နိုင်းမြစ်သောင်ယံဆိုတဲ့ အဆိုတော်ကောင်လေးဟာ မေဒေးရဲ့ရည်းစားအဖြစ်နှင့်ဖြစ်သည်။





"မဟုတ်ဘူး အစ်ကို၊ ကျွန်တော့်မန်နေဂျာပါ ပါတယ်၊ ကျွန်တော့်စီးရီးသစ် ဓာတ်ပုံရိုက်ဖို့အတွက် လိုအပ်မယ်ထင်တဲ့ အဝတ်အစားလေးတွေ လာကြည့်တာ။ ဒီနေ့က ကျွန်တော်လည်း အားနေတော့ ကိုယ်တိုင် ရှော့ပင်းထွက်လာတာ"

ကြည့်ရတာ ကိုကြီးရဲ့စကားကြောင့် နိုင်းက သံသယကင်းသွားပုံရသည်။ အင်း ... မေဒေးလည်း ရှုးချင်တာပါပဲ။ မပြတ်သားတတ်တဲ့ မေဒေးအတွက် ကံတရားက ဘယ်သို့ဆီတွန်းပို့နေသလဲ မပြောတတ်တော့ပါ။

လက်ရှိအခြေအနေကို သုံးသပ်ရမယ်ဆိုရင် မေဒေးဟာ နိုင်းရဲ့ရည်းစားဖြစ်သည်။ နိုင်းကို ရည်းစားတော်တယ် ဆိုတာကလည်း ကောင်းတာလေးမှ ကြိုက်တယ်၊ လှတာလေးမှမက်တယ် ဆိုသလိုမျိုး အနေအထားကြောင့် ဖြစ်ပါသည်။ ပြောရရင် နိုင်းဟာ လက်ရှိမှာ မြန်မာနိုင်ငံရဲ့ superstar အဆိုတော်တစ်ယောက်ဖြစ်သည်။ ရုပ်ရည်မှာလည်း မင်းသားလုပ်ရင်တောင် ဖြစ်မှာသေချာသူ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မေဒေးရဲ့သူငယ်ချင်း၊ အဲဒါတွေထက် ပိုမက်တာက သူဟာ မေဒေးကို ဆယ်တန်းလောက်ကတည်းက ချစ်ခဲ့တာဖြစ်ပြီး သစ္စာတရားကို လက်ကိုင်ထားသည့်လူ ဖြစ်တာကြောင့် မေဒေးက မက်လောက်စရာ အကွက်များစွာတို့ ရှိတာကတစ်ကြောင်း၊ ပြီးတော့ celebrity ရဲ့ရည်းစားဖြစ်ရတာကို proud ဖြစ်ချင်တာကတစ်ကြောင်း စသဖြင့် အကြောင်းကြောင်းပေါင်း၍ ကြိုက်လို့ ရည်းစားတော်ခဲ့တာဖြစ်သည်။ နိုင်းနှင့်ပတ်သက်လို့ မေဒေးက "like"ဆိုသည့် စကားလုံးကို ကာဗာယူ၍ တွဲတာမျိုး ဖြစ်သည်။

ကိုကြီးကိုကျတော့ ဘာပဲဖြစ်ဖြစ် ချစ်တာဖြစ်သည်။ အချစ်ဆိုတဲ့ ခံစားချက်ကို ကိုကြီးနှင့်ပတ်သက်ပြီးပဲ ခံစားခဲ့ရသည်။ love နှင့် like က သဏ္ဍာန်တူပေမယ့် ယှဉ်ကြည့်ရင် အရမ်းကွာခြားပါသည်။ ကွာခြားပါပေမယ့် နှစ်ခုစလုံးကို မစွန့်လွှတ်နိုင်တာဟာ မေဒေးရဲ့မဟာအတ္တလို့ပဲ ပြောကြပါစို့။

အဲဒီလိုစိတ်တွေကြောင့်မို့လည်း မေဒေးဟာ နိုင်းကိုလည်း မပစ်ရက်နိုင်၊ ကိုကြီးကိုလည်း မစွန့်လွှတ်နိုင်နှင့်





တကယ်ဗျာများရတာဖြစ်သည်။ သူတို့နှစ်ယောက်ကို ထိပ်တိုက်မဆုံစေလိုတာကြောင့် မေဒေးဟာ ကိုကြီးကိုတော့ ဘာမှမပြောထားပေမယ့် အလိုလိုနားလည်ပါစေဆိုသော သဘောဖြင့် နိုင်းနဲ့ မေဒေးဟာ သမီးရည်းစားပါဆိုပြီး အရိပ်အယောင်ပြခဲ့သည်။ အဲဒီလိုမှလည်း မေဒေးရဲ့ကြံစည်တာတွေကို ကိုကြီးက မရိပ်မိမှာဖြစ်သည်။

ထိုနည်းတူပင် နိုင်းကိုလည်း ကိုကြီးဟာ မေဒေးအင်မတန်လေးစားရကာ အစ်ကိုရင်းတစ်ယောက်လို ချစ်ရသူအဖြစ် သိစေခဲ့သည်။ ဒါမှလည်း မေဒေးနဲ့ ကိုကြီးရဲ့ တွဲသွားတွဲလာလုပ်မှုကို သူ သဝန်မတိုမှာဖြစ်သည်။ အဲဒီလိုမျိုးပါးပါးလေး two timing ချိန်းနေတဲ့ မေဒေးဟာ ဒီနေ့မှာ နှစ်ယောက်စလုံးနှင့် လာဆုံတော့ နည်းနည်းတော့ အသက်ရှူကျပ်ချင်လာပါသည်။

"အဲဒါဆိုရင် အစ်ကိုတို့နဲ့ တစ်ခုခု လိုက်စားပါလား။ ကိုယ့်ညီမနဲ့ညီကို ဧည့်ခံချင်လို့ပါ"

"အေးလေ ... နင် အချိန်ရရင် လိုက်စားပါလား နိုင်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com



မေဒေးကပါ မကောင်းတတ်လို့ ဝင်ခေါ်လိုက်ပါသည်။ ဒါပေမဲ့ နိုင်းက ငြင်းတာကိုပဲ မေဒေးက ကျေးဇူးတင်လှပါသည်။

"အစ်ကို့စေတနာကို ကျေးဇူးတင်ပါတယ်ဗျ၊ ဒါပေမဲ့ ကျွန်တော့်ကို နားလည်ပေးပါနော်။ ကျွန်တော် ဒီကအပြန် တေးရေးဆရာတစ်ယောက်နဲ့ ချိန်းထားပြီးသားဖြစ်နေလို့ပါ။ ဘယ်လိုမှ မအောက်မေ့ပါနဲ့နော် ...

မေဒေး ... ဆောရီးပါဟာ။ ငါ တကယ်ချိန်းပြီးသား ဖြစ်နေလို့ပါ၊ နို့မို့ဆို လိုက်စားပါတယ်"

"ဩော် ... ရပါတယ် ကိစ္စမရှိဘူး နိုင်း"

"နင်မှမအားတာ ရတယ် ဘာမှမဖြစ်ဘူး"

မေဒေးက သူ့ကိုနားလည်ပေးဟန်ဖြင့် pass ပေးလိုက်မှ သူက ကြည်လင်သော မျက်နှာလေးကို အပြုံးစွက်ကာ...

"ကျေးဇူးတင်ပါတယ် အစ်ကို။ အဲဒါဆို ကျွန်တော်သွားလိုက်ပါဦးမယ်၊ နောက်မှ ဆုံတာပေါ့ ...

မေဒေး ... သွားမယ်နော်။ ဖုန်းဆက်လိုက်မယ်"





မေဒေးကော ကိုကြီးကပါ ခေါင်းညိတ်နှုတ်ဆက်ပြီးနောက်မှာ သူက ထွက်သွားလေတော့သည်။ အဲဒီနောက်မှာတော့ ကိုကြီးက မေဒေးနှင့် ပတ်သက်ပြီး ဤသို့သူ့ကိုမှတ်ချက်ချပေးပါသည်။

"နိုင်းမြစ်က မဆိုးပါဘူး၊ celebrity တစ်ယောက် ဖြစ်ပေမယ့် ဘာမာနမှမရှိဘူး။ free style နေတယ်၊ သူ့ရည်းစားကောင်မလေးအတွက် သင့်တော်မယ့် ကောင်လေးမျိုးပါ"

ကိုကြီးရဲ့သွယ်ဝိုက်မှတ်ချက်ကို မေဒေးက အတပ်သိစွာဖြင့် မခိုးမခန့်ပြုံးကာ ကိုကြီးရဲ့စိတ်နှင့် အတွေးကို ဒွိဟဖြစ်သွားအောင် ပြောလိုက်ပါသည်။

"ဟုတ်တယ်နော် ... အဲဒီကောင်ရဲ့ဆော်ဆို ကံကောင်းမှာ နိုင်းက သူ့ရည်းစားကိုချစ်ကြောင်း ခဏ ခဏ ပြောဖူးတယ်။ သူ့ကောင်မလေးကိုတောင် မေဒေး တစ်ခါလားပဲ မြင်ဖူးတာ၊ မဆိုးပါဘူး။ သူနဲ့ လိုက်ပါတယ်"

မေဒေးရဲ့စကားကြောင့် ကိုကြီးက မေဒေးမျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်လေသည်။ ကြိုက်သလောက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးရေ ... မေဒေးရဲ့စိတ်ကို မဖတ်တတ်သေးတဲ့ ကိုကြီးက ဘာများအဓိပ္ပာယ်တွေ ဖော်နိုင်မှာတဲ့တုန်း။ မေဒေးကို သောနားထား,ထားပါလျက်နှင့် မေဒေးရဲ့စိတ်ကို မမြင်တတ်တဲ့ ကိုကြီးဟာ တုံးလွန်းလှပါသည်။

* ○ *





၄

"ခင်လေး ...ဒါ ကိုယ်ပြောပြောနေတဲ့ ကိုယ့်အစ်မဆိုတာလေ။ ဒေါ်ပန်းတော်ဝင်တဲ့၊ နေတော်ဝင် Asia Group ရဲ့ စီအီးအိုပေါ့ ...

မကြီး ... ဒါ ခင်လေးလေ။ ခင်လမင်းတဲ့"

သူက မိတ်ဆက်ပေးလိုက်လျှင် ခင်လေးက အရိုအသေပြုသလို ခေါင်းတစ်ချက် ဆတ်ပြကာ မကြီးကို စနှုတ်ဆက်လေသည်။

"တွေ့ရတာ ဝမ်းသာပါတယ် မကြီး။ ကျွန်မ ခင်လမင်းပါ"



www.burmeseclassic.com

www.burmeseclassic.com



မကြီးရဲ့မျက်ဝန်းထဲမှာ နှစ်လိုဖွယ်အရိပ်အယောင်ကို တွေ့ရတာကြောင့် အခြေအနေ ကောင်းပါသည်။ မကောင်းစရာလည်း ဘာမှမရှိ။ သူ ရွေးချယ်စိစစ်ထားတဲ့ ရည်းစားတွေဟာ တစ်ယောက်မှ အပေတောမပါ။ အဲဒီထဲကမှ ခင်လေးဟာ သူလက်ထပ်ဖို့သင့်တဲ့ ရည်းစားဖြစ်တာကြောင့် မကြီးကလည်း သူ့ကို လက်ထပ်ဖို့ တိုက်တွန်းနေတာကြောင့်၊ ခင်လေးနှင့် မကြီးကို ပေးတွေ့ခဲ့တာဖြစ်သည်။ ဒီပုံအတိုင်းဆို မကြီးဘက်က မီးစိမ်းပြနေဖို့က သေချာသလောက်ရှိပြီ။

"အေးကွယ် ... မကြီးလည်း ဝမ်းသာပါတယ်။ မောင်မောင်က ညီမလေးအကြောင်းကို ပြောပြတယ်၊ ခင်လေးက လိမ္မာတယ်၊ တော်တယ် အရည်အချင်းရှိတယ်၊ ပြီးတော့ ငါ့ညီမက ဘယ်လောက်ချော့တယ် ကျက်သရေရှိတယ်ဆိုတာကိုတော့ ထိပ်ဆုံးကပြောတာ"

မကြီးက အဲပို့ကောင်းစွာ ပြောပေးလျှင် ခင်လေးက သူ့ကို ရှက်ပြုံးတစ်ချဖြင့် အသာလှမ်းကြည့်ကာ ...





"ကိုနေကတော့ လုပ်တော့မယ်။ ခင်လေးကိုစွတ်ပြီး ချီးမွမ်းခန်းဖွင့်နေတာပဲလား"

"ဩော် ... တကယ်မို့လို့ မောင်မောင်က ပြောတာပေါ့ ညီမရယ်။ တစ်နေ့ တစ်နေ့ အိမ်မှာဆို ခင်လေးအကြောင်း မပြောတဲ့ရက် မရှိဘူး ... ဟင်း ဟင်း ...

ဒါနဲ့ ခင်လေးမိဘတွေက ဘယ်သူများပါလိမ့်။ မကြီးက အသိမိတ်ဆွေပေါတယ်ဆိုတော့ ခင်လေးမိဘတွေနဲ့ သိတဲ့သူ ဖြစ်နေမလားလို့"

ပိုင်ပါ့ မကြီးရာ။ သူက မကြီးကို စိတ်ထဲကနေတိတ်တဆိတ် ချီးကျူးလိုက်ပါသည်။ မကြီးတို့များ ခင်လေးမိဘတွေနာမည်သိချင်တာကို စကားလှလှလေးသုံးပြီး မြှောတတ်လိုက်ပုံများ။

သူ့ရဲ့မကြီးဟာ အင်မတန်မှ အရည်အချင်းရှိကာ ထက်မြက်သူဖြစ်သည်။ သူတို့ကုမ္ပဏီရဲ့စီအီးအိုနေရာမှာ အုပ်ချုပ်နေတဲ့ မကြီးဟာ သူနှင့်ဆို နှစ်နှစ်လောက်သာ အသက်ကွာပေမယ့် အရမ်းကို ရင့်ကျက်သူဖြစ်ပါသည်။ မိဘတွေမရှိကြတော့တဲ့



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဘဝမှာ ပြေးကြည့်မှ သွေးရင်းဆိုလို့ ဒီမောင်နှမနှစ်ယောက်ပဲ ရှိတာမို့ မကြီးနှင့် သူဟာ တစ်ယောက်ကိုတစ်ယောက် အရမ်းချစ်ကြပါသည်။

တစ်သက်လုံး အပျိုကြီးလုပ်တော့မည်ဟု ဆုံးဖြတ်ထားသည့် မကြီးဟာ သူတို့ generation အတွက် သူ့ကိုပဲ မိန်းမယူနိုင်းနေပါသည်။ သူကလည်း အလိမ္မာအိမ်ပါဖြစ်ပြီး သူ့အတွက်ကော မကြီးနှင့်ပါ အဆင်ပြေနိုင်မည့် အမျိုးကောင်းသမီးကိုရှာဖွေရင်းကမှ ခင်လေးနှင့် ဆုံခဲ့တာဖြစ်ပါသည်။

"ခင်လေးဖေဖေက အရိုးအကြောပါမောက္ခ ဒေါက်တာဦးမင်းသွင်ပါရှင့်။ မေမေကတော့ အငြိမ်းစားဆရာမ ဒေါ်ခင်ခင်လေးမြင့်ပါ၊ ခင်လေးတို့က မိသားစုသုံးယောက်တည်းဆိုတော့ အေးအေးဆေးဆေးပါပဲ"

"[illegible] ... ဩော်။ ဒေါက်တာမင်းသွင်ကို ကြားဖူးတယ်၊ မကြီးမိတ်ဆွေတစ်ယောက် ခြေထောက်ကျိုးတုန်းက ဆရာနဲ့ပြတာလေ၊ ဒေါက်တာနဲ့ မကြီး တစ်ခါဆုံဖူးတယ်။ အင်း... အင်း ... ဒါနဲ့ နေတော့ကော"





"ပါရမီမှာပါ မကြီး"

"ဒါဆို မကြီးတို့နဲ့ သိပ်မဝေးဘူးပဲ။ အေးကွယ် ... အိမ်ကို ဝင်ပါ ထွက်ပါ၊ မကြီးတို့က မောင်နှမနှစ်ယောက်တည်းရှိတာဆိုတော့ ဘာမှထွေထွေထူးထူးတော့ ပြောစရာမရှိပါဘူး၊ ခင်လေးကိုလည်း မကြီးက မြင်တာနဲ့ကို ခင်မိပါတယ်"

"ဟုတ်ကဲ့ ... မကြီး။ ခင်လေးလည်း မကြီးကို ခင်မိပါတယ်၊ မကြီးက ကိုနေပြောပြထားတာထက်တောင် ပိုချော ပိုခန့်ပြီး ပိုစကားပြော ကောင်းသေးတယ်"

"ကဲ ... အခုလို မကြီးကို ပြောတဲ့အတွက် ခင်လေးကို မကြီးရဲ့လက်ရာဟင်းတွေနဲ့ lunch ကျွေးမယ်"

"ဟုတ် ... မကြီး။ မကြီးက ဟင်းချက်စပါယ်ရှယ်ကောင်းတယ်လို့လည်း ကိုနေက ပြောပြထားသေးတယ်"

"ကိုကြီးရေ ... ကိုကြီး"

ပေါ်တီကိုအောက်ဘက်ကလာတဲ့ အသံစာစာလေးကိုကြားပြီး စက္ကန့်ပိုင်းအတွင်းမှာပဲ အသံပိုင်ရှင်က သူတို့ထိုင်နေ



www.burmeseclassic.com

www.burmeseclassic.com



ရာ ညှို့ခန်းဆီသို့ အပြေးတပိုင်း ရောက်လာလေသည်။ မဒေး က ဘယ်ကဘယ်လို ရောက်လာတာပါလိမ့်။

"ကိုကြီးရေ ... ကိုကြီး ဒီနေ့ ကုမ္ပဏီမသွားဘူးလား။ ဟင် ... ဘြော် ညှို့သည်ရောက်နေတာကိုး"

အပြေးတစ်ပိုင်းဝင်ချလာတဲ့ မဒေးက ခင်လေးရှိနေ၍ ကိုယ်ရှိန်သတ်သွားတာကြောင့် သူက ထိုင်နေရာမှထကာ လက်ယပ်ခေါ်ပြီး ...

"လာလေ ... မဒေးရဲ့။ မိတ်ဆက်ပေးမယ်"

မဒေးက ခင်လေးကို အကဲခတ်ကြည့်ရင်းက သူ့ဘေးခုံမှာ ဝင်ထိုင်ပါသည်။ နေကွန်းသည် ပြန်ထိုင်ကာ ခင်လေးနှင့် မဒေးကို မိတ်ဆက်ပေးလိုက်ပါသည်။

"ခင်လေး ... သူက ကိုယ့်ညီမလေးလေ မြတ်မဒေးတဲ့ ဖစ်ဆစ်နဲ့ ကျောင်းပြီးထားတယ် ...

မဒေး ... ဒါ ကိုကြီးရဲ့ချစ်သူ ခင်လမင်း"

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ် ညီမ"

"ဝမ်းသာပါတယ် ... အစ်မ"





မဒေးကို မိတ်ဆက်ပေးပြီးနောက် သူကပြောမလို့ပါးစပ်အပြင်မှာပဲ မကြီးက မဒေးကို လှမ်းမေးလေသည်။

"မဒေး ... ကိစ္စရှိလို့လား"

မကြီးရဲ့ခပ်တည်တည်မျက်နှာပေးနှင့် မေးခွန်းကို သူ့ရင်ထဲမှာတော့ မနှစ်မြို့ပါပေ။ မကြီးက မဒေးကိုဆိုရင် ဘယ်တော့မှ ကြည့်ရတာ မဟုတ်ပါ။ သူ guide လုပ်ပေးတဲ့ အရွယ်ကတည်းက မဒေးရဲ့ပေါ့တီးပေါ့ဆ ရုပ်ပျာပျာပုံစံတွေကြောင့် သဘောမကျကြောင်း မကြီးက သူ့ကို ခဏခဏပြောဖူးပါသည်။ ဒါပေမဲ့ ဒီနေ့လို ညှို့သည်ရှိတဲ့အချိန်မျိုးမှာတော့ မကြီးဟာ မဒေးကို ဒီလိုမျက်နှာပေးမျိုးနှင့် ဒီလိုမေးခွန်းမျိုး မမေးသင့်ပေ။ မဒေးရဲ့မျက်နှာငယ်လေးကြောင့် သူဟာ မဒေးကို သနားသွားကာ မဒေးဘက်က ရပ်တည်ပေးရသည်။

"မကြီးကလည်း မဒေးက ကိစ္စရှိမှ လာစရာလား။ ဒီလိုပဲလာနေကြဟာကိုး၊ အဲ ... အတော်ပဲ မဒေး၊ ညည်း lunch မစားရသေးဘူးမလား။ ကိုကြီးတို့နဲ့အတူ တစ်ခါတည်း စားသွားလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ၊ မေဒေး အိမ်ပြန်ရောက်မှ စားမှာ"

"မဟုတ်တာ ညီမရဲ့။ စားသွားပါလား၊ ပိုရင်းနီးသွားတာပေါ့"

ခင်လေးကပါ ဝင်ပြောတာမို့ မေဒေး လက်မခံလို့ မရတော့ပါ။ မကြီးကတော့ ကလေးက နေရာတကာ ဝင်ပါတယ်ဆိုသည့် အကြည့်မျိုးဖြင့် မေဒေးကိုကြည့်လျက် သိပ်တော့အမြင်ကြည်ပုံ မရပါ။

မကြီးနှင့် မေဒေးဟာ အဲဒီလိုမျိုးပဲဖြစ်သည်။ မတည့်အတူနေမို့လို့ သူကတော့ မကြီးနှင့် မေဒေး ချိတ်ငေါ့ကြတိုင်း အမြဲပြုံးရသူဖြစ်ပါသည်။

ထမင်းစားပြီး စကားလေး ဘာညာပြောပြီးနောက်တွင် ခင်လေးက ပြန်တော့မည်ဆိုတာကြောင့် သူက ခင်လေးကို ပြန်လိုက်ပို့ပေးဖို့ ထရပ်ပါသည်။ မကြီးကတော့ အလိမ္မာယောက်မလောင်းကို ထမင်းဝိုင်းမှာကတည်းက အမှတ်တွေပေးနေတာဖြစ်တော့ ခင်လေးရဲ့လက်ကိုဆွဲကာ ...





"ငါ့ညီမ နောက်လည်း လာလည်ဦးနော်။ နောက်ရက်မှ ခင်လေးနဲ့အစ်မ ရှော့ပင်းလေး ဘာလေး သွားမယ်လေ။ ဖုန်းဆက်လိုက်မယ်"

"ဟုတ် ... မကြီး။ သွားလိုက်ပါဦးမယ်နော်။ ညီမ ... သွားပြီနော်"

ခင်လေးက မေဒေးကို လှမ်းနှုတ်ဆက်မှ သူက မေဒေးကို သတိရသွားကာ ကားပေါ်မတက်ခင် လှမ်းမေးရသည်။

"သြော် ... မေဒေး၊ ညည်း နေဦးမှာလား။ အိမ်ပြန်မှာလား"

"ပြန်မှာ ကိုကြီး"

"အိုခေ ... အဲဒါဆို ကားပေါ်တက်။ ငါပတ်ပို့ပေးလိုက်မယ်"

မေဒေးက သူ့ကို အပြုံးတစ်ချက်ဖြင့် အသာအယာခေါင်းခါပြကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် ကိုကြီး။ မေဒေးမှာ စက်ဘီးပါတယ်၊ လိုက်မပို့နဲ့တော့"

"အေး ... အဲဒါဆိုလည်းပြီးရော။ သွားပြီ"

နေကွန်းသည် ကားတံခါးဖွင့်ကာ ခင်လေးကိုအရင်ထိုင်စေပြီးမှ သူက ကားမောင်းသည့်ဘက်သို့သွားကာ ကားတံခါးဖွင့်ဖို့ လက်အလှမ်းမှာ သူ့အနောက်က ရှချိုချိုအသံလေးက တားမြစ်လိုက်သလို ခံစားရလေသည်။

"ကိုကြီး"

နေကွန်းသည် မေဒေးရဲ့ခေါ်သံကြောင့် လည်ပြန်လှည့်ကြည့်လိုက်လျှင်တော့ မေဒေးရဲ့မျက်နှာလေးကို မြင်လိုက်ရတဲ့အခါ သူ့ရင်ထဲမှာ တစ်မျိုးကြီး ဖြစ်သွားပါသည်။ ဒီကောင်မလေး ဘာဖြစ်လို့ပါလိမ့်။

မေဒေးဟာ ခါတိုင်းလို တက်ကြွမှုမရှိပါ။ မျက်ဝန်းထဲမှာ သူ နားမလည် မဖတ်တတ်သည့် စကားလုံးတွေရှိနေသလိုပင်။ သူ့ကို မှုန်ကုပ်ကုပ်စိုက်ကြည့်နေသော မေဒေးကို သူကမေးဆတ်ပြကာ ...





"ဘာလဲ ... မေဒေး။ ဘာပြောမလို့လဲ"

သူ့အမေးကြောင့် မေဒေးက "ဟို"ဆိုသည့် ခပ်တိုးတိုးစကားသံဟပြီးမှ သူမဟာ ချင့်ချိန်ဟန်ဖြင့် ခေါင်းယမ်းလိုက်ပြီး သူ့ကို တစ်စုံခုသော မျက်ဝန်းအဓိပ္ပာယ်ဖြင့်ကြည့်ကာ ...

"ဘာမှမဟုတ်တော့ပါဘူး ကိုကြီး"

"အယ် ... မေဒေး၊ ဘာဖြစ်နေတာတုံး။ မောင်မောင် ဟဲ့ သွားတော့လေ။ ခင်လေး ကားထဲမှာ စောင့်နေတာ အားနာစရာ"

"ဟုတ် ... ဟုတ် သွားပြီ မကြီး"

နေကွန်းသည် မကြီးရဲ့တွန်းထိုးမှုကြောင့် ကားပေါ်တက်ကာ စက်နှိုးပြီး မောင်းထွက်လာခဲ့ပါသည်။ သူ ကားသာမောင်းလာရတယ် စိတ်ထဲမှာ မေဒေးရဲ့မျက်ဝန်းတွေကသာ ကြီးစိုးထားပါသည်။

ဒီကောင်မလေး ဘာဖြစ်တာပါလိမ့်။

သူ့ကိုဆို အမြဲနောက်ပြောင်နေသော သူမဟာ ဘာဖြစ်လို့ ဒီလောက်နှုတ်ဆိတ်ပြီး ငေးငိုင်ငိုင် ဖြစ်သွားရတာလဲ။



www.burmeseclassic.com

သူ့စိတ်ထင် ပြောရမည်ဆိုရင် မေဒေး အဲဒီလိုပုံဖြစ်တာ အချစ်ကြောင့် ဖြစ်နိုင်သည်။ အချစ်ဆိုတာကိုမှ ထပ်အတိအကျပြောရရင် ဟိုအဆိုတော်ကောင်လေး နိုင်းမြစ်သောင်ယံကြောင့် ဖြစ်လိမ့်မည်။

❋ ○ ❋

စေပန်တာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉၊ (မြေညီ) မှော်ဘီရွာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
သို့လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။





"ကိုကို ခင်လေး မေးစရာရှိတယ်"

ခင်လေးတို့ဆိုင်ရှေ့ ရောက်ပြီဖြစ်သဖြင့် ကားရပ်လိုက်ချိန်မှာတော့ ခင်လေးက ပြောလိုက်တာဖြစ်သည်။ အဲထူးအဆန်းဖြစ်နေတာမို့ နေကွန်းသည် ကိုယ်ကိုနည်းနည်းစောင်းကာ ခင်လေးရဲ့မျက်နှာလေးကို ငေးကြည့်၍ မေးဆတ်ပြကာ ...

"မေးပါဗျာ ... ဘာမေးမှာလဲ"

"မြတ်မေဒေးက ကိုရဲ့ cousin (ဝမ်းကွဲ)လား"

ခင်လေးရဲ့မေးခွန်းကို သူက ဘာများပါလိမ့်ဆိုပြီး တွေးထားတာ ဒီလိုသေးသေးလေးကိုမှ လာမေးတာဆိုတော့ သူက ဘာမှအထစ်အငေါ့မရှိ ဖြေလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အရင်းတွေလို ဖြစ်နေပါပြီ။ မေဒေးနဲ့ ကိုယ်တို့က အမှန်တော့ ဘာမှမတော်ပါဘူး၊ မေဒေး ရှစ်တန်းကနေ ဆယ်တန်းအထိ ကိုယ်က သူ့ကို Study guide လုပ်ပေးတယ်လေ။ တစ်ယောက်နဲ့တစ်ယောက် ခင်နေရင်းနှီးနေကြတော့ မောင်နှမအရင်းတွေလိုပဲ ...

မေဒေးက တစ်ဦးတည်းသောသမီးဆိုတော့ အဖော်မင်တယ်။ ကိုယ်က သူ့ရဲ့ guide လုပ်ပေးခဲ့တဲ့သူဆိုတော့ ကိုယ့်ကိုဆို အစ်ကိုရင်းတစ်ယောက်လို သဘောထားတာလေ၊ ကိုယ်ကလည်း ညီမအငယ်ဆုံးလေးလို သဘောထားတာ။ အဲဒါကြောင့်မို့ ခင်လေးကို ကိုယ့်ညီမဆိုပြီး အလွယ် မိတ်ဆက်ပေးလိုက်တာလေ၊ ဘာဖြစ်လို့လဲ ... ခင်လေး"

"ဘာမှမဖြစ်ပါဘူး၊ စိတ်ထဲမှာ မတင်မကျချည်းဖြစ်နေလို့ မေးကြည့်တာ။ မေဒေးက ကိုယ့်ကို မကြီးထက် ပိုတွယ်သလိုပဲနော်"





ဒီမေးခွန်းမေးသလိုစကားကို ကြားလိုက်ကတည်းက နေကွန်းသည် ခင်လေး သဝန်တိုသလိုလို ဖြစ်နေပြီဆိုတာ သဘောပေါက်လိုက်သည်။ ပွတတ်ရန်ကော ခင်လေးရယ်။ သူက ခင့်လေးကို အသာပြုံးကြည့်လျက် ...

"ဘာမှ ဟိုတွေး ဒီတွေး လျှောက်တွေးပြီး ပူမနေနဲ့နော် ခင်လေး။ မေဒေးက တကယ့် ကိုယ့်ညီမလေးလိုပါပဲကွာ၊ ဘာမှ ခင်လေး သံသယမဖြစ်နဲ့။ ပြီးတော့ မေဒေးမှာက ရည်းစားရှိတယ်"

ရည်းစားရှိတယ် ဆိုတာကြောင့် ခင်လေးဟာ ချက်ချင်းပင် မျက်လုံးတွေ အရည်လဲ့လာကာ သူ့ကိုထပ်မေးလေသည်။

"သူ့မှာ တကယ်ရည်းစားရှိတာလား"

"ဩော် ... ခင်လေးကလည်း တကယ်ပေါ့။ မေဒေးရည်းစားက ဟိုအဆိုတော်လေး နိုင်းမြစ်သောင်ယံလေ။ အေး ... အဲဒါ သူ့ရည်းစားဗျာ"

"တကယ်ကြီး ... နိုင်းမြစ်သောင်ယံနဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



သူက အပြုံးတစ်ချက်ဖြင့် ခေါင်းညိတ်ပြလိုက်လျှင် ခင်လေးက အကျေနပ်ကြီး ကျေနပ်သွားဟန်ဖြင့် ရင်အေးစရာ အပြုံးနုလေးကိုပြုံးကာ ...

"အဲဒါဆိုရင်တော့ စိတ်အေးသွားပါပြီ။ ကို့ကို မယုံလို့မေးတာ မဟုတ်ဘူးနော်၊ မေဒေးအကြောင်း သိထားရအောင် မေးမိတာပါ။ စိတ်မဆိုးနဲ့နော် ကို"

နေကွန်းသည် ခင်လေးရဲ့ပေါင်ပေါ်မှာ တင်ထားသည့် သူမရဲ့လက်ကလေးကို အသာဆွဲယူကာ တစ်ချက်ဖျစ်ညှစ်လိုက်ရင်းက ပြုံးစစမျက်နှာဖြင့် ...

"စိတ်ဆိုးစရာလား ခင်လေးရယ်။ ကိုယ့်ကိုချစ်လို့ မေးတယ်ဆိုတာ ကိုယ် သိတာပေါ့"

ခင်လေးက ရှက်ပြုံးတစ်ခုဖြင့် သူ့ရဲ့လက်တွေထဲက ရုန်းထွက်ကာ ...

"သွားတော့မယ်နော်"

"အင်း ... ညကျမှ ဖုန်းဆက်လိုက်မယ်နော်"





ခင်လေးက "ဟုတ်"ဟု ခပ်တိုးတိုးပြောကာ သူ့ကို လက်ပြပြီး ကားပေါ်က ဆင်းသွားတော့သည်။ နေကွန်းသည် ဒီနေ့ကုမ္ပဏီမှာ နေ့ဝက်ခွင့်ယူတာမို့ ခင်လေးကို သူမ့ဆိုင်ပြန်ပို့ပြီးနောက်မှာတော့ သူက အိမ်ပဲတန်းပြန်လာခဲ့တော့သည်။ အိမ်ပြန်ရောက်သောအခါမှာတော့ သူ့ကို စကားပြောချင်လို့ အသင့်စောင့်နေသည့် မကြီးကို တွေ့ရလေသည်။

"မောင်မောင် ... မင်းကို မကြီး ပြောစရာရှိတယ် လာဦး"

နေကွန်းသည် မကြီးနှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်ပြီး ...

"ဘာလဲ ... မကြီး၊ ကျွန်တော့်ခင်လေးကို ဘယ်လောက် သဘောကျကြောင်း ပြောမလို့လား"

"အဲဒါလည်းပါတယ်၊ ပြီးတော့ သဘောမကျတာလည်း ပြောချင်သေးလို့"

"ဘာကိုများလဲ မကြီးရဲ့"

သူ့အမေးကို မဖြေခင် မကြီးက ခြေထောက်ကို ခပ်ရှောရှော ချိတ်ထိုင်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့ကိုပြောတယ်ဆိုတာ နင် မသိဘူးလား မောင်မောင်ရယ်။ မေဒေးကို သဘောမကျဘူးလို့ ပြောချင်တာ၊ ဘယ်လိုကောင်မလေးမှန်းကို မသိဘူး၊ သူ့မိဘတွေမျက်နှာ ရှိနေလို့သာပေါ့။ နို့မို့ဆို ငါနဲ့လွယ်မှာမဟုတ်ဘူး"

"မေဒေးက ဘာလုပ်နေလို့လဲ မကြီးရာ။ ကောင်မလေးက ကလေးစိတ်လေးပါ"

"အေး ... အဲဒီလို ကလေးမဟုတ် လူကြီးမဟုတ်စိတ်ဖြစ်နေလို့ပဲ ငါနဲ့ အကြောမတည့်တာ။ ဒီနေ့လုပ်ပေါက်ကိုကြည့်စမ်း၊ ခင်လေးကို အားနာစရာ။ နင် ကြည့်လုပ်နော် ... မောင်မောင်၊ အဲဒီ မေဒေးကို သိပ်အရေတဝင် မနေစမ်းနဲ့"

မကြီးက ပူပန်စွာ သူ့ကိုပြောလေလျှင် သူကစိတ်ပူတတ်လေတဲ့ မကြီးကို သဘောကျစွာ တစ်ချက်ရယ်မောလိုက်လေသည်။

"ဘာမှပူမနေနဲ့ မကြီး၊ ခင်လေးကိုလည်း ကျွန်တော့်ဘက်က ဘာမှအားနာဖို့မလိုအပ်ဘူး။ မေဒေးက ကျွန်တော့်





ညီမလေးလို သဘောထားတဲ့သူပါ။ အဲဒီအတွက် မကြီး ဘာမှစိတ်ပူစရာမလိုဘူးနော်"

"အေး ... မင်းညီမလေးလို သဘောထားတယ် ဆိုပေမယ့် မေဒေးဟာ ဘယ်တော့မှ မင်းရဲ့ညီမအရင်း ဖြစ်လာမှာ မဟုတ်ဘူးဆိုတာ မမေ့နဲ့ ...

ကဲ ... ထားပါ၊ ခင်လေးကို ပြန်ပို့လိုက်ပြီလား"

"ဟုတ်ကဲ့ ... မကြီး"

သူက ခေါင်းညိတ်ပြလိုက်လျှင် မကြီးက ခင်လေးနှင့်ပတ်သက်ပြီး သူ့အမြင်ကို ပြောပြသည်။

"အဲဒီခင်လေးက မဆိုးဘူး မောင်မောင်။ နင်နဲ့လိုက်တယ်၊ ကောင်မလေးက ဆေးဝါးကျွမ်းကျင်နဲ့ပြီးထားတယ်။ ပြီးတော့ သူ့အဖေဆေးခန်းနဲ့တွဲပြီး ဆေးဆိုင်ဖွင့်ထားတယ်။ နိုင်ငံခြားဆေးကုမ္ပဏီတွေနဲ့တွဲပြီး ဒီမှာ ပြန်ချိရေးလုပ်တယ်ဆိုတော့ မဆိုးဘူး။ စီးပွားရေးလည်း စိတ်ဝင်စားတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက အရည်အချင်းလည်းရှိတယ်။ လိမ္မာရေးခြားလည်းရှိတယ်။ ခင်လေးနဲ့ဆိုရင်တော့ မကြီးဘက်က အပြည့်အဝ သဘောတူတယ်"

အဲဒီစကားကို ကြားရသောအခါ သူဟာ နှလုံးပီတိဖွမ်းဆီထိသကဲ့သို့ ကြည်နူးသွားရပါသည်။ သူ့ကို ခင်လေးနှင့် သဘောတူပါတယ်တဲ့။ ဘယ်လောက် ပျော်စရာကောင်းသလဲ။ မကြီးဟာ ဇီဇာကြောင်တဲ့ အပျိုကြီးမို့ သူယူမယ့်မိန်းမနှင့်မတည့်မှာကို သူက အရမ်းစိုးရိမ်ပါသည်။ အခုတော့ ခင်လေးကို သဘောကျတယ်ဆိုတော့ ပြီးပြီဘဲပေါ့။

"ဟား ... တကယ်ပြောတာနော် မကြီး"

"ဩော် ... ငါက မဟုတ်ဘဲ ပြောပါ့မလား။ ကဲ ... မောင်မောင် ခင်လေးမိဘတွေဆီက ခွင့်ပြုချက် ယူပြီးတာနဲ့ ဘယ်နေ့ မကြီးတို့ လာတောင်းရမလဲဆိုတာသာ မေးလိုက်ဟုတ်ပလား"

"ရက်စ် မကြီး။ ကျွန်တော် အရမ်းဝမ်းသာသွားပြီ။ အခုလို သဘောတူပေးတဲ့အတွက် မကြီးကို ကျွန်တော်အရမ်းကျေးဇူးတင်တယ်"





သူ့ရဲ့ပျော်ရွှင်မှုကို မကြီးက စာတတ်သော အပြုံးပါးပါးတစ်ခုကိုပြုံးကာ ကြည်နူးပေးရှာပါသည်။ ဘဝမှာ လိုချင်တာတိုင်းရခဲ့တဲ့ သူ့အတွက် ပျော်တယ်ဆိုတာ ရိုးနေပြီဖြစ်သော ခံစားချက်ဖြစ်ပေမယ့် ဒီတစ်ခါတော့ သူလိုတာထက် ပိုပျော်နေမိတာ အမှန်ပင်ဖြစ်ပါသည်။

* ○ *



www.burmeseclassic.com

www.burmeseclassic.com



## ၅

"ဟား ဟား ... အဲဒါနဲ့ပဲ မင်း ပွမ်းလာခဲ့တယ်ပေါ့"

သူတို့ဘော်ဒါတွေ ဆုံတုန်းဆုံခိုက် သူ့ show ပွဲက အလွဲဖြစ်ရပ်ကို ပြောပြသောအခါ ဘော်ဒါတွေက ခွက်ထိုး ခွက်လန် ရယ်မောကြပါသည်။ ဒီနေ့က အများပြည်သူအားလပ် တဲ့ မေဒေး(အလုပ်သမားနေ့)ဖြစ်ပြီး သူ့ရဲ့ချစ်ရည်းစား မေဒေးရဲ့ မွေးနေ့ဖြစ်တာကြောင့် သူတို့သူငယ်ချင်းတွေဟာ လူစုံကြတာဖြစ် သည်။

သူနှင့် သူ့ဦးလေး နှစ်ယောက်တည်းသာနေသော ဒီကွန်ဒိုမှာ သူငယ်ချင်းတွေ လူစုံကြတာဖြစ်၏။ အစားအသောက်





များကိုတော့ ရွှေဘဲက သွားဝယ်လာကာ အိမ်မှာပဲ စားကြသောက် ကြ ပျော်ကြပါးကြတာဖြစ်သည်။ ဒီကနေ့မှာ နိုင်းသည် သူ့အလွဲ လေးတွေကို ပြောပြဖြစ်တော့ သူ့ဘော်ဒါတွေက ဝါးလုံးကွဲရယ်ကြ ပေမယ့် ပြုံးရုံလေးပြုံးနေခဲ့သူက မေဒေးပင်ဖြစ်ပါသည်။ မေဒေး ဘာဖြစ်လို့ပါလိမ့်။ သူက ဘေးချင်းကပ်ထိုင်နေသည့် မေဒေးကို ပခုံးချင်း အသာတွန်းတိုက်ကာ ခပ်တိုးတိုးလေးဖြင့် ကပ်မေး လေသည်။

"မေဒေး ... ဘာဖြစ်လို့လဲ။ နေမကောင်းဘူးလား"

သူက မေဒေးနားကပ်ကာ ခပ်တိုးတိုးမေးနေတာကို လွင်းသစ်တို့ကမြင်တော့ ဗိုင်းစကြလေသည်။

"ကိုယ်တော်လေး ... ကော်ဖမ်လေးကို ဘာတွေကပ်ပြီး အချီအပွေ့ထ နေတာလဲ။ အခုချက်ချင်း ထွက်လိုက်ရမ်း"

"ဗိုက်ဆတ်အယ်ဖော့ ... ဟုတ်တယ်။ နိုင်း ... နင် အီတီတီ ပုတ်ပျိုးတွေ လာမလုပ်နဲ့နော်။ ပြောစမ်း မေဒေးကို ဘာတွေပြောသလဲ။ ဘာမှမကြားတိုက်နဲ့ သမီး။ အမေ့ဆီ ယောက်လုံးရှိတယ်၊ ပြောစမ်း ဒီကောင် ဘာပြောလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျော်သူရက ပြောင်ချော်ချော် လှမ်းပြောလျှင် နိုင်းက သူတို့ကို အမြင်ကတ်ကတ်နှင့် မေဒေးပခုံးကိုဖက်ရင်းက လှမ်းအော်ပြောလိုက်လေသည်။

"ဟော့ ... ဘာမှမနာလိုမဖြစ်နဲ့။ ဒါ သားသားရဲ့ကုသိုလ်ထူးလို့ရတာ၊ ဦးလေးတို့ ဘကြီးတို့လည်း လိုချင်တယ်ဆို မရှားပါဘူး။ ဘေးနားတင်ရှိတယ်"

နိုင်းက လေပြေနှင့် သံစဥ်ကို မျက်စပစ်လိုက်လျှင် သူမတို့နှစ်ယောက်က သူ့ကိုဝိုင်းပြီး ထောပနာပြုကြသည်။ အဲဒီတော့မှပဲ မေဒေးက နည်းနည်း ရယ်ရယ်ပြုံးပြုံး ဖြစ်လာလေသည်။ မေဒေးရဲ့အပြုံးတွေဟာ အနည်းငယ် ဖျော့တော့နေတယ်ဆိုတာကိုတော့ သူ ရိပ်မိပါသည်။

အဲဒီလိုနှင့် သူတို့တွေ ထမင်းစားသောက်ပြီးနောက် ဟိုကောင်တွေက Uno ဆော့နေတဲ့အချိန်မှာ ချောင်ကပ်ထိုင်နေသည့် မေဒေးနား သွားထိုင်ကာ စနည်းနာမိသည်။

"မေဒေး ... ဘာဖြစ်နေတာလဲ။ နေမကောင်းဘူးလား"





"ကောင်းပါတယ် နိုင်းရဲ့။ မနက်က အစောကြီးထပြီး ဘုရားသွားထားတော့ လူက အိပ်ရေးမဝဘဲ နုံးနေတဲ့သဘောပါ။. ဘာမှမဖြစ်ဘူး"

မေဒေးရဲ့အေးစက်စက်အဖြေကို သူက သိပ်ဘဝင်ကျလှသည် မဟုတ်သော်လည်း မေဒေးရဲ့လက်ဖျားလေးတွေကို တစ်ချက်ဖျစ်ညှစ်ဆုပ်ကိုင်လိုက်ရင်းက မေဒေးနှင့်အကြည့်ချင်း တမင်တကာကို ဆုံရလိုက်လေသည်။

မေဒေးက သူနှင့်စက္ကန့်ပိုင်းမျှ အကြည့်ချင်း ဆုံနေလိုက်ပြီးမှ သူ့အကြည့်တွေကို မခံနိုင်လို့ပဲ မျက်လုံးလွှဲလိုက်တာလား၊ ဒါမှမဟုတ် သူ့မျက်ဝန်းတွေထဲက အဓိပ္ပာယ်တွေကိုပဲ ဆက်မဖတ်ချင်တော့လို့ မျက်လုံးလွှဲလိုက်တာလားတော့ မပြောတတ်ဘဲ သူ့အကြည့်တွေကို တမင်တကာ ရှောင်လွှဲသွားတော့သည်။

အိုကေ ... ထားပါတော့။ သူ့ရဲ့ချစ်ရည်ရွှန်းလဲ့နေတဲ့ မျက်ဝန်းရဲ့ force ကို မခံနိုင်လို့ ရှောင်တယ်ပဲ ထားပါတော့။ နိုင်းသည် မေဒေးရဲ့လက်ဖျားလေးကို ဆုပ်ကိုင်ထားရာမှ အသာ



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ပေးလိုက်ပြီး မေဒေးဘေးနားမှထကာ ဘော်ဒါတွေကိုလူစုသည့်သဘောဖြင့် လက်ခုပ်နှစ်ချက်လောက်တီးလိုက်ပြီး ...

"ဟေး ... break ဟေ့။ အခု အစီအစဉ်ကတော့ birthday cake ခွဲမယ့် အစီအစဉ်ပါ"

"ဟာ ... birthday cake ခွဲဖို့လည်း ရှိတယ်လား"

"ဒါပေါ့ ... ကဲ ... မွေးနေ့ရှင် ဒီဘက်ကိုကြွပါ"

မေဒေးက သူ့စကားကြောင့် ကြမ်းပြင်မှာ ထိုင်နေရာက ထလာကာ သူညွှန်ပြရာ ဆိုဖာမှာဝင်ထိုင်သည်။ နိုင်းသည်နောက်ဖေးထဲဝင်ပြီး သူ မနေ့ကတည်းက အော်ဒါမှာထားသည့် birthday cheese cake ကြီးကို မ,ယူလာကာ မေဒေးရဲ့ရှေ့ကစားပွဲပေါ် တင်လိုက်သည်။ Happy Birthday ဖယောင်းတိုင်ပါစိုက်ထားသော ဒီဇိုင်းဆန်းပုံဖော်ထားသည့် ချိစ်ကိတ်ကြီးကိုငေးစိုက်ကြည့်နေသော မေဒေးက သူ့ကို အပြုံးနွေးနွေးတစ်ချက်ပေးကာ ...

"ကျေးဇူး နိုင်း၊ ငါ့မွေးနေ့အတွက် အားလုံးစီစဉ်ပေးထားတဲ့အတွက်ပါ"





"Nevermind ပါကွာ။ မေဒေး ပျော်ရင် ကိုယ်လည်းပျော်တယ်၊ ကဲ ... စလိုက်ရအောင်"

သူက ဖယောင်းတိုင်ကို မီးညှိကာ birthday သီချင်းကို သံပြိုင်ဆိုပြီးနောက် ဘတ်ဒေးကိတ်ခွဲကာ မေဒေးက သူ့ကို အရင်ခွံ့ကျွေးသည်။ အဲဒီနောက်မှာ မေဒေးက သူငယ်ချင်းတွေကို ဆက်ခွံ့ကျွေး၏။ အားလုံး စားပြီးသောက်ပြီးနောက်မှာတော့ သူတို့ယောကျ်ားလေးသုံးယောက်က နောက်ဖေးဝင်၍ အိုက်တိုးပကောစံ (အိုးတိုက်ပန်းကန်ဆေး)နေချိန်မှာ အိမ်ရှေ့က မေဒေးတို့မိန်းကလေးအုပ်စုက တော်လီကီဖောက်နေကြပါသည်။

"ဟဲ့ ... မေဒေး၊ နှင့်ရုပ်ကြီးက ဘာဖြစ်နေတာလဲဟ။ နိုင်းကို အားနာစရာ"

သူက အဲဒီအသံသဲ့သဲ့ ကြားလိုက်၍ ဆက်နားထောင်ဖို့ စဉ်းစားလိုက်သော်လည်း မိန်းကလေးတွေ စကားပြောတာ နားထောင်လို့ မကောင်းပါဘူးလေဆိုပြီး နောက်ဖေးထဲသာ ပြန်ဝင်လာလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့မိန်းကလေးတွေမှာလည်း အထာလေးတွေ တော့ ရှိဦးမှာပေါ့ တိုးတိုးတိတ်တိတ် တိုင်ပင်တာကို သူကတော့ နားလည်ပေးပါသည်။

* ○ *





"ဟဲ့ ... မေဒေး၊ နင့်ရုပ်ကြီးက ဘာဖြစ်နေတာလဲဟာ။ နိုင်းကို အားနာစရာ"

လေပြေစကားကြောင့် မေဒေးက ချက်ချင်းပြန်မဖြေ နိုင်သေးဘဲ ငိုင်နေမိသွားသည်။ ဟုတ်လည်း ဟုတ်တာပါပဲ။ ဒီနေ့ မေးဒေးပုံစံဟာ အရမ်းကိုညစ်နေသည့် ဒီဇိုင်းကို ပေါက်နေ ပေသည်။ အဲဒီအတွက် နိုင်းကိုလည်း အရမ်းအားနာရပါသည်။ ဒါပေမဲ့ မေဒေး ဟန်ဆောင်ပြီး ပြုံးနိုင်လောက်အောင် အင်အား မရှိပါ။

ဒီနေ့မှာ မေဒေးအတွက် စိတ်ညစ်စရာဖြစ်ရပါသည်။ ကိုကြီးနှင့် ခင်လမင်းတို့ စေ့စပ်ကြတော့မည်တဲ့။ ရက်တွေဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



ညှိနေတဲ့ အချိန်ကာလမို့ ကိုကြီးက မေဒေးကို လှည့်မကြည့်နိုင်အောင်ကို အလုပ်များနေပါသည်။ ဒီနေ့ မေဒေးမွေးနေ့ဆိုတာတောင် ကိုကြီး မှတ်မိရဲ့လားမသိ။ အခုချိန်ထိ မေဒေးဆီကို ဖုန်းလေးတစ်ချက်ဆက်ပြီး birthday wish မလုပ်သေးတဲ့ ကိုကြီးကို မေဒေး အရမ်းသတိရနေပါသည်။ ပြီးတော့ ကိုကြီးတို့ မကြာခင် စေ့စပ်တော့မည်ဆိုတဲ့သတင်းက မေဒေးကို အရမ်းနာကျင်စေပါသည်။

ကိုကြီးနှင့် ခင်လမင်းသာ လက်ထပ်သွားကြပြီဆိုရင် မေဒေးရဲ့အချစ်တွေအတွက် ကြိုးစားမှုအားလုံးက ပြီးဆုံးသွားပြီဖြစ်သည်။ အဲဒီစိတ်က မေဒေးကို များစွာထိခိုက်စေပါသည်။

"မေဒေး ... နင် ဘာဖြစ်နေတာလဲ။ နင့်ကြည့်ရတာ စိတ်ညစ်နေသလိုပဲ၊ ဘာလို့လဲ ကိုကြီးကြောင့်လား"

မေဒေးရဲ့အကြောင်းကို ခရေစေ့တွင်းကျ သိလေသော သံစဉ်က မေဒေးကို မေးလာလျှင် မေဒေးက လေပြေနှင့် သံစဉ် မျက်နှာကို တစ်ချက်ငေးကြည့်ကာ ခေါင်းဆတ်ပြလိုက်လေသည်။





"ဟုတ်တယ် ... ငါ ဒီလိုဖြစ်နေရတာ ကိုကြီးကြောင့်ပဲ"

လေပြေနှင့် သံစဉ်က ဟင်းခနဲ သက်ပြင်းချကာ မေဒေးကို စာနာသည့် အကြည့်တို့ဖြင့် ကြည့်သည်။ မေဒေးရဲ့ ငယ်ပေါင်းကြီးဖော် သူငယ်ချင်းမနှစ်ယောက်က မေဒေးရဲ့စိတ်ကို နားလည်ပေးနိုင်သောသူဖြစ်သည်။ မေဒေး ကိုကြီးကိုချစ်တယ်ဆိုတာလည်း သူတို့နှစ်ယောက်သိကြသည်။

ကိုကြီးကို ချစ်နေရက်နှင့် "နိုင်း သနားပါတယ်၊ နင် သူ့ကို အဖြေပေးလိုက်ပါဟယ်"ဆိုပြီး တိုက်တွန်းတာကလည်း သူတို့နှစ်ယောက်ပဲဖြစ်သည်။

မေဒေးရဲ့နှလုံးသားရေးရာ အစစကို ခရေစေ့တွင်းကျသိသော လေပြေနှင့် သံစဉ်က မေဒေးကို ကိုကြီးရဲ့ရည်းစားတွေ အကြောင်း စုံစမ်းပေးသူဖြစ်ပါသည်။

"အခု ကိုစစ်နေကွန်းက ဘာဖြစ်လို့လဲ"

"သူ့ ဟိုတစ်ယောက်နဲ့ စေ့စပ်တော့မယ်တဲ့"

"ဘယ်သူလဲ ... ခင်လမင်းကို ပြောတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ခင်လမင်းနဲ့ ကိုကြီးကို ငါ ဖြတ်လို့မရတော့ဘူး ထင်တယ်။ ကိုကြီးကြည့်ရတာ ခင်လမင်းကို တော်တော်ကြွေနေပုံရတယ်၊ ဒါကြောင့် ငါ့မွေးနေ့ကိုတောင် သူမေ့နေတယ်လေ"

မေဒေးက လေနေသော စိတ်တို့ဖြင့် ပြောလိုက်လျှင် လေပြေက မေဒေးရဲ့ပခုံးကို ခပ်ဖွဖွကိုင်ကာ နှစ်သိမ့်ပေးပါသည်။

"စိတ်ဓာတ်မကျပါနဲ့ဟာ။ သူတို့ လက်ထပ်ရသေးတာမှ မဟုတ်တာ၊ ငါတို့လည်း နင့်ဘေးနားမှာ ရှိနေတာပဲ။ နင် အခုတော့ ပြုံးပြုံးရွှင်ရွှင် နေလိုက်စမ်းကွာ၊ နင့်ကို နိုင်းက ဒီလောက်ဂရုစိုက်နေတာ။ နင် မျက်နှာပျက်နေလို့မဖြစ်ဘူး ...

နင်ပဲ ပြောဖူးတယ်လေ။ အကယ်၍ ကိုကြီးသာ နင့်အတွက် မဖြစ်တော့ဘူးဆိုရင် နင့်ဘေးနားမှာ နင့်ကို သိပ်ချစ်နိုင်တဲ့ နိုင်းရှိတယ်နေတယ်ဆိုတဲ့ အသိနဲ့တင် နင် ဖြေသာပါတယ်ဆို"

"ဒါပေမဲ့ ... ငါ နိုင်းကို သနားတယ်။ ပြီးတော့ ကိုကြီးကို လည်း မဆုံးရှုံးချင်ဘူး"





"အားလုံး အဆင်ပြေနိုင်မယ့် နည်းကိုတော့ တွေ့ဦးမှာပေါ့ဟာ။ ခင်လမင်းရဲ့နောက်ကြောင်းကို ငါတို့ စုံစမ်းကြည့်ပါဦးမယ်"

"ဟိတ် ... ဒီသုံးယောက် ဘာတွေ ခေါင်းချင်းဆိုင်ပြီး အတင်းတုပ်နေကြတုံး"

မေဒေးတို့ စကားစမပြတ်သေးခင်မှာပဲ နိုင်းတို့က ရောက်လာကြတာကြောင့် စကားစဖြတ်လိုက်ကာ ဖော့ရှောလုပ်လိုက်ရသည်။

"နင်တို့မကောင်းကြောင်းကို ပြောနေကြတာပေါ့"

သံစဉ်က ဝင်အရွှန်းဖောက်လိုက်လျှင် အားလုံးက ပြုံးကျသွားကြလေသည်။ အားလုံးက ကြမ်းပြင်ပေါ်မှာ စုထိုင်ရင်း ဘာညာသရကာ စကားပြောနေတုန်းမှာပဲ နိုင်းက စကားပြောတော့ မည့်ဟန်ဖြင့် လည်ချောင်းတစ်ချက် ရှင်းလိုက်ကာ ...

"ကဲ ... my fri တို့၊ ခဏလေး ငါပြောစရာလေးရှိပါတယ်"

"အံမယ် ... ထူးထူးဆန်းဆန်း ပြောစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ကျော်သူရက မျက်စပစ်လှမ်းမေးလျှင် သူကပြုံးစိစိ လုပ်နေပြီးမှ နောက်တစ်ခါ ထပ်ချောင်းဟန့်ပြီးမှ မေဒေးရဲ့မျက်ဝန်းတွေကို ငေးရီကြည့်နေရင်း ...

"ဒီနေ့ အားလုံးက မေဒေးကို ဘတ်ဒေးပရဲဆင့်ပေးတယ်မှလား။ အဲဒီတော့ ငါကလည်း မေဒေးကို ပေးစရာရှိတယ်"

မေဒေးသည် သူ့ရဲ့အဲဒီအပြောကြောင့် အသာပြုံးလိုက်ပြီး ...

"နင်က ဒီဘတ်ဒေးအတွက် အားလုံး အစအဆုံး စီစဉ်ပေးတာက နင့်ရဲ့မွေးနေ့လက်ဆောင်ပေါ့။ ဘာများပေးစရာလိုသေးလို့လဲ"

သူက မျက်စိတစ်ဖက်ကို ချစ်စဖွယ်ကောင်းအောင် မှိတ်လိုက်ပြီးမှ သူ့ဘောင်းဘီအိတ်ကပ်ထဲက ကတ္တီပါဘူးလေးကို ထုတ်ကာ ဖွင့်လိုက်လျှင် အဲဒီဘူးထဲက အီတလီပိုးကြိုးအနက်ကလေးနှင့် တွဲချိတ်ထားသော ကြည်ပြာရောင်အသည်းနှလုံးလော့ကတ်လေးကို လှပစွာတွေ့ရလေသည်။





"အဲဒါက ..."

မေဒေးက မသိသလို မေးဆတ်ပြီး ပြောလိုက်လျှင် နိုင်းက သူ့ရဲ့သွားဖြူတန်းလေးတွေပေါ်အောင် ပြုံးပြလိုက်ရင်းက ...

"မေဒေးကလည်း မသိချင်ယောင်ဆောင်နေတယ်၊ ဒါ ကိုယ့်ရဲ့မွေးနေ့လက်ဆောင်ပေါ့ ...

ဒီကြိုးလေးက စင်ကာပူက ကိုယ်ဝယ်လာခဲ့တာ။ ပြီးခဲ့တဲ့စင်ကာပူ show တုန်းက ကိုယ် တစ်လတောင်ကြာခဲ့တယ်လေ၊ အဲဒီကြိုးလေးကိုရဖို့ မေဒေးအကြိုက်ဖြစ်ဖို့ ကိုယ် တစ်လတိတိစဉ်းစားပြီး ရှာပြီးမှ ဝယ်ခဲ့တာ မေဒေးကြိုက်ရဲ့လားဟင်"

နိုင်းရယ် ...။

အဲဒီအပြောကြောင့် မေဒေးသည် ရင်ထဲမှာ ဆစ်ခနဲဖြစ်သွားရတော့သည်။ အခုလိုစကားတွေအတိုင်းလိုမျိုး မေဒေးပြောပြဖူးတာပဲ။ ကိုကြီးအတွက် မေဒေးက တစ်လတိတိ မုန့်ဖိုး



www.burmeseclassic.com

www.burmeseclassic.com



စုပြီး စိန်နားကပ်လေး ဝယ်ပေးခဲ့သည်။ အခု နိုင်းက မေဒေးကို မွေးနေ့လက်ဆောင်ပေးဖို့ တစ်လတိတိ စင်ကာပူမှာ စဉ်းစားပြီး ရှာပြီးဝယ်ခဲ့တာပါတဲ့။

မေဒေးသည် အချစ်ရဲ့နိယာမသဘောတရားတွေကို နားမလည်ဘဲ ချစ်သူကို ချစ်ခဲ့ပြီး ရည်းစားကို ကြိုက်ခဲ့မိတာ အကြီးအကျယ် မှားခဲ့ပါပြီ။

"ဟဲ့ ... မေဒေး၊ မေးနေတယ်လေ၊ ဖြေလိုက်ဦး"

သံစဉ်က မေဒေးရဲ့လက်ကို အသာကုတ်ကာ လှမ်းသတိပေးတော့မှ မေဒေးက ငိုင်နေတာကို လေပူတစ်ချက်မှုတ်ထုတ်၍ မေ့ဖျောက်လိုက်ကာ ဟန်ဆောင်ပြုံးတစ်ခုပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

"ကြိုက်တယ် နိုင်း။ မေဒေးကို အခုလို ဂရုစိုက်တဲ့အတွက် အရမ်းကျေးဇူးတင်တယ်"

"ကျေးဇူးတင်တယ်ဆိုရင် ကိုယ့်ကို အခွင့်အရေးတစ်ခု လောက်ပေးပါလား"





မေဒေးက သူ့ရဲ့စကားအဆန်းကြောင့် မေးဆတ်ပြကာ ပြောဆိုသည့် သဘောလုပ်ပြလျှင် သူက စိတ်လှုပ်ရှားစွာ နှုတ်ခမ်းကို လျှာဖြင့်တစ်ချက်သပ်လိုက်ပြီးမှ ကြည်လင်ချိုရှသော အသံဖြင့် စကားဆိုလာသည်။ နိုင်းစကားပြောရင် အသံမှာ အရမ်းဆွဲဆောင်မှုရှိပြီး နားထောင်လို့ကောင်းပါသည်။ ဒါကြောင့်မို့လို့ နိုင်းက နာမည်ကြီး ရက်(ပ်)ပ့်ါအဆိုတော်ဖြစ်တာ ထင်ပါသည်။

"ဟိုဟာလေ ... မေဒေး ဒီဆွဲကြိုးလေးကို ကိုယ် မေဒေးကို ဆွဲပေးချင်တယ် ...

ခွင့်ပြုပေးပါလားဟင်၊ ကိုယ် အရမ်းမျှော်လင့်ထားလို့ပါ မေဒေးရယ်"

မေဒေးကို ခွင့်တောင်းနေသည့် နိုင်းရဲ့ပုံစံဟာ အင်း ... ဥပမာပြောရရင်တော့ သူ့ရဲ့အိပ်မက်ဖြစ်သည့် အဆိုတော်ဖြစ်ချင်လွန်း၍ သူ့ကို စီးရီးထုတ်ပေးမယ့် producer ကို ခယအသနားခံနေရသည့် ပိစိအဆိုတော်ကောင်လေးနှင့် တူပါသည်။ မေဒေးဟာ သူ့ကို သနားလည်းသနားသွားမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို နှစ်နှစ်ကာကာမချစ်ပါဘဲနှင့် မေဒေးအပျော်တွဲသလို လုပ်ထားတာဟာ အရမ်းရက်စက်လွန်းရာ ရောက်နေတယ်ထင်တယ်။ ဒါပေမဲ့လည်း မေဒေး နိုင်းကို အပြေပေးအောင် အရောက်ပို့တိုက်တွန်းခဲ့တာဟာလည်း မေဒေးရဲ့သူငယ်ချင်း လေပြေနှင့် သံစဉ်ဖြစ်သလို၊ အဓိက,ကတော့ မေဒေးချစ်ရပါသည့် ကိုကြီး ဖြစ်သည်။

"မေဒေး ... ခွင့်ပြုမယ်မှလားဟင်"

မေဒေးဘက်က ဘာမှ လှုပ်လှုပ်ရှားရှား မရှိဘဲ ငူတူတူလုပ်နေတာကို သူက ရိပ်မိနေတာကြောင့် သူမမျက်နှာကို ထပ်ကြည့်ကာ မေးလျှင် မေဒေးက ခေါင်းညိတ်ပြလိုက်ပါသည်။ ဒီအခါမှာတော့ သူဟာ အရမ်းကို ပျော်ရွှင်သွားဟန်ဖြင့်အရည်တဖျပ်ဖျပ်လှဲ့နေသော ကြည်ပြာရောင် အသည်းလော့ကတ်သီးလေးနှင့် တွဲထားသော အီတလီပိုးကြိုးလေးကို မေဒေးရဲ့လည်တိုင်မှာ ဆွဲပေးပါသည်။ ပြီးတော့ မေဒေးရဲ့မျက်ဝန်းတွေကို အချစ်ဓာတ်တို့ မြင့်မားနေသော အရည်လဲ့မျက်ဝန်းတို့ဖြင့် စိုက်ကြည့်ကာ အားလုံးရဲ့ရှေ့မှာပဲ သူ့ရင်ထဲက စကားတစ်ခွန်းကို အတည်ပြုကြေညာလိုက်သည်။





"ကိုယ့်ဘဝရဲ့အချစ်ဆုံး မေဒေးဟာ ကိုယ့်ရဲ့နှလုံးသားပါ။ မေဒေးနဲ့ တည်ဆောက်ထားတဲ့ ကိုယ့်အတွက် မေဒေးဟာ အရမ်းအရေးကြီးပါတယ်၊ မေဒေးက ကိုယ့်ရဲ့မနက်ဖြန်တွေပါပဲ"

သူ့ရဲ့စကားတွေကို နားထောင်ပြီးသောအခါ မေဒေးဟာ ခံစားရလွန်းလို့ ကြက်သီးတောင် ထသွားမိသည်။ မှတ်တောင်ထားရပါဦးမည်။ နိုင်းရဲ့မနက်ဖြန်တိုင်းဟာ မေဒေးပါတဲ့။ မေဒေးရဲ့မနက်ဖြန်တိုင်းကကော ... ? ။

"ကျေးဇူးတင်ပါတယ် နိုင်း"

မေဒေးရဲ့ခပ်တိုးတိုး ကျေးဇူးတင်မှုကို သူက ကျေနပ်စွာခံယူရင်း, မေဒေးကို မနက်ဖြန်တွေ အပ်နှင်းသည်။ ဘယ်သူပြောတာလဲတော့ မသိဘူး။ မေဒေးကြားဖူးထားသည်။ အချစ်ဆိုတာ လက်ခံသူရှိမှ၊ ဖွင့်ပြောပါမှ ရသပေါ်လွင်မည့် အရာတစ်ခုတဲ့။

ဒါဆိုရင်တော့ နိုင်းရဲ့အချစ်တွေက ရသတော့ပေါ်လွင်ခဲ့ပြီဖြစ်သည်။ လောလောဆယ်မှာတော့ သူဟာ မေဒေးကို ဖွင့်လည်းပြောခဲ့ပြီးလို့ မေဒေးကပါ ပြန်လက်ခံခဲ့တာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ရသပေါ်လွင်သွားခဲ့သူဖြစ်သည်။ အဲဒါဆို ကိုကြီးကလည်း ထို နည်းတူပါပဲ။ ရသပေါ်လွင်သွားခဲ့ပြီ။ မေဒေးမှာသာ ချစ်တဲ့သူကို ဖွင့်ပြောခွင့်လည်းမရှိ လက်ခံခွင့်လည်းမရှိတဲ့ မျှော်တော်ယောင် ဘဝနှင့်သာ ပြေသိမ့်ရသည်။

တစ်ဖက်သတ်အချစ်ဆိုတာ တစ်ဖက်ကသတ်နေမှန်း သိပါရက်နှင့် အဲဒီတစ်ဖက်ကိုပဲမြင်ပြီး အချစ်ဟု မိုက်ရူးရဲဆန်စွာ နာမည်တပ်ခဲ့တာဖြစ်သည်။

*○*









www.burmeseclassic.com

www.burmeseclassic.com







# ၆

မနေ့က နိုင်း လာပေးသွားတဲ့ Jewelry fashion show ကို မေဒေးက စိတ်ပါလက်ပါနှင့်ကို ထိုင်ကြည့်နေတာဖြစ်ပါသည်။ ဒီ show က လက်ရှိနာမည်ကြီးနေသည့် မင်းသားမင်းသမီးစသည့် celebrity တွေ ပါဝင်တာကြောင့် အရမ်းခမ်းနားပါသည်။ နိုင်ကလည်း ဒီပွဲမှာ မင်းသမီး(......)နှင့် တွဲဖက်၍ catwalk လျှောက်တာမို့ မေဒေးက စိတ်ဝင်တစား ကြည့်တာဖြစ်သည်။ နိုင်းဟာ ရက်(ပ်)ပါတစ်ယောက် ဖြစ်ပေမယ့် သူ့ရက်(ပ်)တွေဟာ pop rap ပုံစံ ဖြစ်တာကြောင့် မေဒေးက သူ့ပရိသတ်ဖြစ်သည်။ အဆိုတော်ဖြစ်သည်သာမက ရုပ်ရည်လေးကလည်းရှိတာကြောင့် သူ့ကို ရုပ်ရှင်ရိုက်ဖို့ ကမ်းလှမ်းကြသည့် ကုမ္ပဏီ



www.burmeseclassic.com

www.burmeseclassic.com



တွေလည်း ရှိသော်လည်း သူက ခပ်ပြုံးပြုံးပဲငြင်းကာ မျက်နှာအရမ်း နာရတဲ့ ကြော်ငြာမျိုးလောက်သာ ရိုက်ပါသည်။

မေဒေးက "နင့်ကြော်ငြာတွေ ဒီလောက်ပေါက်တာ နင် ရုပ်ရှင်ပါ ဝင်ရိုက်လိုက်ပါလား"ဟုဆိုလျှင် နိုင်းက မေဒေး ကိုပြုံးလျက် ဘယ်တော့မေးမေး အဲဒီအဖြေပဲ ဖြေပါသည်။

"ငါ မင်းသားလုပ်ရင် အလုပ်တွေ ပိုများကုန်မယ်။ အဲဒီ တော့ နင်နဲ့မတွေ့ရဘူး။ နင်နဲ့မတွေ့ရဘူး ဆိုမှတော့ ငါ က ဘယ်ကဘယ်လို mood ရပြီး ရိုက်ရမှာလဲ ...

မလုပ်ပါနဲ့ဟာ ... ဒီအတိုင်းလေးပဲ ကောင်းပါတယ်။ ငါ ရုပ်ရှင် producer တွေကို အားနာတယ်၊ သူတို့နဲ့ မျက်နှာပျက်အောင် မလုပ်စမ်းပါနဲ့ဟာ"

သူ အဲဒီလိုဖြေတိုင်း မေဒေး အရမ်းစိတ်မကောင်း ဖြစ်ရပါသည်။

သူ့ကို သူငယ်ချင်းသံယောဇဉ်ထက် နည်းနည်းပို ချစ်မိတာကြောင့် မေဒေးက စေတနာထားပါသည်။ သူ့ဘဝ ထက်မက အောင်မြင်ကျော်ကြားဖို့အတွက် မေဒေးမျှော်လင့်သည်။





သူနှင့်မေဒေး လက်ရှိတွဲနေကြတဲ့ ကာလလေးမှာ မေဒေးက သူ့ အလုပ်တွေကို တတပ်တအားတော့ ကူပေးတတ်ပါသည်။

သူက အဲဒီအတွက် အရမ်း feel ဖြစ်ကာ သူ့ပရိ သတ်တွေကို သူ့ချစ်သူအကြောင်း ပြောပြတော့မည်ဆိုပြီးလုပ်လျှင် မေဒေးမှာ အသည်းအသန် တားရပါသည်။ သူတို့အနုပညာအသိုင်း အဝန်းမှာ မေဒေးဟာ သူ့ရည်းစားအဖြစ် လူလုံးထွက်မပြချင်တာ ဟာ သူ့အတွက်ကော မေဒေးအတွက်ကောပါ,ပါသည်။ မေဒေး သဘောထားတာက နိုင်းနှင့် မေဒေးတွဲကြတယ်ဆိုတာ လူငယ်တို့ ဘာသာဘာဝ အပျော်ရည်းစားထားတာမျိုးဖြစ်သည်။ သို့ပေမဲ့ နိုင်းသဘောထားတာက တကယ့်အတည်ရည်ရွယ်တာမျိုးကြီးဖြစ် သည်။

အဲဒီအတွက် မေဒေးဟာ နိုင်းကို အားနာမိသွားသလို နိုင်းကို ရည်းစားတော်ခဲ့မိတာ မှားများမှားသွားပြီလားဟု တွေးမိ လေသည်။ မေဒေးဘက်ကတော့ သူနှင့်တွဲစဉ်ကာလတစ်လျှောက် လုံး စေတနာထားခဲ့ပါသည်။ နိုင်းနှင့် မေဒေးဟာ တစ်သက်လုံး လား ခဏပဲလားဆိုတာ ဘာမှတိတိပပ ပြောလို့မရချေ။



www.burmeseclassic.com

www.burmeseclassic.com



"မနေ့ကအထိ xxx မင်းရဲ့အချစ် မျှော်လင့်မိတယ် xxx မင်းကမသိ xxx တချက်မှမကြည့်တာ ဘယ်လိုလုပ်မလဲ xxx ဝေဒနာတွေပဲ xxx ဆက်တိုက်ရတဲ့ အချိန်တိုင်းမှာ xxx ကြောက်မိခဲ့တယ် ချစ်သူ xxx တို့မိန်းကလေးပါ ...

ကံတွေဆိုးဆိုး xxx မင်းမျက်လုံးကရိုးရိုး xxx မင်းရင်ခုန်သံတိုးတိုး xxx ဘယ်လိုလုပ် ကိုယ်ရှေ့ဆက်ရမလဲ xxx ဆိုးဆို တစ်ဖက်သတ် ချစ်တာမျိုးမို့ xxx ကိုယ်ငိုချင်နေပြီ"

အဲဒီ သီချင်းသံဟာ ဘယ်ကလာတာပါလိမ့်။ မေဒေးသည် တံခါးပိတ်ထားတဲ့ ဒီအခန်းထဲမှ ပျံ့လွင့်လာတဲ့ သီချင်းသံဟာဘယ်ကပါလိမ့်ဆိုပြီး တွေးမိသွားသည်။ ဒီသီချင်းကို မေဒေးသီးသန့် ringtone လုပ်ထားသည်ပဲ။ အဲဒီ ringtone က ... ? ။ မေဒေးသည် ဖြုန်းခနဲ သတိရကာ ခေါင်းအုံးအောက်ကဖုန်းကို အသည်းအသန် ယူရလေသည်။ မေဒေးရဲ့အူကြောင်ကြောင် စဉ်းစားခန်းဝင်နေမှုကြောင့် ဖုန်းက သတ်မှတ်ချိန်အတွင်း ပြန်





လည်ဖြေကြားခြင်းမရှိတာကြောင့် လာနေတဲ့ ringtione ကပြတ်ကာ missed call ဖြစ်သွားသည်။

အား ... သေလိုက်ပါတော့ မေဒေးရယ်။ ဒီ ringtone ဟာ တစ်လောကလုံးမှာ မေဒေးရဲ့ကိုကြီးအတွက် သီးသန့် ringtone အဖြစ် မေဒေးက သတ်မှတ်ပြီး လုပ်ထားတာဖြစ်သည်။ အဲဒီ ringtone ဟာ မေဒေးအတွက်တော့ အရမ်းကိုကြားရခဲပါသည်။ နှစ်လနေလို့ တစ်ခါကြားချင်မှ ကြားရတဲ့ ဒီ ringtone ဟာ ဒီကနေ့တော့ ထူးထူးခြားခြား။

မေဒေးဟာ ကြုံတောင့်ကြုံခဲ အခွင့်အရေးကိုမှ ဖုန်းမကိုင်ဖြစ်ဘူး ဖြစ်ရတယ်လို့။ မေဒေးရဲ့မွေးနေ့ကို လူမလာ ဖုန်းမဆက်တဲ့ အဆက်ဖြတ်ထားတဲ့ ကိုကြီးကို မေဒေးက ဒေါသတွေထွက်နေတာဖြစ်သည်။ ဒီနေ့ပဲ ဆယ့်တစ်ရက်နေ့ရှိပြီ။ ဘာပဲဖြစ်ဖြစ် မေဒေး birthday ကို မေ့တာကတော့ ကိုကြီး အရမ်းလွန်ပါသည်။ အဲဒါကြောင့် မေဒေးက ဆန္ဒပြသည့်အနေဖြင့် ကိုကြီးကို လုံးဝသွားမတွေ့ဘဲ အဆက်ဖြတ်နေတာ ဆယ့်တစ်ရက်ရှိပြီ။



www.burmeseclassic.com

www.burmeseclassic.com



အခု ကိုကြီးဆီက ဖုန်းလာတဲ့အခါမှာ မေဒေးဟာ အဲဒီနာကျင်စိတ်တွေ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ကာ ဖုန်းပြန်ခေါ်ချင်စိတ်တွေက နန့်နန့်ထိုးတက်နေလို့ အတင်းဖိနှိမ်ထားရလေသည်။

နင် ... ဒီလောက်တော့ သိက္ခာရှိစမ်းပါ မေဒေးရယ်။ ကိုကြီးဆီက ဖုန်းထပ်လာလျှင် မေဒေး အပြတ်ကိုကောရမည်။ မေဒေးဟာ စိတ်ကိုတင်းထားလိုက်ပြီး ကိုကြီး ဖုန်းထပ်အခေါ်ကို စောင့်နေလိုက်သည်။

"မနေ့ကအထိ xxx မင်းရဲ့အချစ် မျှော်လင့်မိတယ် xxx
မင်းကမသိ xxx တချက်မှမကြည့်တာ ဘယ်လိုလုပ်မလဲ xxx
ဝေဒနာတွေပဲ xxx ဆက်တိုက်ရတဲ့ အချိန်တိုင်းမှာ"

မေဒေးသည် ဗိုင်းစုရဲ့သာယာလှသော အသံလေးကိုတောင် ကြာကြာနားမဆင်နိုင်တော့ဘဲ မေဒေးရဲ့အချစ်တုံးလေး blackberry ကို တစ်ချက်နမ်းကာ ဖုန်းကိုင်လိုက်ပါသည်။ မေဒေး ဖုန်းအကိုင်မှာ ဟယ်လိုတောင် မလုပ်ရသေး ကိုကြီးရဲ့သံလိုက်





ဓာတ်အပြည့်ပါသော အသံနောက်သို့ မေဒေးဆိုသော သံတိုသံစလေးက ဘတ်ဆိုပြေးကပ်ချင်စိတ်တွေ ပေါက်သွားအောင် ကိုကြီးက ဆပ်(ပ်)ပရိုက် လုပ်တတ်သူဖြစ်သည်။

"မေဒေး ... ညီမလေး ကိုကြီးကို စိတ်ကောက်နေလို့ ဖုန်းမကိုင်တာလား။ ပြောပါဦး ညီမလေးရယ်"

အဲဒီအပြောလေးတစ်ခုနှင့်တင် မေဒေးဟာ စောစောက ကောမယ်ဆိုတဲ့ စကားတွေအားလုံး ပျောက်ကုန်ကာ စိတ်နာတာတွေ စိတ်တိုတာတွေ အားလုံးရှင်း၍ ကိုကြီးရဲ့အရှိန်ဟုန်ကြီးမားပြင်းထန်တဲ့ စကားမြစ်ပြင်ကြီးထဲမှာ မေဒေးဟာ ဒလိမ့်ခေါက်ကွေး ကျွမ်းထိုးမှောက်ခုံကို ပစ်လဲပြိုကျကုန်တာဖြစ်သည်။

"မေဒေး ... ကိုကြီးကို တကယ်စိတ်ဆိုးသွားတာလားဟင်။ တစ်ခုခု ပြောပါကွာ"

အဲဒီအပြောကို မေဒေးက ထပ်မံခံစားကာ ရင်တွေဘာတွေခုန်၍ မေဒေးကပင် ကိုကြီး ပြန်စိတ်ဆိုးသွားမှာကြောက်၍ မှုတောင်မှုမနေတော့ဘဲ ချက်ချင်းပြန်ဖြေလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ ကိုကြီး၊ ဘာကိစ္စရှိလို့လဲ"

"မေဒေးရယ် ... ကိုယ်လေ တကယ် တကယ်တောင်းပန်တယ်။ အချိန်တွေသာ ပြောင်းပြန်လှန်ခွင့်ရှိရင် ကိုယ်(၁) ရက်နေ့ကို ပြန်ပြောင်းပြီး အဲဒီနေ့က မေ့ခဲ့တဲ့ ကိုယ့်ကိုယ်ကိုယ် အသေကို အမှုန့်ကြိတ်ပစ်လိုက်ချင်တယ်"

အားလားလား ... အရမ်းမိုက်တာပဲကွာ။ မေဒေးသည် ကိုကြီးရဲ့တော်လ်ကီတွေမှာ ရေရေလည်လည်ကို မျောပါသွားလျက် နှလုံးသားတစ်ခုလုံးက ကြေကျကာ မြေခသွားတော့သည်။ ကိုကြီးကိုဆို အပြစ်မယူ ချစ်သူအဖြစ် သဘောထားတဲ့ မေဒေးရဲ့ခံစားချက်တွေကိုတော့ ဘယ်သူက နားလည်ပေးမှာတုံး။ အထူးသဖြင့် ကိုကြီးကတော့ သိမယ်တောင် မထင်ပါ။

ထားပါတော့လေ ... အဲဒါကိုက မေဒေးရဲ့ဝဋ်ကြွေးပဲ သတ်မှတ်တာပေါ့။

"ရပါတယ် ကိုကြီးရဲ့။ မေဒေး နားလည်ပါတယ် ... အဟဲ"





"မေဒေး အဲဒီလို နားလည်ပေးတော့ ကိုကြီး ပိုအားနာတယ်ကွာ။ အဲဒီနေ့က မေဒေးမွေးနေ့ကို ကိုယ် တကယ်မေ့သွားတာပါကွာ။ ခင်လေးနဲ့ တစ်နေကုန် ကိစ္စရှိလို့ အပြင်သွားနေတာမို့လို့ ကိုယ် သတိမထားမိဘူး ဖြစ်သွားတယ် ... ပြီးတော့ ..."

"ကဲ ... တော်ပါတော့ ကိုကြီးရယ်။ မေဒေး စိတ်မဆိုးပါဘူးဆို၊ ဘာမှမရှင်းနဲ့တော့။ မေဒေး နားလည်ပါတယ်"

မေဒေးက ကိုကြီးရဲ့ရှင်းပြချက်တွေကို ရင်အကွဲခံပြီး နားထောင်ပေးချင်တဲ့သူ မလုပ်ပါရစေနဲ့၊ အဲဒီတွက် မေဒေးသည် ကိုယ့်ဖီးလ်တွေကို ရော်ကွက်အဖြစ် ထားလိုက်ကာ အေးဆေးပဲ နေလိုက်တာဖြစ်သည်။

"မေဒေး တကယ် ပြောတာနော်"

"တကယ်ပါ ကိုကြီးရဲ့။ မေဒေး နားလည်ပါတယ်"

"အဲဒါဆို ဒီနေ့ညနေကျောက် အားလား။ ကိုကြီး မေဒေးကို တစ်ခုခု လိုက်ကျွေးချင်တယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



မေဒေးသည် အဲဒီအပြောကြောင့် ရင်တစ်ချက်တော့ခုန်သွားသည်။ ဒီနေ့ညနေ ကိုကြီးရဲ့ချိန်းဆိုမှုကို မေဒေး လက်ခံသင့်မသင့် ဆုံးဖြတ်ဖို့အတွက် ကိုကြီးဆီက confirm တစ်ခုတော့ယူရပါဦးမည်။

"ကိုကြီးနဲ့ မေဒေး နှစ်ယောက်တည်းလား။ ဘယ်သူပါဦးမလဲ"

"ဘယ်သူပါရမှာလဲ။ မကြီးကလည်း အပြင်တွေ ဘာတွေသိပ်သွားချင်တာ မဟုတ်ဘူးလေ။ အဲဒီတော့ ကိုကြီးနဲ့မေဒေး နှစ်ယောက်တည်းပေါ့ ... ဘာလဲ။ မေဒေးကဘယ်သူ့ကို ခေါ်လာမလို့လဲ၊ ရတယ်လေ ခေါ်ခဲ့ပေါ့"

အင် ... သေပါတော့။ မေဒေးဆိုလိုချင်တာက ဟိုမိန်းမ ခင်လမင်း မပါဘူးလား ပါမှာလား ဆိုတာကိုသိချင်၍ စကားတောက်တာဖြစ်သည်။ အဲဒါကို ကိုကြီး ထင်သွားတာက မေဒေးဟာ တခြားတစ်ယောက် (ကိုကြီးစကားရဲ့အရိပ်အယောင်ထဲမှာတော့ နိုင်းကိုပြောတာဟု မေဒေးကတော့ ထင်သည်)ကို ခေါ်မယ်ဆိုပြီး ထင်နေတာဖြစ်သည်။





အဲလို အရိပ်ပြတိုင်း အကောင်မမြင်တတ်သော၊ အကောင်ကြီးချပြတာတောင် ဒါဘာကောင်လဲဟင် ဆိုပြီးမေးမယ့် ကိုကြီးရဲ့ တုံးအအပုံစံကြောင့် မေဒေးရဲ့တစ်ဖက်သတ်အချစ်တွေကို [illegible]စ်ဖွန်းတစ်စမှ မမြင်ခဲ့တာပေါ့။ သိပ်ဝေးလွန်းတယ် ကိုကြီးရယ်။ တခြားမိန်းကလေးတွေနှင့် ပတ်သက်လာရင် နပ်သလောက် မေဒေးကိုကျတော့ ဘာအထာမှမရှိတာ သိပ်ကိုခက်လှပါသည်။

"မခေါ်ပါဘူး၊ ခေါ်စရာလူလည်း မရှိဘူး။ ပြောလေ ... ဘယ်လာခဲ့ရမှာလဲ"

"အာ ... ကိုကြီး လာခေါ်မှာပါ။ ဦးနဲ့အန်တီကို ခွင့်တောင်းပြီး မေဒေးကို လာခေါ်မှာပေါ့"

အင်း ... အရမ်း အရမ်းကို လူမှုရေးသိတတ်လွန်းသည့် ကိုကြီးတစ်ယောက် မေဒေးအချစ်တွေကိုမြင်ရင် အားနာပြီးပြန်ချစ်ပါစေကွယ်။ လောလောဆယ်တော့ မြင်ဖို့နေနေသာသာ မေဒေး လှတယ်ဆိုတာတောင် သိရဲ့လား မပြောတတ်ပါ။

"အဲဒါဆိုလည်း ပြီးတာပဲ။ ဘယ်အချိန် လာခေါ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကိုကြီးက ဒီနေ့ကုမ္ပဏီမှာ meeting လည်းရှိ နေတော့ အိမ်ပြန်ရောက်မှာနဲ့ဆို အင်း ... ဟို ... ခြောက် နာရီခွဲလောက် လာခဲ့မယ်လေ။ အဆင်သင့်လုပ်ထားလိုက် နော်"

"ဟုတ် ... ဟုတ် အဲဒါဆို ဒါပဲနော်"

"အိုခေ ... မေဒေး။ ဩော် ... မေဒေး Happy Birthday ပြီးတော့ sorry နော်။ မေဒေးကို birthday wish နောက် ကျပြီး လုပ်မိတဲ့အတွက်"

မေဒေးကို အဲဒီလိုပြောကာ သူ့အရင်ဦးအောင် ဖုန်းချသွားလေတော့သည်။ အင်း ... ဒါလည်း မေဒေးအတွက် ဝင့်ပါပဲ။ ကိုကြီးဘက်က ဘာတွေ ဘယ်လိုပဲ ဖောင်းလ်ခဲ့ဖောင်းလ် ခဲ့ မေဒေးဟာ ဘာမှစိတ်မနာနိုင်ဘဲ ကိုကြီးကို ချစ်မြဲချစ်ဆဲပင်။ ဒီနေ့မှာ မေဒေးနှင့် ကိုကြီး နှစ်ယောက်တည်း ညစာသွားစားကြ မည့် အဖြစ်ကြောင့် မေဒေးဟာ ဘာဆိုဘာမှ မတွေးနိုင်မတင်းနိုင် တော့ဘဲ အပျော်ကြီးပျော်ကာ ညနေအတွက်ကိုသာ စိတ်ကူးယဉ် နေမိတော့သည်။





မေဒေးနဲ့ ကိုကြီးသာ ချစ်သူတွေဖြစ်ရင် ဘယ် လောက်ကောင်းလိုက်မလဲ။ အခုတော့ မေဒေးကသာ သေအောင် ကျိတ်ချစ်နေရသည့်အဖြစ်။ တွေးကြည့်ရင်တော့ အရှမ်းဝမ်းနည်း ဖို့ ကောင်းပါသည်။ ဒါပေမဲ့လည်း မေဒေးက ကိုကြီးမှ ကိုကြီး ဖြစ်နေတော့ ဘာမှမတတ်နိုင်ပါချေ။

အဲဒီလိုနှင့် မေဒေး နာရီပေါင်းများစွာ စိတ်ကူးယဉ် နေရသော ညနေခင်းကို ရောက်သောအခါ မေဒေးက လေးနာရီ ကတည်းက အတော်အစားရွေးရ ဖြီးလိမ်းပြင်ဆင်ရနှင့် အရှမ်းကို ခေါင်းစားရပါသည်။ တစ်ထည်ရွေးလိုက် မကြိုက်လိုက်နှင့် တော် တော်လေးရွေးပြီးမှ မေဒေးစိတ်ကြိုက် ဖြစ်သွားတော့သည်။ အဲဒီ တော့မှပဲ မေဒေး ရေချိုးခန်းထဲဝင်ကာ စိတ်အေးလက်အေးရေချိုး နိုင်တော့သည်။

ရေချိုးပြီးသည့်နောက်မှာတော့ မေဒေးက ခေါင်းက ဆံပင်တွေ ရေခြောက်အောင် တဘက်ဖြင့် ခပ်ကြမ်းကြမ်းသုတ် ကာ Paul mitckeul ရဲ့ရှမ်ပူနံ့ကို ခံစားကာ သီချင်းလေးတအေး



www.burmeseclassic.com

www.burmeseclassic.com



အေး ရှိနေစဉ်မှာ နိုင်းဆီက ဖုန်းဝင်လာလေသည်။ မေဒေးက ဖုန်းကိုင်လိုက်လျှင်တော့ ...

"မေဒေး ... ဒီနေ့ညနေ အားလား"

"ဟယ် ... ဘာလုပ်ဖို့တုံး။ အခုပဲ ညနေစောင်းနေပြီလေ"

"ဟိုဟာ ... နင်နဲ့ ငါ တွေ့ပြီး ညစာစားမလားလို့"

ဩော် ... တိုက်ဆိုင်လိုက်ပုံများကွယ်။

ဆောရီးပါ နိုင်းရေ။ နင့်ကို ငါ အရမ်းအားနာပါတယ်။ နင်က ငါ့ရည်းစားဖြစ်ပေမယ့် ငါ့နှလုံးသားက ကြွေတောင်ကြွေခဲ့ အခွင့်အရေးနောက်ကို လိုက်ချင်တာကြောင့် ငါ နင့်တောင်းဆိုမှုကို ငြင်းပါရစေနော်။

"ဆောရီးပါ နိုင်းရယ်၊ နောက်ရက်မှ သွားတာပေါ့။ ငါ ဒီနေ့ညနေ စားပွဲတစ်ခု သွားစရာရှိလို့ပါ"

"ဟုတ်လား ... အင်း ... ရပါတယ်။ နောက်မှပေါ့ ... အခု သွားဖို့ ပြင်ဆင်နေတာလား"

"ဟုတ်"





"အိုခေ ... လှလှလေးပြင်နော်။ ကိုယ့်မေဒေးက လှပြီးသားဆိုတော့ Evenig Gown လေးနဲ့ အရမ်းမိုက်မှာ၊ အား ... သတိရလာပြီကွာ"

အဲဒီအပြောလေးကြောင့် မေဒေးသည် နင်တင်တင်ဖြစ်ရပါသည်။ မေဒေး သိပ်ရိုင်းလွန်းတဲ့မိန်းမ ဖြစ်နေပြီလား။ ကိုယ့်ကို ဒီလောက်ချစ်တဲ့ ရည်းစားကိုလည်း လက်မလွှတ်နိုင်၊ ကိုယ်ချစ်နေရတဲ့ ကိုကြီးကိုလည်း လက်လှမ်းချင်တုန်း။ အဲဒီအတွေးနှင့်တင် မေဒေးဟာ ဓားပါးပါးနှင့် လှီးခံနေရသလို နှလုံးသားက ခံစားလာရပါသည်။

"အင်း ... အဲဒါဆို မေဒေး ဆက်ပြင်လိုက်ဦးနော်။ ညကျမှ ကိုယ်ဖုန်းဆက်မယ်၊ ဆယ့်တစ်လောက်ပေါ့။ ရတယ်မှုလား"

"ရပါတယ် ... ဆက်လိုက်လေ"

"အိုခေ ... ဒါပဲနော် မေဒေး။ ဘိုင့် ... Mizz u mwah !"

နိုင်းက ပြောင်စပ်စပ်ဖြင့် အာဘွားပေးသလို မွှက်(ပ်)ဆိုပြီး လုပ်လိုက်လျှင် မေဒေးက မချိပြုံး ပြုံးမိသွားသည်။ မေဒေး



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အရမ်းအားနာပါသည်။ အဲဒီအတွက် သူပျော်ရွှင်အောင် မေဒေးတစ်ခုတော့ ပြောရပါမည်။

"နိုင်း ... ခဏ"

"ဘာပြောမလို့လဲ မေဒေး၊ ပြောလေ"

"ဟို ... ဒီနေ့ မေဒေး သွားမယ့်ပွဲမှာ နိုင်းပေးထားတဲ့ ဆွဲကြိုးလေး ဆွဲသွားမယ်နော်။ thank you နိုင်း။ မေဒေးကို အရမ်းချစ်တဲ့အတွက်"

"ကိုယ် အရမ်းဝမ်းသာသွားပြီကွာ။ အိုခေ ... တာ့တာ"

နိုင်းနှင့် ဖုန်းပြောပြီးနောက်မှာ မေဒေးဟာ သက်မ တစ်ချက်ရှိုက်လိုက်ကာ မျက်လုံးကိုမှိတ်၍ ခေါင်းအသာယမ်းလိုက်သည်။ အခန်းထဲမှာဖွင့်ထားတဲ့ ခပ်ဆွေးဆွေးတေးသွားကြောင့် မေဒေးစိတ်တွေ ပိုဆွေးကုန်တာမို့ မေဒေးက ပတ္တမြား FM ကို ပြောင်းဖွင့်လိုက်သည်။

ပတ္တမြား FM ကလာတဲ့ သီချင်းတွေကိုနားဆင်ရင်း အပြင်သွားဖို့ ပြင်ဆင်လိုက်တော့သည်။ မေဒေးရဲ့ပြင်ဆင်မှု အပြီးသတ်အနေဖြင့် ရေမွှေးဆွတ်ကာ ကိုယ့်ကိုယ်ကိုယ် မှန်ထဲ





ပြန်ကြည့်မိသည့် အချိန်မှာတော့ ဖွင့်ထားတဲ့ FM က လွှင့်တဲ့ သီချင်းကြောင့် လူက ထုံပေပေ ဖြစ်သွားရသည်။

"ငါ့ရင်ခွင်ကို နင်းဖြတ်သွားပါ xxx ဘယ်သူမှမသိအောင် ဘဲ xxx တိတ်တိတ်လေး ကြေကွဲငိုနေဆဲ xxx ချစ်နေ တာဟာ အဆုံးတစ်သက်ထိပါ xxx ချစ်ခဲ့တဲ့သူလည်း အသည်းလေးကွဲပေမယ့် xxx သတိမှတ်ထားပါတယ် xxx သူမအတွက် my heart "

အဲဒီသီချင်းဟာ ပြီးခဲ့တဲ့ရက်ကမှ ထွက်ထားသည့် နိုင်းရဲ့စီးရီးသစ်ထဲက သီချင်း "သူမအတွက် my heart" ဖြစ်သည်။ အဲဒီသီချင်းဟာ လက်တလော hit အဖြစ်ဆုံးသီချင်း ဖြစ်နေပါသည်။ စာသားတွေက မေဒေးကို အထိဆုံးဖြစ်တဲ့အတွက် မေဒေးက အရမ်းခံစားရပါသည်။ နိုင်းကတော့ သူ့ရဲ့ creation တစ်ခုအဖြစ် အကောင်းဆုံး ရေးစပ်သီဆိုခဲ့ပေမယ့် မေဒေးအတွက် ကတော့ အရမ်းခံစားရစေတဲ့သီချင်းဖြစ်သည်။

အဲဒီ chorus ပိုဒ်ကြောင့် မေဒေးသည် ဟင်းခနဲ သက်ပြင်းချကာ FM ကိုပိတ်လိုက်ပြီး အခန်းထဲက ထွက်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ ဖေဖေနှင့် မေမေကို မေဒေးက နေ့လယ်က ခွင့်ပန် ထားပြီးတာမို့ အေးဆေးဖြစ်သည်။ အဲဒီလိုနှင့် ခြောက်နာရီခွဲခါ နီး ငါးမိနစ်အလိုမှာတော့ ကိုကြီးက ရောက်လာပါသည်။

ဖေဖေနှင့်မေမေ့ကို ခွင့်ပန်ပြီးနောက် မေဒေးတို့ဟာ ကန်တော်ကြီးထဲက Western Park ကိုသွားကာ Dinner စားဖြစ် ကြပါသည်။ စားရင်းသောက်ရင်းနှင့် မေဒေးတို့ဟာ ဒီလိုပါ အာလာပသလ္လာပပြောရင်းနှင့် အချိန်ကုန်တာပဲဖြစ်သည်။ နှစ် ယောက်တည်း အတူတူရှိလည်း ဘာမှမထူးတာက မထူးတာပဲဖြစ် သည်။

"ဩော် ... မေဒေးကို ပရဲဆင့်ပေးရဦးမယ်။ ရော ... HAPPY BIRTHDAY ။ ကြိုက်ရဲ့လား"

စက္ကူသားအမာ ဘူးသေးသေးလေးကို ဖဲကြိုးချည် ထားသောကြောင့် မေဒေးက ဘာလဲဆိုပြီး ဖွင့်ကြည့်မိလိုက်သည်။ ဘူးထဲက ပုံပုံလေးထည့်ထားသော ရွှေဆွဲကြိုးလေးကို တွေ့ရသော အခါ မေဒေးက အဲဒီဘူးလေးကို ကိုကြီးရဲ့လက်ထဲသို့ ပြန်ထည့် ပေးကာ ...





"ဟင့်အင်း ... ကိုကြီးရဲ့လက်ဆောင်ကို မေဒေး လက်မခံ ပါရစေနဲ့"

"ဘာလို့လဲ မေဒေးရယ်။ မရဘူးကွာ ... မွေးနေ့လက်ဆောင် ဆိုတာ မငြင်းကောင်းဘူး။ ဒီဆွဲကြိုးလေးက မေဒေးနဲ့လိုက် မယ်ဆိုတာ ကိုကြီးကသိလို့ ဝယ်ပြီးလက်ဆောင်ပေးတာ လုံးဝမငြင်းရဘူး ...

ငြင်းရင် ကိုကြီး စိတ်ဆိုးပြီ။ ရော ... ယူထား"

ကိုကြီးက မေဒေးရှေ့သို့ ဘူးလေးကိုတွန်းပို့ပေးပါ သည်။ မေဒေးကိုချစ်တဲ့သူကကော၊ မေဒေးကချစ်တဲ့သူကပါ မေဒေးကို မွေးနေ့လက်ဆောင်အဖြစ် တိုက်ဆိုင်လွန်းစွာ ဆွဲကြိုး ပေးကြလေသည်။ အမှုဉ်မပြတ်နိုင်အောင် လက်ဆောင်တောင် ဆွဲကြိုးပေးတာ ထင်ပါရဲ့။ မေဒေးက ကျေးဇူးတင်စကားပြောဖို့ ပါးစပ်အပြင်မှာပဲ ကိုကြီးရဲ့ခါးမှာချိတ်ထားတဲ့ ဖုန်းလေးက တတီတီ စည်းချက်ညီစွာ မြည်လို့လာလေသည်။ ဟင်း ... အရေးကောင်း ဖုန်းသံကဖျက်။

"ခဏလေး မေဒေး၊ ဖုန်းကိုင်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးက မေဒေးကိုပြောကာ ဖုန်းကိုင်လိုက်ပါသည်။

"အင်း ... ပြော"

"........."

"ဟုတ်တယ် ... ကိုယ်က အပြင်မှာ"

"........."

"ဟုတ်တယ် ... မိန်းကလေးပါ၊ ကိုယ့်မိတ်ဆွေလေ"

အင်း ... အိညှက် အိညှက်နှင့် ပြောနေ ဖြေရှင်းနေ ပုံထောက်ရင်တော့ ဒါ ခင်လမင်းဆီကပဲ ဖြစ်မှာပေါ့။ မေဒေးသည် မဲ့ချင်လာသောကြောင့် နှုတ်ခမ်းကို တစ်ချက်မျှ တွန့်ကွေးလိုက်ရင်း ရေသောက်လိုက်ပါသည်။ အဲဒီခင်လမင်းကို မေဒေး အရမ်းအမြင်ကတ်တာပဲ။

"အိုခေလေ ... ဒါ့ဆို ပြန်ရောက်မှ ဆက်မယ်"

"........."

"စိတ်ချပါ၊ ကိုယ် မမေ့ပါဘူး"

"........."

"အင်း ... တာတာ့"





ကိုကြီး ဖုန်းပြောပြီးသွားသည့် အခါမှာတော့ မေဒေးက မေးတစ်ချက်ဆတ်ကာ တည်တည်ပင် မေးလိုက်လေသည်။

"ကိုကြီးကောင်မလေး ဆက်တာလား"

"အင်း ... ဟုတ်တယ်"

မငြင်းဘဲ ဝန်ခံသည့်အတွက် မေဒေးစိတ်ထဲမှာ နိုးလိုးခုလုတော့ ဖြစ်သွားရပါသည်။ မိန်းကလေးပဲ ဂျေတော့ဝင်တတ်တာပေါ့။ ခက်နေတာက မေဒေးဟာ ကိုကြီးကို မူပိုင်ဂျေဝင်ခွင့်မရှိတာဘဲဖြစ်သည်။ အဲဒါကြောင့် စိတ်ထဲမှာပဲ ဟိုအမျိုးသမီးကို ဂျေဝင်ပြီး စိတ်ပုပ်နေရတာဖြစ်သည်။

"ငါတောင် ရှေ့လထဲမှာ ခင်လေးနဲ့ စေ့စပ်တော့မယ်၊ ဒါကြောင့် ဒီရက်ထဲမှာ အလုပ်တွေနည်းနည်းများနေတာ"

ကိုကြီးက အဲဒီစကားပြောလျှင် မေဒေးသည်အကျယ်ကြီး အော်ငိုပစ်ချင်စိတ်တောင် ပေါက်သွားပါသည်။ ကွက်ခနဲ ပျက်သွားသော မျက်နှာကို ချက်ချင်းပင် အပြုံးတစ်ခုရဲ့နောက်သို့ ပုန်းလျှိုးဝင်ကာ ကာဗာယူလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ဟဲ … တို့ကိုကြီး ဒီတစ်ခါတော့ ခွံပြီပေါ့။ ဘယ်လိုလဲ … မခင်လမင်းက procare လား"

မေဒေးစကားကို ကိုကြီးက သဘောကျစွာ ရယ်မောလေသည်။ ရယ်မောပါ ကိုကြီး။ မေဒေးက ကိုကြီးကို ချစ်တယ်ဆိုပေမယ့် မိုးပေါ်ကလမင်းကို ထိုင်ငေးပြီး အရူးထနေရတဲ့ အဖြစ်မျိုးပါ။ နက်နက်ရှိုင်းရှိုင်း ချစ်နေပါတယ်ဆိုတာကို ကိုကြီး လုံးဝမသိတဲ့အတွက် မေဒေးသည် ဘာပြောလို့ ပြောရမှန်းကိုမသိတော့ပေ။

"ခင်လေးက ကိုယ်တွဲခဲ့တဲ့ ရည်းစားတွေထဲမှာ အကောင်းဆုံးနဲ့ အသင့်တော်ဆုံးပဲ။ မကြီးကလည်း သူ့ယောက်မ အဖြစ်သဘောတူ၊ ခင်လေးမိဘတွေကလည်း ကြည်ဖြူ၊ ကိုယ်ကလည်း I love u ဆိုတော့အားလုံး procare ပေါ့"

"ကိုကြီးက သူ့ကို ရည်းစားတွေထဲက အချစ်ဆုံးမို့ လက်ထပ်တာလား၊ ဒါမှမဟုတ် သူက perfect ဖြစ်လို့ လက်ထပ်တာလား"





မေဒေး မေးခွန်းကြောင့် ကိုကြီးက မျက်နှာတစ်ချက်ရှုံ့ကာ မေဒေးကို မှုန်တေတေ စိုက်ကြည့်ရင်းက ပြန်ဖြေလေသည်။

"ညည်းမေးခွန်းကြီးကလည်း ငါကပဲ စီးပွားတွက်,တွက်ပြီး မိန်းမယူနေတဲ့ပုံ ပေါက်နေပြီ"

"အဲဒီမေးခွန်းကိုတော့ မပယ်ချလိုက်ပါနဲ့ ကိုကြီးရယ်။ တကယ်သိချင်လို့ပါ"

မေဒေးရဲ့အမေးကြောင့် ကိုကြီးက ခြေထောက်ချိတ်ထိုင်နေရာက လက်ပါထပ်ပိုက်လိုက်ပြီး တကယ့်ဆရာကြီးက တပည့်လေးကို ရှင်းပြတော့မည့်ဟန်ဖြင့် လုပ်နေလျှင် မေဒေးကလည်း ဟန်ဆောင်ထားတဲ့ မျက်လုံးတွေကို ပြုးချင်ယောင်ဆောင်နိုင်းရပါသည်။

"ခင်လေးနဲ့ ကိုကြီးက တွေ့တာမကြာသေးပေမယ့် သူ့စိတ်ဓာတ်ကို ကိုယ်က သဘောကျတယ်။ သူနဲ့ကိုယ့်ကြားမှာ bad romance မဖြစ်ဘူး။ ခင်လေးက သဝန်လည်းသိပ်မတိုတတ်ဘူး။ ပြီးတော့ ကိုယ့်ကို နားလည်နိုင်တယ်။ အဓိက,ကတော့ အဲဒါပဲပေါ့နော် …



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ပြုတယ်ဆိုတာ ချစ်တာတစ်ခုတည်းနဲ့တော့ သွားလုပ်လို့မရဘူးလေ။ အချစ်က 50% ကျန်တာက 50% ဒီလို 50-50 balance ဖြစ်နိုင်မယ့် အိမ်ထောင်ဖက်မို့လို့ ကိုယ်ရွေးချယ်လိုက်တာပါ ...

မေဒေးလည်း မှတ်ထားလို့ရတာပေါ့။ ချစ်သူရည်းစားက ဘယ်လိုထားထား ဘာမှမဖြစ်ဘူး။ အဓိက,က ကိုယ့်ဘဝလက်တွဲဖော်အဖြစ် ရွေးတော့မယ်ဆိုရင် အဲဒီ 50-50 balance ဖြစ်မယ့် အိမ်ထောင်ဖက်မျိုးကို ရွေးချယ်ဖို့လိုအပ်တယ်"

ဩော် ... ဩော်။

အချစ်က 50% ။ ကျန်တဲ့ ဗာဟီရပကာသနက 50% အဲဒီလို အချိုးကျ ဖော်မြူလာ man ရမှ မေဒေးကို အိမ်ထောင်ဖက်အဖြစ် ရွေးချယ်နိုင်းတဲ့ ကိုကြီးကို မေဒေးက ဘာမှ ပြန်မပြောဘဲ ခပ်တွေတွေသာ စိုက်ကြည့်နေခဲ့မိသည်။ အချစ်ဆိုတာ ဒီနေ့လုပ်ရင် ဒီနေ့ရတဲ့ ပါဝါမျက်မှန်မဟုတ်တာကြောင့် မေဒေးက ပါဝါ(၁၅၀၀)အစွမ်းဖြင့် ကိုကြီးနှလုံးသားကို အမိဖမ်း





နိုင်အောင် အချိန်ယူရမှာဖြစ်ပါသည်။ ဒါပေမဲ့ အချိန်ယူနေစဉ်မှာပဲ ကိုကြီးက လက်ထပ်တော့မှာဆိုတော့ မေဒေးမှာ မနက်ဖြန်ဆိုတာရှိဖို့ မသေချာခဲ့ပါ။

* ○ *



www.burmeseclassic.com

www.burmeseclassic.com



၇

ဒီနေ့က Super Sunday ဖြစ်တာကြောင့် သူလည်း အလုပ်နား ခင်လေးလည်း အလုပ်အားတာမို့လို့ သူနှင့်ခင်လေးဟာ ချိန်းတွေ့နေကြ "Junction Lover"ဆိုင်လေးမှာ ဆုံဖို့ချိန်းထား သည်။ သူက ထွက်လာပြီဆိုတဲ့အကြောင်း ခင်လေးကို confirm လှမ်းလုပ်ပြီးနောက် ကားဆီသို့အသွားမှာ ခြံတံခါးဘဲလ်တီးသံ ကြောင့် သွားကာ ဘယ်သူလဲ ကြည့်လိုက်သည်။ ချာတိတ်နှစ် ယောက် လူကြီးနှစ်ယောက်ဖြစ်သည်။ ဂျစ်ဖြင့်လာတာဖြစ်ပြီး တစ်ယောက်က ကားပေါ်ကဆင်းပြီး ဘဲလ်တီးတာမို့ သူက လှမ်းမေးလိုက်လေသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ"





"ကျွန်တော်တို့ကို ကိုနိုင် လွှတ်လိုက်တာပါ။ ဒီက ဆလွန်း လေး ရောင်းမယ်ဆိုလို့ လာကြည့်တာပါ၊ ဝယ်လက်လည်း တစ်ခါတည်း ပါပါတယ်"

သူက အဲဒီစကားကြောင့် မျက်ခုံးတစ်ချက် ပင့်သွား သည်။ ဒီဆလွန်းလေးကို ရောင်းမယ်ဆိုပြီး ကိုနိုင့်ကို ပြောထား တာကြာပြီဖြစ်သည်။ ဒီကားလေးက အရင်က သူသုံးတဲ့ကား ဖြစ်သည်။ အခုတော့ သူက ကားအသစ်တစ်စီး ဝယ်လိုက်တာ ကြောင့် ဆလွန်းကားက ပိုသွားပြီဖြစ်သည်။ အိမ်မှာက မကြီးနှင့် သူပဲရှိသောကြောင့် ဒီကားက ပိုတယ်လို့ ပြောရတာဖြစ်သည်။ မကြီးကလည်း သူ့ကားနှင့်သူ၊ သူကလည်း ကားအသစ်နှင့် ကိုဖိုးချစ် ဖြစ်နေတာကြောင့် ဆလွန်းလေးကိုရောင်းဖို့ ပွဲစားဆီ အပ်ထားတာဖြစ်သည်။

"ကိုနိုင်ကော မပါဘူးလား"

"ကိုနိုင်က ဝိုင်းထဲမှာ။ ကားတစ်စီးပြနေလို့ ပြီးတော့မှ လိုက်လာလိမ့်မယ်။ ကျွန်တော့်ဝယ်လက်တွေက ခင်ဗျား ကားကို ကြည့်ချင်လို့တဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူက ခြံပြင်က ညှော်သည်တွေကို အားနာတာကြောင့် ခြံတံခါးဖွင့်ပေးလိုက်သည်။ ကားကြည့်မည့်ပုဂ္ဂိုလ်တွေကို သူက ကိုဒေါင်ဆီခေါ်သွားကာ ခြင်ထောင်ချထားသည့် ဆလွန်းလေးကို ပြလိုက်သည်။ သူတို့ထဲက ပွဲစားတစ်ယောက်က ကားကိုလှည့် ပတ်ကြည့်ရှုကာ ...

“ကားကတော့ အမိုက်စားပဲ၊ ဈေးကကော”

“ကိုနိုင် ခင်ဗျားတို့ကို ပြောထားတယ်မှလား၊ အဲဒီအတိုင်း ပဲ သိန်း(---)ပါ”

ကားဘောနက်ဖုံးဖွင့်ကာ ဟိုကြည့်ဒီကြည့် ကြည့်နေ သော ချာတိတ်ကို သူက မြင်ဖူးသလိုလိုရှိသည်။ သို့သော် ဘယ် သူလဲ သေသေချာချာ မသိကွဲပါ။

“ကားကိုတော့ ကြိုက်တယ်ဗျာ၊ ဈေးလေးနည်းနည်းလော မပြင်တော့ဘူးလား”

“ဒါ ပေါက်ဈေးပါပဲ၊ ခင်ဗျားတို့လည်း ဗိုင်းထဲမှာစုံစမ် ကြည့်ပါ။ ခင်ဗျားတို့အတွက် ဘာမှနာစရာမရှိဘူး လိုင်စင်ကလည်း ဝင်ထားပြီးသား၊ ကားကတော့ ခင်ဗျာ





တို့အမြင်ပဲ။ ဒေါက် ... ဗိုးပဲ၊ ဝယ်ပြီးတာနဲ့ သော့တပ် ပြီး လက်တင်မောင်းရုံပဲ။ ဘာမှပြစ်ချက်မရှိဘူး၊ ကျွန်တော် က ရောင်းတယ်ဆိုတာကလည်း ဒီကားလေးက ပိုနေတော့ မထူးဘူးဆိုပြီး ရောင်းတာ။ ဗိုက်နာလို့ အတင်းထိုးရောင်း တာ မဟုတ်ဘူးဗျ”

သူ့စကားတွေက ငြင်းကွက်မရှိ မှန်နေတာမို့ ပွဲစား နှင့် ဝယ်လက်တို့က ဘာမှဆက်မပြောဘဲ ကားကိုပဲ ပြစ်ချက်ရှာ နေတော့သည်။ နေကွန်းသည် နောက်ကျပြီဆိုတာ သိတာကြောင့် ခင်လေးဆီ ဖုန်းခေါ်ရတော့သည်။ ဖုန်းကလည်း ကံဆိုးချင် တော့ ဘယ်လိုမှ ခေါ်လို့မရချေ။ ဒီမှာကလည်း သူ ဒီအတိုင်း ကြီး ပစ်ထားခဲ့လို့မဖြစ်။ အိမ်မှာ မကြီးကလည်း ရှိတာမဟုတ်။ အခုလောက်ဆို ခင်လေးက ရောက်နှင့်နေလောက်ပြီ။

“အစ်ကို ... လိုင်စင်ကကော နာမည်ပေါက်ပဲလား”

သူ့ကိုလှမ်းမေးနေတာကြောင့် သူဟာ ဖုန်းဆက်မ ခေါ်တော့ဘဲ ကားကိစ္စ ပြန်စကားပြောရလေသည်။

“ဟုတ်တယ် ... လိုင်စင်က ကိုယ့်နာမည်ပေါက်ပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ကားကတော့ အရမ်းမိုက်တယ်ဗျ။ ဆေးကလည်း.အော်လ်ဆေး လုံးဝသန့်ပြန့်နေတာပဲ။ aircon ကလည်း good ၊ အကြိုက်ဆုံးကတော့ ကက်ဆက်ပဲ။ လုံးဝ sound system က လန်းတာ။ ဝုန်းဒိုင်းကြဲပဲ"

ချာတိတ်ကြည့်ရတာ ကားအကြောင်း ဘာမှနားလည်ပုံမပေါက်ပါ။ သူ့ပုံက အပေါ်ယံလေးတင် ချနပ်ခါးလူးပြီး အချဉ်ထည့်ရင်တောင် aircon ကောင်း၊ ကက်ဆက်မိုက်ရင် ယူမယ့်ဒီဇိုင်းမှာရှိသည်။ ပွဲစားနှစ်ယောက်က တင်ရိုက်သွားလို့ကတော့ သာသာလေး ပါသွားမည့်ပုံပင်။

"အားလုံးကြိုက်တယ် အစ်ကိုရာ၊ ဘာမှပြောစရာမရှိဘူး၊ ပြောစရာဆိုလို့ ဈေးလေးပဲ။ နည်းနည်းဟနေတယ် အစ်ကိုရ၊ ပြင်လို့ရရင် ပြင်ပေးပါဗျာ။ ညီအစ်ကိုသဘော မိတ်ဖြစ်ဆွေဖြစ်ပေါ့"

"ဟား ... မင်းကတော့ အမှည့်ခြွေ ခြွေနေပြီကွာ။ ကဲ ... ဆရာသမား ကိုယ့်ဝယ်လက်ကို ပြောဦးလေ၊ ဒီကားမျိုး ဘယ်လောက်ပေါက်တယ်ဆိုတာ"





"လုပ်ပေးလို့ရရင် လုပ်ပေးလိုက်ပါ သူငယ်ချင်းရာ။ ချာတိတ်တွေက ရေကုန်ရေခန်းမို့လို့ပါ၊ သူငယ်ချင်း နည်းနည်းဈေးပြင်ပေးလိုက်။ သူတို့မှာလည်း ထည့်ဖို့က ရှိသေးတယ်လေ"

"ဘာမှထည့်စရာကို မလိုဘူး၊ ကျွန်တော့်ကားက facilites စုံပြီးသား၊ Accessories တွေက ခင်ဗျားချာတိတ်တွေ့ အကြိုက်ချည်းပဲ။ ဘီးတွေကလည်း လဲထားတာ ဘယ်လောက်မှ မကြာသေးဘူး၊ တန်ပါတယ်ဗျာ"

သူက ကားကိစ္စ ဈေးဆိုင်နေရတာမို့ စကားစကဘယ်လိုမှ ဖြတ်မရသေးချေ။ ချာတိတ်တွေကြည့်ရတာ တစ်နေ့တည်းနှင့် ပွဲအပြီးဖြတ်ချင်နေပုံရသည်။ သူကလည်း သူ့ဆလွန်းလေးကို ရှယ်ဆင်ထားတာမို့ ဈေးကတော့ ကြိုက်ရောင်းကြိုက်ဝယ်ပဲဖြစ်သည်။ အကယ်၍ မရောင်းရလည်း ဘာမှမဖြစ်။ ခြင်ထောင်ပတ်ပြီး ဂိုဒေါင်ထဲ ထည့်သိပ်ထားရုံပဲဖြစ်သည်။ ဒါကြောင့် စကားကို အကြောကြီးနှင့် ပြောတာတောင် ဝယ်လက်တွေက သူ့ဆီက ခွာချင်ပုံမရသေးပေ။ သူတို့မခွာချင်တာက အရေးမကြီး။ သူ့မှာက တိုင်ပင်တော့မည်။ ဟိုမှာ ခင်လေးက စောင့်နေတာ



www.burmeseclassic.com

www.burmeseclassic.com



နာရီဝက်လောက်ရှိတော့မည်။ သူက အကျိုးအကြောင်းပြောပြဖို့ ဖုန်းခေါ်နေတာကို ဖုန်းက ဘယ်လိုမှမဝင်ပါ။ ရေိယာပြင်ပအော်လိုက်၊ ဆက်သွယ်မှုလိုင်းများ မအားသေးပါအော်လိုက်နှင့် တိုင်ပတ်နေသည်။

ဒီကလည်း အပြတ်ဖြတ်လို့ မရသေး။ ဟိုမှာကလည်း စောင့်နေရတဲ့သူက သူ့ကို သတ်ချင်နေတော့မည်။ ချာတိတ်တွေရဲ့အရစ်နှင့် ပွဲစားနှစ်ယောက်ရဲ့ ဈေးနှိုက်နေတာကို ဘယ်လိုမှ ဆက်လက်စောင့်ဆိုင်းဖို့ရာ မဖြစ်တော့သောအခါ သူဟာ မျက်နှာပူပေမယ့်လည်း ဒီစကားပြောထွက်ရတော့လေသည်။

"ကဲ ... ငါ့ညီကိုကော ဒီက သူငယ်ချင်းကိုကော ကိုယ် အရမ်းအားနာတယ်ကွာ။ မနက်ဖြန်မှပဲ ဈေးကိုထပ်ညှိတာပေါ့၊ လောလောဆယ် ကိုယ် ချိန်းထားတာလေးရှိတယ်။ နောက်တောင်ကျနေပြီ၊ မနက်ဖြန်မှပဲ ကိုယ်ကရောင်းဖို့ ဆန္ဒရှိတယ်။ အခုတော့ ငါ့ညီတို့ ပြန်လိုက်ပါဦးနော်"

* ○ *





"ဟဲ့ ... ဟိုမှာထိုင်နေပြီ။ ဗီပြင်ပါစေနော် မေဒေး။ သွား ... သွား"

လေပြေနှင့် သံစဉ်က မေဒေးရဲ့နောက်ကျောကို တွန်းထိုးကာ လွှတ်လိုက်လျှင် မေဒေးသည် ဘုရားဒကာ အဆင်သင့်ပြင်ထားလေသော မုန့်ဗန်းကို မ,ယူသွားကာ သူမရှိရာဝိုင်းသို့ တန်းမတ်စွာသွားကာ မုန့်ဗန်းကို သွားချလိုက်လျှင် သူမက မေဒေးကို မော့ကြည့်ကာ ...

"ညီမ ဝိုင်းမှားချနေပြီနော်။ တို့က ဘာမှမမှာရသေးဘူး၊ အခုမှ မှာမလို့"

waitress တစ်ယောက်ဖြစ်တဲ့ မေဒေးကို ဆတ်ခနဲ တစ်ချက်ကြည့်ကာ သိပ်ဂရုမစိုက်ဟန် ပြောလိုက်ပုံကြောင့် မေဒေး.



www.burmeseclassic.com

www.burmeseclassic.com



က မျက်နှာတစ်ချက် မဲ့သွားရသည်။ ဒါပေမဲ့ ချက်ချင်းလိုလိုပင် သူမကို မေဒေးက ဆပ်ပရိုက်(စ်)လုပ်လိုက်ပါသည်။

"မမှားပါဘူး အစ်မ၊ ဒီဝိုင်းအတွက် ကြိုမှာထားပြီးသားပါ"

မေဒေးရဲ့စကားကြောင့် သူမက မျက်မှောင်တစ်ချက်ကြုတ်ကာ မေဒေးကိုကြည့်ပြီး ...

"တို့မှ မမှာရသေးတာ၊ ဘာကိုလာပို့နေတာလဲ။ မင်းလွဲနေပြီ ညီမ"

"အစ်မက ကိုစစ်နေကွန်း ရည်းစားမှလား။ အဲဒါဆိုမှန်ပါတယ်၊ မမြတ်ပန်းဝါလေ ဟုတ်တယ်မှလား"

ဒီစကားလုံးကတော့ မေဒေးရဲ့အပီပြင်ဆုံး သရုပ်ဆောင်ကွက်အဖြစ် ရွေးသုံးလိုက်တာဖြစ်သည်။ မေဒေးရဲ့အဲဒီစကားကြောင့် မေဒေးကို အဖက်မတန်သလို လုပ်ချင်သည့် ခင်လမင်းဟာ ဆတ်ခနဲပင် ခေါင်းထောင်ထလာကာ မေဒေးကို စူးစူးရဲရဲ တစ်ချက်ကြည့်လိုက်လျှင် ဘာရှိန်းပြေးသော သူမက မေဒေးကို ချက်ချင်းမှတ်မိသွားတော့သည်။





"ဟင် ... မင်း ... မင်းက ဟိုတစ်ခါ ကိုနေ မိတ်ဆက်ပေးတဲ့ မြတ်မေဒေးမှလား"

သိပ်ဟုတ်တာပေါ့ ... ခင်လမင်းရယ်။ မေဒေးကို တစ်ခါပဲ မြင်ဖူးထားရုံနဲ့ မှတ်မိနေသော ခင်လမင်းကို နည်းနည်းတော့ ချီးကျူးမိသွားပါသည်။ မေဒေးရဲ့ပုံစံဟာ ဟိုတစ်နေ့က အလန်းပုံနှင့် လားလားမျှမဆိုင်တော့ချေ။ Junction lover ဆိုင်ကလေးရဲ့ဝိတ်တာတွေ ဝတ်ဆင်သော အပြာရောင်ရှပ်လက်တိုကို ဂျင်းဘောင်းဘီအနက်ဖြင့် လုံးဝဝိတ်တာအသွင်အပြင် ဆင်ယင်ထားသည့် မေဒေးကို သူမက မြင်တာနှင့် ဒက်ခနဲ မှတ်မိတယ်ဆိုကတည်းက သူမဟာ မေဒေးအပေါ် မှတ်မှတ်ထင်ထင်ရှိတယ်ဆိုတာ သိသာပါသည်။

မေဒေးသည် ဒီကနေ့ရဲ့ creation ဖြစ်သည်။ trick တစ်ခုကို သေချာအကွက်ချ၍ စီစဉ်ခဲ့တာမို့ ဘယ်လိုမှ အလွဲမခံနိုင်ပါ။ ဒါကြောင့်မို့ မေဒေးက လိုတာထက်ပို၍ အိုက်တင်ကောင်းနေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မေဒေးသည် အူကြောင်ကြောင်စတိုင်လ်ဖမ်းကာ နားထင်ကို တစ်ချက်ကုတ်၍ ...

"ဟို ... အစ် ... အစ်မကို မြင်ဖူးသလိုလိုပဲ"

"တို့ ခင်လမင်းလေ ညီမ၊ ဟိုတစ်ခါ ကိုနေ့အိမ်မှာဆုံကြဖူးတယ်လေ။ မှတ်မိလား"

ခင်လမင်းက မေဒေးကို သူမအား တကယ်မမှတ်မိဘူးအထင်ဖြင့် မေဒေး မှတ်မိလာအောင် recall ပြန်ခေါ်ပေးသည်။ မေဒေးသည် မထုံတတ်တေးမျက်နှာပေးကို တမင်တကာလုပ်ယူ၍ အင်း ... အဲ လုပ်ကာ ခဏလောက် အီလေးဆွဲနေပြီးမှ ကိုရီးယားမင်းသမီးတို့ရဲ့ အံ့သြရင်ဖြစ်တတ်သည့် အမူအရာအတိုင်း ဟားဆိုပြီး လေသံစွက် အာမေဍိတ်စွက်သံထည့်၍ မျက်လုံးပြူးပြီး ပါးစပ်ပါဟလိုက်ကာ ရှူးသလို အိုက်တင်ဖမ်းကာ သူမရှေ့မှ ချထားသည့် မုန့်ဗန်းကို ပြန်မ,ယူကာ ...

"အဟဲဟဲ ... ဟင်း ... ဆောရီးအစ်မ တောင်းပန်ပါတယ်နော်။ ကျွန်မ ဝိုင်းမှားချမိတာပါ။ သွားလိုက်ပါဦးမယ်နော်"





မေဒေးက စွတ်တောင်းပန်ကာ မုန့်ဗန်းကိုင်၍ လစ်တော့မည့်ဟန်ဖြင့် သူမကို ကျောခိုင်းလိုက်လျှင် ခင်လမင်းက ချက်ချင်းပင် မေဒေးကို လှမ်းတားပါသည်။

"ညီမ ... ခဏနေဦး။ တို့ မေးစရာရှိတယ်"

သူမရဲ့မေးခွန်းအတွက် မေဒေးသည် နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်ကာ ကလေးလိုလို ချွေးလိုလိုရပ်ဖမ်း၍ ခင်လမင်းဘက်သို့ ပြန်လှည့်လိုက်ပြီး အထစ်ထစ်အငေါ့ငေါ့လေသံဖြင့် ...

"ဘာ ... ဘာမေးမလို့လဲဟင် အစ်မ"

"တို့မှာ မေးစရာတွေ တော်တော်များများ ရှိနေတယ် မေဒေး၊ ညီမ အချိန်ရရင် တို့ စကားနည်းနည်းပြောချင်တယ် ဖြစ်မလား။ ဒီမှာပဲ ပြောလို့ရမလား"

အိုခေ ... ဒီကလည်း ဒီယုန်မြင်လို့ကို တမင်တကာ ဒီချုံထွင်ခဲ့တာပဲ။ ဘာမှမရစရာအကြောင်းမရှိ။ မေဒေးကလည်း သူမ ထင်နေသလို ဒီကဝန်ထမ်းမဟုတ်။ ဒီဆိုင်လေးရဲ့ဆိုင်ရှင် ကိုပြည့်မိုးက လေပြေရဲ့အစ်ကိုဝမ်းကွဲဖြစ်တာကြောင့် မေဒေးတို့က အေးဆေးနွေးထွေးစွာ လှုပ်ရှားလို့ ရပေသည်။ ကိုကြီးကလည်း



www.burmeseclassic.com

www.burmeseclassic.com



တိုက်တိုက်ဆိုင်ဆိုင် ဒီဆိုင်ကိုမှ ချစ်ရည်းစားနှင့် လာချိန်းတွေ့ရာ နေရာ ဖြစ်နေတာကြောင့် မေဒေးက ကိုယ့်အတွက် အကျိုးရှိရှိ အသုံးချလိုက်တာပဲ ဖြစ်ပါသည်။

BURMESE CLASSIC .com

"ရပါတယ် အစ်မ ... ပြောပါ"

မေဒေးက ထိုင်ခိုင်းပြီးမှ စကားစပြောခိုင်းလေသည်။

"အရင်ဆုံး မေးချင်တာတစ်ခုက ညီမက ဘာလို့ ဒီဆိုင်မှာ အလုပ်ဝင်လုပ်တာလဲ၊ အမှန်အတိုင်းပဲ ဖြေပေးပါ မေဒေး။ တို့အတွက် အရမ်းအရေးကြီးလို့ပါ။ တို့ အသိနောက်ကျသွားတာနဲ့ တို့ဘဝကြီးကို ထိုးကျွေးလိုက်သလို ဖြစ်သွားမှာ၊ ညီမ မိန်းမသားချင်း စာနာတဲ့အနေနဲ့ အစ်မကို အမှန်အတိုင်း ပြောပြပေးပါ ...

မေဒေး ဘာလို့ ဒီဆိုင်မှာ အလုပ်ဝင်လုပ်နေတာလဲ"

"ဟို ... ဟိုဟာ ... မေဒေးကလေ ..."

"ပြောပါ မေဒေး၊ ဘာကိုမှ မတွေဝေပါနဲ့။ တို့ကိုကူညီပါနော်"





မေဒေးက စိတ်ဒုံးဒုံးချ ပြောပြတော့မည့်ဟန်ဖြင့် ခေါင်းကို ခပ်လေးလေးတစ်ချက် ညိတ်လိုက်ကာ ...

"ဟုတ်ကဲ့ အစ်မ။ အစ်မဘက်ကလည်း မေဒေးကို ကတိတစ်ခု ပြန်ပေးပါနော်၊ မေဒေး ပြောတာကို ကိုကြီးကို ပြန်မပြောဖို့ ကတိပေးပါ"

"တို့ ပေးနိုင်တယ် မေဒေး။ အရေးကြီးတာ တို့သိရဖို့ပါ"

"ကောင်းပါပြီ၊ မေဒေးပြောပြပါ့မယ်။ ဒီလိုပါ ... မေဒေးနဲ့ ကိုကြီးက ဘာမှမတော်ဘူးဆိုပေမယ့် သွေးသားအရင်းအခြာတွေလို ချစ်ကြတဲ့သူတွေပါ။ တကယ့် မောင်နှမပုံစံမျိုးပါပဲ ...

အစ်ကိုမရှိတဲ့ မေဒေးအတွက် ကိုကြီးဟာ မေဒေးရဲ့ အစ်ကိုပါပဲ။ ဒါကြောင့် ကိုကြီး အကူအညီတောင်းတဲ့ကိစ္စကို မေဒေး မငြင်းနိုင်ခဲ့တာပါ"

မေဒေးသည် ခင်လမင်းရဲ့စိတ်အာရုံတွေကို တော်တော်ချုပ်ထားနိုင်ခဲ့ပြီဆိုတာ မေဒေး သဘောပေါက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်မို့ သူမကို တစ်ချက် အကဲခတ်ကာ စကားပြန်ဆက်ပါသည်။

"မေဒွေး ဒီဆိုင်မှာ ဝင်လုပ်နေတာ မကြာသေးပါဘူး။ ဒီဆိုင်ရှင်က ကိုကြီးရဲ့သူငယ်ချင်းပါ၊ မေဒွေးကို ဒီမှာအလုပ်လုပ်ဖို့ ကိုကြီးပဲ တိုက်တွန်းတာပါ"

"မေဒွေး ... ကိုနေ့မှာ တို့အပြင် တခြားမိန်းကလေးတွေ ရှိနေသေးတယ်မှလား"

"ရှင် ... ဟို ... ဟိုဟာ"

မေဒွေးက ဘာပြန်ပြောလို့ ပြောရမှန်းမသိစွာ အူတိအူကြောင်ပုံဖြင့် ခေါင်းကုတ်နေလျှင် အတန်ကြာတော့ ခင်လမင်းက မဲ့ပြုံးတစ်ချက်ပြုံးကာ မေဒွေးကို လက်ကာပြလိုက်ပြီး ...

"ရပါတယ် ညီမ။ ညီမ မပြောပေမယ့် တို့ဘာသာ ဆက်စပ်တွေးပြီး နားလည်လို့ ရပါပြီ၊ ညီမ ခုနကပြောတဲ့ မြတ်ပန်းဝါ ဆိုတာကရော သူ့ရဲ့ရည်းစားတွေထဲက တစ်ယောက်ပဲလား ..."





ဖြစ်နိုင်ပါတယ်လေ၊ ဒါကြောင့်မို့ သူက busy ဖြစ်နေတာကို။ အခု အစ်မနဲ့သူ ဒီမှာချိန်းထားတယ် (နာရီကို ငုံ့ကြည့်လိုက်ပြီး) အခုထက်ထိ ရောက်မလာသေးဘူး။ ကြည့်ရတာ ရေ့တစ်ယောက်နဲ့ စကားမပြတ်သေးဘူးထင်တယ်"

သူမပုံစံကြည့်ရတာ သူ့အတွေးနဲ့သူ ပေါက်သွားပြီး ကိုကြီးကို ရေလည်ပေါက်ကွဲနေပုံရပါသည်။ ခင်လမင်းအတွက် ကိုကြီးဟာ လုံးဝနာကြည်းစရာလူအဖြစ် ရှိစေဖို့ မေဒွေးက နည်းနည်းတော့ အရောက်ပို့ပေးရပါသည်။ အဲဒီအတွက် အပြင်ပန်းကကြည့်ရင် မေဒွေးဟာ ယုတ်မာသူရယ်ဆိုပြီး အများသူငှာမြင်ချင်လည်း မြင်သွားနိုင်သည်။ ဒါပေမဲ့ မေဒွေးဘက်ကကြည့်ရင်တော့ အဲဒါဟာ မေဒွေးနှလုံးသားရဲ့ နောက်ဆုံးကျည်ဆန်ပဲ ဖြစ်သည်။ ဒါကြောင့်မို့ မေဒွေးဟာ ဘီလူးခေါင်းဆောင်းတော့တာဖြစ်ပါသည်။

"အစ်မရယ် မေမေ့ ကြားထဲက တောင်းပန်ပါတယ်။ ကိုကြီးက အစ်မကို လက်ထပ်ဖို့အထိကို ရည်ရွယ်ထားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



မေဒေးရဲ့ ပြေရာပြေကြောင်း ဖျန်ဖြေပေးတာကို ဝေါင် သူမက လက်သင့်မခံနိုင်တော့စွာ ငြင်းနေပြီဆိုကတည်းက မေဒေးရဲ့အကယ်ဒမီရှောခ်ကွက်က သူမကို တော်တော်ထိသွားပြီဆိုတာ သဘောပေါက်ရပါသည်။

"သူလာရင် ပြောလိုက်ပါ မေဒေး၊ တို့နဲ့သူ ပြတ်ပြီလို့ လာရှင်းလို့လည်း မရတော့ဘူးနော်။ တို့ဘက်က သူ့ကို သိပ်နာသွားပြီလို့ ပြောလိုက်ပါ ...

မင်းကိုတော့ တို့ ကျေးဇူးတင်ပါတယ်။ ဒါ တို့ကတ်ပါ၊ မင်း တို့ဆီလာလည်လို့ ရပါတယ်၊ အကူအညီလိုလည်း ပြောပါ။ ဒီတစ်လအတွင်းတော့ တို့ ရှိဦးမှာမဟုတ်ဘူး၊ မလေးရှားမှာ Seminar တစ်ခု သွားတက်စရာရှိလို့။ တို့ ဘယ်သွားတယ်ဆိုတာကို လျှို့ဝှက်ထားပေးပါ ညီမ"

မေဒေးက ယောင်နနဖြင့် သူမရဲ့ visiting card လေးကို ယူထားလိုက်လျှင် သူမက နာကျင်နေသော မျက်ဝန်းများဖြင့် ထွက်သွားလေသည်။ ဟူး ... ကိစ္စကတော့ ပြီးပြတ်သွားချေပြီ။ ပြီးသွားပြီ ဆိုပေမယ့် မေဒေး ရင်ထဲမှာ ထင်သလောက်





ပေါ့ပါးလန်းဆန်းမနေပါချေ။ မေဒေးက ဆိုဖာပေါ်မှာ လျော့တိလျော့ရဲဒီဖိုင်းဖြင့် ထိုင်နေစဉ်မှာ လေပြေနှင့် သံစဉ်က ရောက်လာပြီး မေဒေးဘက်က ရပ်တည်နေသော မျက်နှာဖြင့် မေဒေးကို အူယားဖားယား မေးလာကြပါသည်။

"ဟဲ့ ... မေဒေး အခြေအနေ ဘယ်လိုလဲ။ သူ့ကြည့်ရတာ တော်တော်ကို ခံရခက်နေတဲ့ပုံနဲ့ ထွက်သွားတာဟ၊ ဒီနေ့ ချိန်းထားတာကိုလည်း ဟိုကမလာတော့ ပိန္နာကစ်ပြီး နာသွားပုံရတယ်နော်"

မေဒေးက သူမတို့ရဲ့အမေးကို ခေါင်းတစ်ချက်သာ ဆတ်ပြ၍ ...

"အဲလိုပဲ ထင်ရတာပဲ။ ဟဲ့ ... ဟိုကောင်တွေ ဘာပြောလဲ"

"ပွဲဖြစ်သွားပြီတဲ့၊ ကိုစစ်နေကွန်းက မနက်ဖြန်မှ ငွေချေနိုင်းနေတာကို သူတို့က အတင်းပြောရတယ်တဲ့။ အဲဒါ သောကြာရဲ့အိမ်မှာ စာချုပ်ချုပ်ကြမယ်တဲ့၊ အခု လမ်းပေါ်မှာ။ ကိုစစ်နေကွန်းက ဒီမလာဖြစ်လို့ တော်တော်ပျာနေပုံပဲတဲ့"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့ ... အဲဒီလိုဖြစ်အောင် ငါတို့ပဲ အကွက်ချခဲ့တာလေ။ ဘာတွေဖြစ်ဦးမလဲ မသိပါဘူးဟာ၊ လုပ်တော့လုပ်လိုက်တာပဲ"

မေဒေးက တွေးတွေးဆဆဖြင့်ပြောကာ ရင်ထဲမှာ နွမ်းလျလျကြီး ဖြစ်သွားပေသည်။ တကယ်တော့ ဒီနေ့ဖြစ်စဉ်တွေအားလုံးဟာ မေဒေးရဲ့စနက်တွေပဲဖြစ်သည်။ ကိုကြီးနဲ့ ခင်လမင်း ဒီနေ့ ဒီဆိုင်မှာ ချိန်းထားမှန်း ဟိုရက်က အတိအကျ ကိုကြီးဆီက သိခဲ့တာမို့ မေဒေးဟာ ကြားထဲကနေ နှစ်ပေါက်တစ်ပေါက် ဝင်ရိုက်ခဲ့တာဖြစ်သည်။

ဒီဆိုင်လေးရဲ့ပိုင်ရှင်က သံစဉ်ရဲ့အစ်ကိုဝမ်းကွဲဆိုင် ဖြစ်တာမို့ မေဒေးက ဒီမှာ ဝိတ်တာသဘောဟန်ဆောင်ကာ ခင်လမင်းကို အကွက်ကျကျ လီဆယ်ပြီး ကိုကြီးကို မုန်းသွားအောင် လုပ်ခဲ့သည်။ တစ်ပက်မှာလည်း ချိန်းထားတဲ့အချိန်အတိုင်း ရောက်မလာအောင်လို့ လေပြေတို့ သူငယ်ချင်း သောကြာနှင့် ရဲယံဇော်ကို ကိုကြီးဆီ ကားဝယ်ခိုင်းလိုက်ပါသည်။





သောကြာကလည်း ဆလွန်းကားတစ်စီး ရှာနေတာကြောင့် ရေတော်တုန်း ရေတွင်းကျဆိုသလို ကိုကြီးရဲ့ဆလွန်းလေးက ရောင်းတော့မည် ဆိုတာကြောင့် မေဒေးက ကိုကြီးရဲ့ပွဲစားကိုနိုင်လင်းကို တစ်ဖက်လှည့်နှင့် ဈေးစုံစမ်းပြီး သောကြာတို့ကို ပြောရ၊ သူတို့ ဝယ်ဖြစ်သွားအောင် တိုက်တွန်းရနှင့် တော်တော့်ကို ကြံရပါသည်။ မေဒေးရဲ့စိတ်ပင်ပန်းမှုဟာ ဘာကိုအကျိုးရှိသလဲ ဆိုတာတော့ မသိပါ။ မေဒေးရဲ့စိတ်တွေ အရမ်းလေးလံနေတာ တော့ အမှန်ပဲဖြစ်ပါသည်။

"ဘာဖြစ်လို့လဲ မေဒေး၊ နင် ဘာလို့ မှိုင်နေရတာလဲ"

"အေးလေ ... နင် ခါတိုင်းနဲ့မတူဘူး။ ဘာဖြစ်လို့လဲ၊ နင်ဖြစ်စေချင်သလို ဖြစ်ပြီပဲဟာ"

လေပြေနှင့် သံစဉ်က မေဒေးကို ဂရုတစိုက်ရှိလွန်းလှစွာ မေးလေလျှင် မေဒေးက သူမတို့ကို အမြဲပြောပြဖြစ်တဲ့ ရင်ဖွင့်ခဲ့ပါသည်။

"ငါ ကိုကြီးကိုချစ်လို့ ဒီလိုမျိုး လုပ်ခဲ့တယ်လို့ ကိုကြီးနားမလည်ခဲ့ရင် ငါ ဘယ်လိုလုပ်မလဲဟင်။ ဒီနေ့ကိစ္စကို



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီး သိသွားပြီဆိုရင် ငါ့ဘဝတော့ သွားပြီကွာ။ ငါလုပ်လိုက်တဲ့ အလုပ်က ကိုကြီးနဲ့ ငါ့ကို အဝေးကြီးဝေးသွားမလား မသိဘူး"

အချစ်ကြောင့် မေဒေး မနာလိုဝန်တိုမှုတွေ ဖြစ်ခဲ့သည်။ အဲဒီအတွက် မေဒေး မိုက်မဲခဲ့မိသည်။ မိုက်မဲပြီးသည့်နောက်ပိုင်းမှာ မေဒေးဟာ အရင်လို ဖြူဖြူစင်စင် မေတ္တာမျိုးဖြင့် ကိုကြီးကိုချစ်သည့် အချစ်ကို ပြန်တောင့်တမိပါသည်။

❋ ○ ❋

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘဲ့
အမှတ်-၃၉၊ (မြေညီ) မွေစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
သို့လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။





ပန်းတော်ဝင်သည် သူ့မောင်၏အကြောင်းစုံကိုကြားသိရသောအခါ ဒေါသတွေ ထွက်လွန်း၍ အသားတွေတောင် တဆတ်ဆတ်တုန်လာရသည်။ ကြည့်စမ်း ... မိုက်ရိုင်းလိုက်တာ။ သူတို့ကို ဒါမျိုးလာစမ်းလို့ ရမလား။ စာလေးတစ်စောင်ပေးပြီး "စစ်နေကွန်း ... ရှင်နဲ့ကျွန်မ ဓာတ်လမ်းပြတ်ပြီ။ ရှင့်ကို လူကြီးလူကောင်းအဖြစ် သတ်မှတ်ချင်သေးတာမို့ ကျွန်မကို ဘာမှထပ်မနှောင့်ယှက်ပါနဲ့။ ကျွန်မ ရှင့်ကို မေ့ပစ်လိုက်ပြီ"ဆိုတာနဲ့ သူတို့ဘက်က "ဪ ... အင်း"ဆိုပြီး ငြိမ်ခံနေရမှာလား။



www.burmeseclassic.com

www.burmeseclassic.com



"မောင်မောင် ... နင်နဲ့ ခင်လမင်း ဘာဖြစ်ကြတာလဲ။ သူက ဘာကိစ္စ နင့်ကို ဒီစာနဲ့ ဖြတ်ခဲ့ရတာလဲ"

"ကျစ် ... ကျွန်တော်လည်း မသိတော့ဘူးဗျာ။ ခင်လေး ဘာဖြစ်သွားတာမှန်းကို မသိဘူး၊ ဖုန်းဆက်တော့လည်း သူ့ဖုန်းက ပိတ်ထားတယ်။ အိမ်သွားတော့လည်း အဘိုးကြီး အဘွားကြီး လင်မယားပဲရှိတယ်၊ ဆိုင်သွားပြန်တော့လည်း မရှိဘူး ...

ခင်လေး ဘာအချိုး ချိုးသွားမှန်းကို မသိဘူးဗျာ"

"လုံးဝအဓိပ္ပာယ်မရှိဘူး၊ သူ အဲဒါ ဘာလုပ်တာလဲ။ သူ့မိဘတွေကကော ဘာပြောလဲ"

"စေ့စပ်ပွဲပျက်တဲ့ကိစ္စကို မပြောနဲ့၊ ကျွန်တော့်ကို ဖြတ်တဲ့ကိစ္စတောင် သူ့မိဘက မသိဘူး။ အားလုံး သူပဲ သူ့ဘာသာ လုပ်သွားတာ။ ပြီးတော့ မလေးကို Seminar တက်မယ်ဆိုပြီး ထွက်သွားတယ်၊ ကျစ် တကယ်ပဲဗျာ၊ ဘာမှန်းကို မသိဘူး"





မောင်မောင်ကလည်း သူ့ကို ဘလိုင်းကြီးခေါက်သွားတာကြောင့် တော်တော်တင်းနေပုံရပါသည်။ မောင်မောင်ဒေါသထွက်မယ်ဆိုလည်း ထွက်ချင်စရာပေ။ စေ့စပ်ဖို့ရက်ရွေး လက်ထပ်ဖို့ရက်ရွေးပြီးမှ တမင်ဖြတ်ချသွားတာဟာ သူတို့ကို သက်သက်မဲ့ စော်ကားတာပဲဖြစ်သည်။ ကိုယ်က အမြဲခပ်မြင့်မြင့်နေခဲ့ပြီးကာမှ ဒီလိုမျိုး အလုပ်ခံရတာဟာ အရှက်ကွဲတာပဲဖြစ်သည်။ ပန်းတော်ဝင်သည် ခင်လမင်းကို မကျေသောဒေါသတို့နှင့်အတူ အံကိုတင်းတင်းကြိတ်ကာ တောက်ခေါက်လိုက်ပြီး ...

"မဟုတ်ဘူး၊ ဒီမိန်းမက ငါတို့ကို ဘာအချိုး့ချိုးသွားတာလဲ။ မလေးမှာ သွားရှောင်နေလိုက်တာနဲ့ ပြဿနာက အေးပြီတဲ့လား၊ ဒါမျိုးလာလုပ်လို့ မရဘူး ...

မလေးအထိကို မြေလှန်ရှာပစ်မယ်"

"စိတ်ကိုထိန်းပါ မကြီးရာ၊ ကျွန်တော့်ကိစ္စ ကျွန်တော်ရှင်းမှာပါ။ အခု ကျွန်တော် သူ့ကို mail တွေလည်း ပို့ထားတယ်၊ သူ့ဆီက တစ်ခုခုတော့ response ပြန်လုပ်



www.burmeseclassic.com

www.burmeseclassic.com



မှာပါ။ ကျွန်တော်လည်း အဲဒီကိစ္စက ဘာဆိုတာ သိရမှဖြစ်မယ်၊ သူ ဘာလို့ အဲဒီလိုလုပ်တယ်ဆိုတာ ကျွန်တော်ဖြင့် စဉ်းစားလို့တောင် မရဘူး"

မောင်မောင်ရဲ့စကားကြောင့် သူမက ပိုပြီးစိတ်တိုလာရသည်။ ဘာလဲ ... ဒီမိန်းမက သူ့မောင်ကို အဲဒီလိုအရှိုးမျိုးနှင့် ဖြတ်ချလို့ရမယ်များ ထင်နေသလား။ ခင်လမင်း ဒီလိုလုပ်တာဟာ လွယ်လွယ်နှင့် ပြီးသွားပြီလို့တော့ မထင်ထားသောသူမဟာ ခင်လမင်းကို အပြတ်ချဖို့ ဆုံးဖြတ်ထားပြီးသားဖြစ်သည်။ စုံစမ်းထားပြီးသော သတင်းများအရ ခင်လမင်းဟာ မလေးရှားရောက်နေတယ်ဆိုတာပဲဖြစ်သည်။ သူမ ဘယ်နေရာမှာဆိုတာ အတိအကျသိပြီဆိုလို့ကတော့ ပွဲသိမ်းပဲဖြစ်သည်။

သူ ငယ်ငယ်ကတည်းက ပိုးမွေးသလို မွေးခဲ့ရသော ဒီမောင်လေးရဲ့အသည်းကို ခွဲခဲ့တဲ့ ခင်လမင်း ဆိုတာကို သူရင်ဆိုင်ရမည်။ အဲဒီအတွက် မောင်မောင်ရဲ့ပခုံးတစ်ဖက်ကို ဖျစ်ခနဲ ညှစ်လိုက်ကာ အားပေးသံစွက်၍ ပြောလိုက်မိသည်။





"ဘာမှ စိတ်ထဲထည့်ထားမနေနဲ့ မောင်မောင်၊ ဒီကိစ္စအတွက် မင်း ဘာမှ စိတ်ညစ်နေစရာမလိုဘူး။ မကြီး ကိုယ်တိုင်ရှင်းမယ်၊ ခင်လမင်းကို ငါ ကိုယ်တိုင် အပြတ်ဖြတ်မယ် မောင်မောင်။ မင်းသာပြတ်တယ် ဆိုရင်ပေါ့"

မကြီးရဲ့အဲဒီစကားကြောင့် သူဟာ ရင်တစ်ခုလုံး မောဟိုက်နွမ်းလျသွားခဲ့သည်။ အချစ်ဆိုတာမျိုးဟာ ဆင်ဆာမပါသော သရဲကားလိုမျိုး သေအောင်ကြောက်ဖို့ကောင်းသောအရာမျိုး ဖြစ်ပါသည်။

* ○ *



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စရှိလို့လားလို့တော့ မမေးတော့ပါဘူးနော်။ ဒီထိတောင် လိုက်လာတယ်ဆိုတော့ ဒေါ်ပန်းတော်ဝင်မှာ ကိစ္စက်တော်တော်ကြီးတယ် ထင်တယ်"

ပန်းတော်ဝင်သည် အဲဒီစကားကြောင့် ဖုံးကွယ်ထားသည့် ဒေါသတွေကို လှုပ်နှိုးလိုက်သည့်အလား ဒေါသတွေထွက်လာလေသည်။ ဒါပေမဲ့ အလိမ္မာကြီးသူပီသစွာ မျက်နှာတစ်ချက်မှမပျက်ဘဲ နဂိုထက် မျက်နှာကြောပိုတင်းကာ ...

"မင်းက ဘယ်လိုမိန်းကလေးလဲ ခင်လမင်း။ မင်းကို ငါက ခေတ်ပညာတတ် အရည်အချင်းရှိတဲ့ မိန်းကလေးလို့ သတ်မှတ်ထားခဲ့တာ၊ မင်းက ခုတော့ ငါသတ်မှတ်ထားတာနဲ့ တခြားစီပါလား ...





ပြော ... မင်း ဒီမှာ စတေးရှောင်တာ ဘာသဘောလဲ"

သူမစကားကြောင့် ခင်လမင်းက ပခုံးနှစ်ဖက်ကို ဟန်ပါပါတွန့်လိုက်ကာ မထီတရီအပြုံးမျိုးဖြင့် စိုက်ကြည့်ပြီးမှ သူမကို ပြန်လည်ချေပလေသည်။

"နေစမ်းပါဦး ဒေါ်ပန်းတော်ဝင်၊ ကျွန်မကို ရှင့်အနေနဲ့ ဘာမှပြောပိုင်ခွင့် မရှိဘူး။ စစ်နှေကွန်းလို လူရုပ်တစ်ယောက်ကို ဘယ်ဂုဏ်သရေရှိမိန်းမကမှ မယူဘာ ဆတ်ဆတ်ခါနာပြီး ကျွန်မနဲ့လွဲလို့ ဝမ်းနည်းမနေနဲ့။ ဒီမှာလာပြီး ကျွန်မက ဘာကိစ္စ ရှောင်နေရမှာလဲ၊ ကျွန်မက ကိုယ့်အလုပ်နဲ့ကိုယ် ဒီကိုလာတာ။ ရှင်သာ ကျွန်မကို တွေ့ချင်လို့ ဒီလိုက်လာရတာလေ"

ဘာ ...။

ကြည့်စမ်း ... သင်းကများ မိုက်မိုက်ရိုင်းရိုင်းစော်စော်ကားကား။ ပန်းတော်ဝင်သည် ကိုယ့်အပြစ်ကို သူများအပြစ်



www.burmeseclassic.com

www.burmeseclassic.com



ထိုးချတတ်သော စကားပြောရင့်သီးသည့် အဲဒီမိန်းမကို တစ်ခုခုဖြင့် ကုတ်ဆွဲပစ်ချင်စိတ်တောင် ပေါ်လာတော့သည်။ ကွာ ... ဒီမိန်းမတော့။

"ဒီမှာ ... ခင်လမင်း၊ မင်းစကားပြောသိပ်ရိုင်းပါလား။ မင်းရဲ့ဟန်ဆောင်မျက်နှာဖုံးကို ခွာချလိုက်မှ မင်းဟာလုံးဝအဆင့်နိမ့်မိန်းမဆိုတာ သိလိုက်ရတယ်။ မင်း လုံးဝရိုင်းတယ် ...

ဟေ့ ... ဒီမှာ ပြောထားလိုက်မယ်။ ငါ့ရဲ့ယောက်မ မင်းတစ်သက်လုံး ဖြစ်ခွင့်မရှိဘူး"

"တကယ်ရိုင်းတာက ရှင် ဒေါ်ပန်းတော်ဝင်ရဲ့။ ရှင့်မောင် လူရုပ်လူပွေကို ကျွန်မလို မိန်းမမျိုးက မယူတော့ဘူးဆိုလို့ ရှင်က နာနေတာလား"

အာ ... ဒီမိန်းမတော့ကွာ။ ပန်းတော်ဝင်သည် စိတ်ကိုထွက်ပေါက်ပေးသည့်အနေဖြင့် တောက်တစ်ချက် ခေါက်မိသွားသည်။ ပြီးတော့ သူမကို မေးလိုက်သည်။





"ပြောစမ်း ... မောင်မောင်က လူရုပ်လူပွေ ဟုတ်လား။ မင်း မဟုတ်ဘဲ လျှောက်မပြောနဲ့ ခင်လမင်း၊ ငါ့မောင်က လူကောင်း"

"ကိုယ့်ငါးချဉ် ကိုယ်ချဉ်မနေပါနဲ့ ဒေါ်ပန်းတော်ဝင်၊ ကျွန်မ စစ်နေကွန်းရဲ့အကြောင်းကို အကုန်သိပြီးပြီ၊ သူ့ကို ကျွန်မ သိပ်နာတယ်။ ရှင် ကျွန်မနဲ့ညီဖို့ မစဉ်းစားပါနဲ့တော့၊ ရှင့်မောင်ကို ဒီလောက်နဲ့ ရှော့ပေးလိုက်တာ သူ့ အများကြီးကံကောင်းသွားတာပါ ...

မိန်းကလေးတစ်ယောက်ကို အသုံးချပြီး မိန်းကလေးတွေကို လှည့်စားတတ်တဲ့ သူ့လိုယောက်ျားမျိုးကို ကျွန်မရဲ့ အိမ်ထောင်ဖက်အဖြစ် ဘယ်တော့မှ ရွေးချယ်မှာမဟုတ်ဘူး။ မိန်းမချင်း ကိုယ်ချင်းစာတဲ့စိတ်နဲ့ ကျွန်မကို ရှင်တို့ ဆက်မနှောင့်ယှက်ပါနဲ့။ အဲဒါ ကျွန်မ ဒေါ်ပန်းတော်ဝင်ကို request လုပ်တာပါ"

ခင်လမင်းဆီက ကြားလိုက်ရတဲ့ အဲဒီစကားကြောင့် သူမဟာ တော်တော်တောင် အံ့သြသွားရသည်။ ခင်လမင်းရဲ့ မျက်လုံးထဲမှာ ဖတ်ကြည့်တော့လည်း အဲဒီစကားတွေဟာ အမှန်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သဘောပေါက်ရပါသည်။ ဘာလဲ ... ဘာတွေလဲ။ မောင်မောင်က ဘာတွေ အကွက်ချွေ့ထားတာလဲ။ ဟင့်အင်း ... အဲဒါလည်း မဖြစ်နိုင်ပါဘူး။ မောင်မောင်ဟာ ရည်းစားများခဲ့တယ်ဆိုပေမယ့် တစ်ယောက်ပြီးမှတစ်ယောက် ထားခဲ့တာပါ။ အဲဒီကိစ္စတွေကိုလည်း ခင်လမင်း သိပြီးသားပါ။

အဲဒါကိုဘာလို့ ခင်လမင်းက မိန်းကလေးတစ်ယောက်ကို အသုံးချပြီး မိန်းကလေးတွေကို လှည့်စားတယ်ဆိုတာ ဘာသဘောလဲ။

"ခင်လမင်း ... မင်းစကားက ဘာစကားလဲ။ မောင်မောင်က ဘယ်မိန်းကလေးကို အသုံးချပြီး ဘယ်သူ့ကို လှည့်စားခဲ့လို့လဲ၊ မင်း အထင်မှားနေတာ ဖြစ်မှာပါ။ မင်း ဘယ်သူပြောတာကို ကြားခဲ့တာလဲ"

"ကျွန်မမှာ စဉ်းစားချင့်ချိန်တတ်တဲ့ဦးနှောက် ရှိပါတယ် ဒေါ်ပန်းတော်ဝင်။ ဘယ်သူပြောတာလဲဆိုပြီး အစ်အောက်မေးဖို့ မလိုပါဘူး၊ သူ အသုံးချခဲ့တာ သူပဲသိမှာပါ"

"မင်း စကားကို ရှင်းအောင်ပြော ခင်လမင်း။ ဘာလဲ ... မင်း ပြောတဲ့ အသုံးချတယ်ဆိုတာ ဘာလဲ"





"ကျွန်မမှာ လုပ်စရာအလုပ်လေးတွေ ရှိသေးတယ်။ ဒေါ်ပန်းတော်ဝင် အဲဒီကိစ္စကို သိပ်သိချင်နေတယ်ဆိုရင်တော့ မြန်မာပြည်ပြန်ပြီး ရှင့်မောင် စစ်နေကွန်းကို မေးကြည့်လိုက်ပါ။ အဲဒါဆို ရှင် သိသွားလိမ့်မယ်၊ အခုတော့ ကျွန်မ သွားလိုက်ပါဦးမယ်"

ခင်လမင်းက သူပြောချင်တာပြောကာ ပြုံးစုစမျက်နှာဖြင့် ထိုင်ရာမှထသည်။ ပြီးတော့ ...

"သြော် ... စစ်နေကွန်းကို တစ်ခုလောက် ပြောပေးပါ။ ဘယ်လောက်ပဲတော်တော် မြင်တတ်အောင်ကြည့်မှ မြင်မှာပါလို့။ အဲဒါလေး သူ့ကို ပြောပေးပါ"

အဲဒီနောက်မှာတော့ သူမဟာ ထွက်ခွာသွားတော့သည်။ ဘာတွေဆိုတာ အတိအကျ မပြောတတ်သေးပေမယ့် ဦးမကျိုးတဲ့ ခင်လမင်းကို ယောက်မတော်ဖြစ်ဖို့ မဖြစ်နိုင်ဘူးဆိုတာ တေးထားလိုက်ပါသည်။

*○*



www.burmeseclassic.com

www.burmeseclassic.com



# ၉

နေကွန်းသည် ကုမ္ပဏီကနေ ခေါင်းကိုက်နေလို့ဆိုတဲ့ အကြောင်းပြချက်ဖြင့် အိမ်သို့ စောစောပြန်လာခဲ့တော့သည်။ ဒီရက်တွေမှာ သူဟာ သိပ်ပြီးတော့ စိတ်နဲ့ကိုယ်နဲ့ ကပ်လှတယ်တော့ မရှိပါ။

မကြီး မလေးရှားသွားပြီး ခင်လေးနှင့်တွေ့ပြီး နောက်ပိုင်းမှာ သူဟာ တွေတွေဝေဝေ ရှိနေခဲ့ပါသည်။

ခင်လေးက ဘာကြောင့် သူ့ကိုဖြတ်တယ်ဆိုတာ သူ မသိခဲ့ပါ။ ချစ်ခဲ့တဲ့အတွက် အသည်းတော့ ကွဲရပါသည်။ ပြီးတော့ မြင်တတ်အောင် ကြည့်ပါဆိုတဲ့ စကားကြောင့် သူဟာ နည်းနည်းတော့ အူကြောင်ကြား ဖြစ်ရပါသည်။





သူဟာ ကားမောင်းရင်း တွေးရင်းဖြင့် ခေါင်းမှာတွ နောက်လာတာကြောင့် နီးစပ်ရာ ကော်ဖီဆိုင်တစ်ဆိုင်သို့ မောင်းချလာခဲ့ပါသည်။ တိတ်တိတ်ဆိတ်ဆိတ်နှင့် အေးချမ်းလှသော ဆိုင်လေး ဖြစ်တာကြောင့် သူဟာ အဲဒီဆိုင်မှာထိုင်ဖို့ပဲ ဆုံးဖြတ်လိုက်တော့သည်။ Wi-Fi ရသည်ဆိုတာကြောင့် သူဟာ ကားထဲက Laptop ကိုပါ ထုတ်ယူလာကာ ထောင့်ကျကျ နှစ်ယောက်ထိုင်ဆိုဖာခုံမှာထိုင်၍ မိုခါးကော်ဖီသောက်လိုက် အင်တာနက်သုံးလိုက်ဖြင့် အရမ်းအဆင်ပြေလှပါသည်။ သူ့အတွက်တော့ အများကြီး စိတ်ပြေလက်ပျောက် ဖြစ်ပါသည်။

နေကွန်းသည် facebook က ဘော်ဒါတစ်ယောက် တင်ထားတဲ့စာသားကို သဘောကျတာကြောင့် သူက copy လုပ်၍ staus မှာ paste လုပ်ကာ share လုပ်လိုက်သည်။

“တိမ်စိုင်တွေလိုကွယ် xxx ဟိုရွှေ့ ဒီရွှေ့ xxx မိန်းကလေးတွေအပေါ်မှာဆိုရင် xxx ဟိုရွှေ့ ဒီရွှေ့နဲ့ xxx ငါ့ရဲ့အကျင့် xxx ငါ့ရဲ့စိတ်တွေ တည်ငြိမ်သွား xxx နတ်သမီးလေး မင်းရှေ့မှာ ခေါင်းငုံ့ဒူးထောက်လို့ထား”



www.burmeseclassic.com

www.burmeseclassic.com



နေကွန်းသည် ဆိုင်ထဲမှာဖွင့်ထားသော နိုင်းရဲ့သီချင်းသစ်တစ်ပုဒ်ကို ဘာရယ်မဟုတ် လိုက်ညည်းမိသွားသည်။ အင်း ... နိုင်းရဲ့သီချင်းကို နားထောင်ရင်းကမှ နိုင်းနှင့်ပတ်သက်သူ မေဒေးကို သူ သွားသတိရမိသွားသည်။

အင်း ... သူနဲ့မေဒေး မတွေ့ဖြစ်တာ တစ်လလောက်တောင် ရှိလောက်ပြီထင်သည်။ သူကလည်း သူ့ကိစ္စနှင့်သူ အလုပ်တွေရှုပ် စိတ်တွေရှုပ်ကာ မေဒေးဆီတောင် မသွားဖြစ်ပါ။ မေဒေးကလည်း သူ့သတင်းကြားထားလို့ ထင်သည်။ သူ့အိမ်တောင် မလာတော့ပါ။ အင်း ... ဒီကအပြန်တော့ အဲဒီကလေးမဆီ ဝင်ဦးမှပါ။

နေကွန်းသည် ကိုယ့်ဘာသာ plan ချရင်း အင်တာနက် ဆက်သုံးနေတော့သည်။ တစ်ယောက်တည်း အင်တာနက်သုံးလိုက် ကော်ဖီသောက်လိုက်ဖြင့် အားလုံးကို မေ့လျော့နေချိန်မှာ သူ့နာမည်ခေါ်သံကြား၍ သူက မော့ကြည့်လိုက်လျှင်တော့ သူ့ကိုပြုံးကြည့်နေသည့် ကောင်လေးကို တွေ့လိုက်ရလေသည်။

"အစ်ကို တစ်ယောက်တည်းလာတာလား"





ဗီရိုတ်ပုံသဏ္ဌာန် ဆွယ်တာတီရှပ်ကို ဂျင်းတစ်ထည်ဖြင့် လွတ်လပ်ပေါ့ပါးစွာ ဝတ်ဆင်ထားသော နိုင်းကိုတွေ့လိုက်ရလျှင် သူ တော်တော် အံ့ဩသွားရပါသည်။

"ဟာ ... ညီလေး၊ လာ ... ထိုင်လေ"

နိုင်းက သူ့ကို အပြုံးတစ်ချက်ဖြင့် ခေါင်းဆတ်ပြကာ သူနှင့်မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်ကာ ဝိတ်တာတစ်ယောက်ကို အမေရိကန်နိုကော်ဖီတစ်ခွက် မှာလိုက်လေသည်။ ပြီးတော့မှ သူက လူမှုရေးအရ မေးလိုက်ပါသည်။

"ဘယ်ကလာတာလဲ ညီလေး၊ မေဒေးကော မပါဘူးလား"

"ကျွန်တော်က ဒီနားက ကိုကြီးဇော် studio မှာ အသံလာသွင်းတာပါ။ အဲဒါ ဒီကအပြန် ကော်ဖီလာသောက်တာ၊ အစ်ကို့ကိုတွေ့လို့ လာခေါ်တာ၊ မေဒေးမပါဘူးဗျ"

"ဩော် ... ကိုယ်တောင် မေဒေးနဲ့ မတွေ့တာကြာပြီ။ ဘယ်လိုလဲ ... နိုင်း၊ ဘယ်တော့စားရတော့မှာလဲ"

သူက ဘော်ဒါသဘောမျိုး နောက်ပြီးပြောလိုက်ပေမယ့် နိုင်းပုံစံက တကယ်ထင်သွားပြီး မှိုင်သွားပြီးမှ ခေါင်းကို အသာယမ်းကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်သေးပါဘူး အစ်ကိုရာ၊ မေဒေးက ဂျစ်ဗျူ။ လက်ထပ်ဖို့ မပြောနဲ့ ကျွန်တော့်ကို လက်တောင်ပေးတွဲတာ မဟုတ်ဘူး၊ ဝေးပါသေးတယ် အစ်ကိုရာ။ ခုနကတောင် ကျွန်တော်နဲ့ သူ ဖုန်းထဲမှာ ရန်ဖြစ်ရသေးတယ်"

အင်း ... ချစ်သူတွေဟာ တစ်ချိန်လုံးများ ရန်ဖြစ်နေကြသလား မသိပါဘူး။ အချစ်ကြောင့် ဟတ်ထိနေလို့ ဒီမှာ လာလွင့်နေပါတယ်ဆိုမှ နောက်ထပ် ဟတ်ထိနေသူတစ်ဦးက သူ့ဆီရောက်လာပြီး လာရင်ဖွင့်နေပြန်ပါသည်။

"အစ်ကို ... မေဒေးမှာ အရင်ရည်းစားတွေ ဘာတွေများ ရှိသလားဟင်"

"အာ ... နိုင်းကလည်း ပေါက်ကရတွေကွာ။ မင်းနဲ့သူက ငယ်သူငယ်ချင်းတွေဆိုလည်း ဟုတ်တယ်၊ ဆယ်တန်းအောင်ပြီး မင်းတို့သမီးရည်းစားဖြစ်တာမှုလား"

"ဟုတ်ကဲ့ အစ်ကို"

"အေးလေ ... အဲဒါဆို ပြီးပြီပေါ့။ ဘယ်နေရာကနေ ရည်းစားဟောင်းက ပေါ်လာရတာတုံး၊ မေဒေးအတွက် မင်းက first love ပဲပေါ့။ ဘာတွေ doubt ဖြစ်နေရတာလဲ"





"အင်း ... အဲလိုဆိုတော့လည်း ဟုတ်တာပဲနော်"

နိုင်းက သူ့ရဲ့ပြောပြချက်ကို ကျေနပ်သွားဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ တူနာဆင်းဒဝစ်(ချ်)တစ်ပွဲ လှမ်းမှာလိုက်လေသည်။

"အစ်ကို ... ဘာမှာဦးမလဲ။ တစ်ခုခု စားပါဦး"

"တော်ပါပြီကွာ၊ ကော်ဖီပဲသောက်မယ်။ ဒါနဲ့ နေပါဦးကွ။ မင်းက မေဒေးကို ဘာလို့ အရင်ရည်းစား ရှိနေတယ်လို့ ထင်နေရတာလဲ၊ သူက ဘာပြောလို့လဲ"

နိုင်းက ကော်ဖီတစ်ငုံကို ဟန်ပါပါဖြင့် ငုံ့လိုက်ပြီးမှ သူ့ကို တိုင်ပင်ဟန်ဖြင့် ပြောပြပါသည်။

"မေဒေးက ဘာမှတော့ မပြောပါဘူး အစ်ကိုရာ၊ ဒါပေမဲ့ ဘယ်လိုပြောရမလဲ။ ကျွန်တော် ခံစားမိတာပေါ့နော်၊ မေဒေးက တစ်ခုခုကို ဖီးလ်ဖြစ်ပြီး လွမ်းနေသလိုမျိုးဗျ။ အင်း ... နောင်တရနေတဲ့ အရိပ်အယောင်မျိုးပေါ့။ ပြီးတော့ဗျာ ... ဟို ..."



www.burmeseclassic.com

www.burmeseclassic.com



နိုင်းက သူ့စကားသူ ဆက်မပြောသေးဘဲ သူ့ကို အကဲခတ်ဟန် မျက်လုံးတစ်ချက် လှန်ကြည့်သည်။ သဘောက တော့ ခင်ဗျားကို ယုံကြည်ရပါ့မလားဆိုတဲ့ ပုံမျိုးပေါ့။ အေးပေါ့လေ ... နိုင်းက မေဒေးနဲ့ပတ်သက်ပြီးမှ သိရတာဆိုတော့ သူ့မှာ ဒီလောက်တော့ အကဲခတ်ခံရခွင့် ရှိတာပေါ့လေ။ သူဟာ သဘော ပေါက်နားလည်စွာဖြင့် အိုကေ ဆိုသောသဘောဖြင့် မေးတစ်ချက် ဆတ်ပြကာ ...

"ဘာမှ အားမနာနဲ့ နိုင်း၊ မင်းကို မေဒေးနဲ့ပတ်သက်ပြီးမှ သိရခင်ရတယ် ဆိုပေမယ့် ကိုယ်က မင်းကိုခင်ပြီးသားပါ ... ယောက်ျားချင်း အချစ်ကိစ္စကို ပွင့်ပွင့်လင်းလင်း တိုင်ပင်နိုင်ပါတယ်"

"အဟား ... thank you"

"ရပါတယ်ကွာ၊ ကဲ ... ဆက်ပြောပါဦး နိုင်း"

သူ့အားပေးမှုကြောင့် နိုင်းက အားတက်သွားကာ ခပ်သွက်သွက် ခေါင်းညိတ်ပြပြီး ဆက်ပြောပါသည်။





"မေဒေးက ကျွန်တော်နဲ့ သမီးရည်းစား ဖြစ်နေကြပေမယ့် မေဒေးကိုကြည့်ရတာ ကျွန်တော့်ကို သူငယ်ချင်းပုံစံမျိုးပဲဗျာ၊ ကျွန်တော်က သူ့ကို အရမ်းချစ်တော့ သူ့ဘာလုပ်လုပ် အပြစ်မမြင်ပါဘူး။ အားလုံး လိုက်လျောပေးပါတယ်၊ ဒါပေမဲ့ဗျာ ... ကြာလာတော့ ကျွန်တော်လည်း ဖီးလ်ငုပ်လာတာပေါ့။ ကျွန်တော်က အပြည့် mood သွင်းပြီးပြောပေမယ့် သူက အမြဲ မထုံတက်တေး စိတ်ပါသလိုလို မပါသလိုလိုနဲ့ ဘာကြီးမှန်း မသိပါဘူးဗျာ"

နိုင်းရဲ့ဖီလင်တွေကို သူက ကြားသိပြီးသောအခါ ဟုတ်မှဟုတ်ရဲ့လားဆိုပြီး သံသယတောင် ဝင်မိသွားသည်။ မေဒေး ဆိုသော ကောင်မလေးက အဲလိုမျိုး ရည်းစားကို အဖက်မလုပ်တတ်တဲ့သူလား။ သူ ထင်တောင်မထင်ထားပေ။ မေဒေးက အချစ်ကို ကိုးကွယ်တတ်တဲ့ ပုံမျိုးလေးပါ။ သူ့ကိုတောင် ဂရုတစိုက် ရှိတတ်တဲ့ ကောင်မလေးက သူမရည်းစားကို အဲလိုပုံမျိုးနဲ့ ဘာ သဘောကြောင့် ဆက်ဆံထားရတာလဲ။

"မင်းနဲ့ မေဒေး ရည်းစားဖြစ်တာ ဘယ်လောက်ကြာပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... တရားဝင် ရည်းစားဖြစ်တာ သုံးနှစ်နဲ့လေးလ ရှိပြီ။ ကျွန်တော် သူ့ကို စလိုက်တာကတော့ ဆယ်တန်း ကတည်းကပေါ့"

ဩော် ... ဩော်။

ကောင်လေးရဲ့အချစ်က စံတင်လောက်တာမျိုးပါ လား။ ဘာပဲဖြစ်ဖြစ် နိုင်းရဲ့အချစ်က သူ့ထက်တော့ သာပါသည်။ ဆယ်တန်းကတည်းက ဒီမိန်းကလေးပဲလိုက်၊ ဒီမိန်းကလေးနဲ့ပဲ ရည်းစားဖြစ်ကာ သက်တမ်းရှည်ကြာတယ် ဆိုကတည်းက နိုင်းနဲ့ မေဒေး ဘယ်လောက်ချစ်ကြတာယ်ဆိုတာ မှန်းဆမိပါသည်။

"မင်းက မေဒေးကို အပြစ်မြင်ချင်နေပြီလား နိုင်း၊ ပွင့်ပွင့် လင်းလင်းပေါ့ကွာ"

သူ့စကားကြောင့် နိုင်းက လက်ကားရား ခြေကား ရား ရက်ပ်ပါဟန်ဖြင့် သူ့အထင်ကို အသည်းအသန် ဖြေရှင်းပါ သည်။

"အာ ... နိုး ... နိုး ... အစ်ကို။ မပဟုတ်ဘူး ... အဲလိုဆို လိုချင်တာ မဟုတ်ဘူးဗျ။ ကျွန်တော် အစ်ကို့ကို ဒီလိုပြော



တယ်ဆိုတာက မေဒေးနဲ့ အစ်ကိုက Close ဖြစ်တယ်လေ၊ မေဒေးက အစ်ကို့ကို Hero လိုသဘောထားတယ်။ သူ့ရဲ့ စံပြက အစ်ကိုပဲလေ။ အဲဒီတော့ ကျွန်တော် ဒီလိုပြောပြရင် မေဒေးအတွက် ကျွန်တော် ဘာများလိုအပ်နေလဲဆိုတာ အစ်ကို့ကို ဝေဖန်ခိုင်းမလို့ အကူအညီတောင်းမလို့ပါ၊ အဲဒီလိုဗျ"

"ဩော် ... ဒီလိုမျိုးကိုး"

"ဟုတ်ကဲ့ ... အဲဒါ ကျွန်တော့်ကို အစ်ကို ဝေဖန်ပေးပါ လား"

နေကွန်းသည် ခေါင်းတဆတ်ဆတ်ညိတ်ကာ မျက်ခုံး တစ်ချက်ပင့်လိုက်ပြီး နိုင်းအတွက် သူ စဉ်းစားပေးလိုက်သည်။ မေဒေးကိုတော့ သူဟာ နိုင်းနှင့် တကယ်ပဲ သဘောတူပါသည်။

"မေဒေးက ကလေးဆန်တယ်ကွ။ သူ့ကို အလိုလိုက်မယ်။ **romantic** ဖြစ်အောင် မင်းဘက်က ဖန်တီးပေးမယ်၊ **for example** ကွာ၊ မေဒေးနဲ့ မင်း ညစာအတူတူစားမယ့်အစား သူ့အိမ်ကိုသွားပြီး ချောကလက်လှလှလေးတစ်တောင့်ကျွေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာမျိုး၊ သူ့ကို ရုပ်ရှင်လိုက်ပြမယ့်အစား မင်းကိုယ်တိုင် Create လုပ်ပြီးတော့ ပရိသတ်ကို လုံးဝမချပြရသေးတဲ့ သူ့ကိုရည်ညွှန်းတဲ့ pop-rap ချိုချိုလေးကို ဖုန်းဆက်ပြီး ဆိုပြတာမျိုးပေါ့ ...

အချစ်သက်တမ်း ကြာလာတော့ တစ်ခါတစ်ခါမှာ ကိုယ့်ရည်းစားကိုယ် ရိုးသွားတာမျိုးတို့၊ စိတ်ပျက်သွားတာမျိုးတို့ ရှိနိုင်တယ်လေ။ မေဒေးလို မိန်းကလေးမျိုးကို ချစ်တဲ့သူက မင်းတစ်ယောက်တည်း မရှိနိုင်ဘူးဆိုတာ အမြဲခေါင်းထဲထည့်ထားရမယ် ...

ငါက celebrity မေဒေးက ငါ့ကို ခေါက်မသွားလောက်ပါဘူးလေဆိုတဲ့ အတွေးမျိုးတော့ မတွေးလိုက်နဲ့နော်။ မင်း ကျန်ရစ်ဖြစ်သွားလိမ့်မယ် ...

အဲဒီတော့ ငါ့ညီ မင်းလုပ်ရမှာက မေဒေးကို romantic ဆန်ဆန်လေးနဲ့ ဂရုစိုက်ပြ ကြင်နာပြပေါ့။ မင်း ဘယ်လောက်ပဲ အလုပ်တွေများများ တစ်နေ့ကို အချစ် message တစ်စောင်ပို့၊ ဖုန်းတစ်ခါလောက်တော့





ပြော။ ဒါမှလည်း သူ့စိတ်ထဲမှာ မင်းက နေ့တိုင်းရှိနေမှာပေါ့"

သူက မော်သွားဟန်ဖြင့် သောက်လက်စကော်ဖီကို အပြတ်ဖြတ်လိုက်သည်။ နိုင်းကတော့ သူ့ရဲ့ဝေဖန်အကြံပြုချက်တွေကို ရေရေလည်လည် လက်ခံမှတ်သားနေပုံရပါသည်။ အင်း ... သူ့မလည်း တစ်ဒုက္ခပါ။ မေဒေးကို စာမေးပွဲအောင်ဖို့ guide လုပ်ပြီးနောက်မှာ မေဒေးရည်းစား နိုင်းက မေဒေးကို romantic ဖြစ်အောင် သူ့မှာ နိုင်းကို guide လုပ်ပေးရပြန်သည်။ သူ့များ အချစ်ရေးကိစ္စမှာ သူက ဆရာဆရာကြီးလုပ်ပြီး လက်ချာရိုက်ပေးနိုင်ပေမယ့် သူ့အချစ်ကိစ္စကျတော့ ဘာကနှောင့်လို့ ဘယ်လိုပျက်ပြီး လွဲကုန်မှန်းကို မသိပါ။ သူက တဖြည်းဖြည်းနှင့် ဂေါ်မစွဲ လူပျိုကြီး ဖြစ်လာတော့မည် ထင်ပါသည်။

"ဟား ... ရေရေလည်လည် ကျေးဇူးတင်တယ် အစ်ကိုရာ။ ကျွန်တော် လုံးဝလေးစားသွားပြီ။ You are the master of my future ဟဲ ... ဟဲ၊ အစ်ကိုက ကျွန်တော့်ဆရာပဲ။ အကြံကောင်းလေးတွေ မ,စပါခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား … မင်းပြောမှပဲ ငါတောင် မြောက်တက်ချင်သွားပြီ။ အေးပါ … အေးပါ … မင်းလိုချင်တဲ့ အကူအညီရှိရင် ပြောပေါ့၊ ကိုယ် ကူညီပေးပါ့မယ်"

စိတ်ရဲ့ဂန္ထဝင်မြောက်ချစ်ခြင်းတွေဟာ ဘယ်သူ့အတွက်ရယ်ဆိုပြီး မရည်ရွယ်ခဲ့ပါသော သူဟာ သူ့စိတ်ထဲက အချစ်ဖော်မြူလာတွေကို မေဒေးနှင့် နိုင်းတို့စုံတွဲအတွက် ထောက်ပံ့ပေးမိသည်။ အဲဒီအတွက် မေဒေးတစ်ယောက်တော့ ဒီထက်မက ပိုမိုပျော်ရွှင်မြူးရှာမှာဖြစ်သည်။ ကိုယ့်အချစ်ရေးက အဆင်ပြေပြီးရင်ခုန်ဖို့ ကောင်းတယ်ဆိုရင် ဘယ်သူမဆို ပျော်ရွှင်ကြမှာပဲလေ။ ပြီးတော့ မေဒေးအတွက် နိုင်းက အချစ်ဦးဖြစ်သည်။

သူကြားဖူးထားတဲ့ စကားလေးတစ်ခွန်းရှိသည်။ မိန်းကလေးတွေက ရည်းစားမဖြစ်ခင်နှင့် ရည်းစားဖြစ်ပြီး ကာလတွေမှာ ရည်းစားဖြစ်ပြီး နောက်ပိုင်းကျမှ သူတို့ရဲ့ဘဲကို တစ်ယောက်တည်းပဲမြင်ကာ မျက်စိမှိတ်ပြီး သိပ်သိပ်ချစ်သွားတတ်ကြသည်တဲ့။

*○*





မေဒေးသည် ဒီရက်တွေမှာ အရမ်းကို ငေါင်စင်းစင်းဖြစ်လျက် လေပေလွင့်နေတာကြောင့် ကိုယ့်ဘာသာကိုယ်တောင် စိတ်ပျက်လာရသည်။ အဲဒီတော့ စိတ်ပြေလက်ပျောက်ဖြစ်အောင် မေဒေးက ဖေဖေ့ကုမ္ပဏီမှာ အလုပ်ဝင်လုပ်ဖြစ်သည်။

လူက အူတူတူဖြစ်နေတာကြောင့် လုပ်သမျှက အလွဲလွဲအချော်ချော်ဖြစ်လျက် နေ့စဉ်နေ့တိုင်း ဖေဖေဆူတာခံရတာကြောင့် မေဒေးက ငိုချင်လာကာ အရှုံးတွေနှင့် ရင်ဆိုင်ရလာပါသည်။ အဲဒါကြောင့်မို့ မေဒေးက ဒီနေ့မှာ ဖေဖေ့ကုမ္ပဏီသို့မသွားတော့ဘဲ ကားတစ်စီးဖြင့် လျှောက်ပတ်မောင်း၍ နောက်ဆုံးမှာ လေပြေအိမ်သို့ ဘူတာသွားဆိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လေပြေက ဒီနေ့ အိမ်မှာရှိနေတာကြောင့် မေဒေးဟာ သူ့အိမ်မှာပဲ သွားအချိန်ဖြုန်းနေတော့သည်။ သံစဉ်ကတော့ ဂျာနယ်တိုက်မှာ သတင်းထောက်မမ လုပ်နေတာကြောင့် တစ်နေ့တစ်နေ့ သူ့မှာ အားတယ်ကိုမရှိပါ။ အဲဒီလို မအားတဲ့ကြားကပဲ မေဒေးရဲ့ပြိုင်ဘက်ရန်သူတော်ကိစ္စတွေကို လိုက်လံစုံစမ်းပေးပြီး ကူညီနေရသူဖြစ်သည်။

မေဒေးသည် လေပြေဖျော်ပေးတဲ့ premier 2 plus 1 ကော်ဖီကို စားပွဲပေါ်တင်ကာ ဝရန်တာမှာ ထွက်ထိုင်၍ ကြမ်းပြင်ပေါ်မှာ ဇုတ်တုတ်ထိုင်ကာ လက်ထောက်မှိုင်နေပါသည်။

"ဟဲ့ ... မေဒေး၊ တစ်နေ့ တစ်နေ့ နင်မလဲ မှိုင်လိုက် ငိုင်လိုက်နဲ့။ ဘာဖြစ်လဲဟာ Happy time, Happy life ပေါ့။ ဘာတွေ တွေဝေနေတာတုံး ...

ခင်လမင်းနဲ့ နင့်ကိုကြီး ပြတ်သွားတယ်ဆိုတာက လည်း နင့်စနက်ဆိုပြီး တွေးမနေပါနဲ့ဟာ၊ ပြတ်ချိန်တန်လို့ ပြတ်သွားတယ်လို့ပဲ သဘောထားလိုက်"





အဲဒီအချိန်မှာပဲ ဖုန်းလာတာကြောင့် မေဒေးကို လေပြေက "ခဏနော်"ဆိုပြီးပြောကာ ထထွက်သွားသည်။ အင်း ... ဟိုမိန်းမ လေသံတိုးတိုးနှင့် နင်လေသတိရရင် ဖုန်းဆက်ပါအချိန်တိုင်း လုပ်နေသံကြားလျှင် မေဒေးသည် လေပြေ့ဘော်တကဲကြီး ဆက်တယ်ဆိုတာ သဘောပေါက်ရသည်။ အင်း ... အနည်းဆုံးတော့ တစ်နာရီလောက် ကြာမှာပဲ။

သူများသမီးရည်းစားတွေ ပျော်ပျော်ရွှင်ရွှင် ရှိလှူးကြပါစေကွယ်။ မေဒေးသည် ကိုယ့်ရဲ့လိုတရအကြည်သားပန်းရောင် ကျောပိုးအိတ်လေးထဲက Drawing book လေးကို ဆွဲထုတ်ကာ ကွန်ပါဘူးထဲက ခဲသားဘောပင်ကို ထုတ်လိုက်ပြီး ပုံဆွဲဖို့စဉ်းစားလိုက်သည်။ အင်း ... ဘာပုံဆွဲရကောင်းမတုံး။

မေဒေးသည် မေးစေ့လက်ထောက်ကာ စဉ်းစားလိုက်ရင်တော့ မျက်လုံးထဲမှာကော၊ ဦးနှောက်ထဲမှာကော၊ နှလုံးသားထဲမှာကော အလိုလို ပေါ်လာတာကတော့ ကိုကြီးရဲ့တည်ကြည်ချောမွတ်တဲ့မျက်နှာနှင့် ရီဝေပြီး ညှို့အားပြင်းတဲ့ မျက်လုံးတွေပဲဖြစ်သည်။ သတိရလိုက်တာ ကိုကြီးရယ်။ မေဒေးကို ဘာအကန့်



www.burmeseclassic.com

www.burmeseclassic.com



မှ သဘောမထားဘူးလား။ မေဒေးသည် ဟူးခနဲ လေပူတစ်ချက် မှုတ်ထုတ်ကာ ပုံဆွဲဖို့ပဲ စဉ်းစားလိုက်ပြီး ကောက်ကြောင်းစလိုက်တော့သည်။

နှလုံးသားထဲက အတောင့်တဆုံး၊ အလွတ်ရနေပြီးသား အဲဒီမျက်နှာကို ထပ်ဖန်တလဲလဲ ပုံဆွဲနေကြမို့ လက်က အသားကျကာ ကိုကြီးရဲ့ခဲပန်းချီဟာ မိနစ်အနည်းငယ်အတွင်းမှာပင် ပြီးစီးသွားလေသည်။ ပြီးစီးသွားတဲ့ အဲဒီပန်းချီပုံကို ငေးကြည့်ရင်းက မေဒေးဟာ စာတစ်ကြောင်းကို ပုံရဲ့အောက်မှာ ချရေးလိုက်တော့သည်။

"one-sided love

♡ MYAT MAY DAY ♡"

တစ်ဖက်သတ်အချစ်ပါ ကိုကြီး။

မေဒေးက ကိုကြီးနဲ့ ပတ်သက်လာလျှင် တစ်ဖက်သတ်ပါပဲ။ မေဒေးဟာ Drawing book လေးကိုပိတ်ကာ ကျောပိုးအိတ်ထဲ ပြန်ထည့်ထားလိုက်တော့သည်။ လေပြွေကိုလှည့်ကြည့်တော့ လေပြေက ဖုန်းပြောကောင်းတုန်းပဲ ရှိသေးသည်။ မေဒေး





သည် လေပြွေကို လှမ်းကြည့်ကာ ပြုံးလိုက်ရင်းမှ ဝရန်တာဘက် ပြန်လှည့်ကာ ကော်ဖီသောက်ရင်း ပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်မိသည်။

"မနေ့ကအထိ xxx မင်းရဲ့အချစ် မျှော်လင့်မိတယ် xxx မင်းကမသိ xxx တစ်ချက်မှ မကြည့်တာ ဘယ်လိုလုပ်မလဲ xxx ဝေဒနာတွေပဲ xxx ဆက်တိုက်ရတဲ့ အချိန်တိုင်းမှာ xxx ကြောက်မိခဲ့တယ် ချစ်သူ xxx ကိုယ် မိန်းကလေးပါ"

ဘုရားရေ ... ဒီ ringtone ဒီ ringtone ဟာ ကိုကြီးရဲ့ဖုန်းပါလား။ မေဒေးသည် confirm ဖြစ်အောင် ဖုန်းနံပါတ်ကို တစ်ချက်ကြည့်လိုက်ရင်တော့ ကိုကြီးဆီက တကယ်ပဲ ဖြစ်လို့နေပါသည်။ မေဒေးက ဘာမှတုံ့ဆိုင်းမနေဘဲ ချက်ချင်းပင် ဖုန်းထကိုင်ပါသည်။

"ဟယ်လို"

"မေဒေး ... ကိုကြီးပါ။ ညည်း ဘယ်ရောက်နေတာလဲ၊ ငါ အခု ညည်းအိမ်ရောက်နေပြီ။ ဒီနေ့ အလုပ်မဆင်းဘဲ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လိမ့်နေတယ်ဆို အန်တီ ပြောနေတယ်။ အခု ဘယ်မှာတုံး၊ ကိုကြီး လာခေါ်မယ်"

အဲဒီစကားသံလေးကို မေဒေးက recording လုပ်ပြီး သိမ်းထားချင်စိတ်တောင် ပေါက်သွားသည်။ ကြင်ကြင်နာနာရှိတဲ့ ကိုကြီးဟာ ဘယ်တော့မှ မေဒေးကို နာနာကျင်ကျင်ခံစားရအောင် မလုပ်တာကိုပဲ ကျေးဇူးတင်ရမှာဖြစ်သည်။ ကမ္ဘာ့အချိုဆုံး ကြင်နာသံလေးပဲ ဖြစ်ပါသည်။

"မေဒေးက လေပြေ့အိမ်မှာ ကိုကြီးရဲ့။ ကိုကြီး ကိစ္စရှိလို့လား"

"အဲဒါဆို ငါလာခေါ်မယ်။ စောင့်နေလိုက်"

"အာ ... မလာနဲ့ ကိုကြီးရဲ့။ မေဒေး ပြန်လာပါ့မယ်၊ မေဒေးမှာ ကားပါ,ပါတယ်"

"တိတ် ... လာခဲ့မယ်ဆို လာခဲ့မယ်ပေါ့။ စမ်းချောင်းမကြီးကြီးလမ်းနော်။ အိုခေ ... ကိုယ် လာခဲ့မယ်"

ကိုကြီးက ခပ်ပြတ်ပြတ်ပြောကာ ဖုန်းချလိုက်ပေမယ့် မေဒေးကတော့ ပီတိတွေဖြာနေသော မျက်နှာကြီးဖြင့်





ကိုကြီးအလာကို ထိုင်စောင့်နေပါတော့သည်။ ဖုန်းပြောပြီး ဝရန်တာဘက် ပြန်ထွက်လာတဲ့ လေပြေက မေဒေးမျက်နှာကို အကဲခတ်ကြည့်ပြီး သဘောပေါက်ဟန်ဖြင့် မျက်နှာကို တမင်မဲ့ပြကာ...

"ဟွန်း ... မိန်းမ ရုပ်ကိုက။ ဆေးမစားခင်ပုံနဲ့ ဆေးစားပြီးပုံ ကျနေတာပဲ ပြုံးလို့ ဖြီးလို့။ ပြောစမ်း ... အဲဒါကိုစစ်နေကွန်းဆီကလား"

"ဟုတ်ပါ့တော် ... ဟုတ်ပါ့ ဟုတ်ပါ့။ ဟဲ ဟဲ ... ကိုကြီးက အခု ငါ့ကို လာခေါ်မှာတဲ့။ ဘယ်လောက်ပျော်ဖို့ကောင်းလဲ။ အား ... ဒီနေ့ညတော့ အိပ်နိုင်မယ် မထင်ဘူး"

မေဒေးရဲ့ပျော်ရွှင်မြူးတူးမှုတွေကို မေဒေးရဲ့မျက်နှာက အကန့်အသတ်မရှိ လှစ်ဟပြသတာမို့ ဘယ်လောက်ပျော်ရွှင်ရသလဲဆိုတာ မြင်သူတိုင်း သိနိုင်ပါသည်။ ခဏနေတော့ ကိုကြီးရဲ့ကားလေးက လေပြေရဲ့တိုက်ရှေ့ရောက်လို့ ဟွန်းသံပေးလျှင် မေဒေးသည် သံပန်းဖွင့်၍ ခေါင်းပြူထွက်ကာ "လာပြီ"ဟု လှမ်းအော်ပြီးနောက် ကျောပိုးအိတ်လွယ် ကားသော့ကိုင်ကာ အပြေးအလွှား အောက်ဆင်းဖို့ လုပ်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... မေဒေးရယ်။ ကြည့်ရတာ မျောက်ခါတ်လိုက်နေသလိုပဲ ဖျပ်ဖျပ်လူး။ ငါ ကြည့်မရတော့ဘူးနော်"

မေဒေးက ဟဲခနဲ ရယ်ပြကာ လေပြွေပါးလေးကို ချစ်စနိုး တစ်ချက်ဆွဲညှစ်လိုက်ပြီး ...

"အသည်းလေးရယ် ... ကြည့်မရလည်း မျက်ကပ်မှန်သာတပ်ကြည့်ပေတော့ပေါ့။ ဒါ ရတော့င့်ရခဲ အခြေအနေလေးမို့ပါဟယ်၊ ဒါမျိုးကိုတော့ ရတနာသေတ္တာနဲ့ ကိုရီးယားမင်းသား ရိန်း နှစ်ခုပေါင်းပြီး လဲပေးမယ် ဆိုရင်တောင် ဒီက ပြန်အမ်းလိုက်ဦးမှာ။ ဟီး ဟီး ... သွားပြီဟေ့ ... ညမှ ဖုန်းဆက်မယ်"

"ကြွပေါ့ ... ကြွ။ မနိုင်ဘူး တကယ်လက်လန်တယ်"

မေဒေးရဲ့ဆပ်စလူးနတ်ပူး ဒီဇိုင်းကို ဝေဖန်နေသောလေပြွေကို ကျောခိုင်းထားခဲ့ပြီး အောက်ထပ်ကိုပဲ ဆင်းလာခဲ့တော့သည်။ ကားထဲမှာ ထိုင်စောင့်နေသည့် ကိုကြီးရဲ့ပုံစံက အဝေးကကြည့်တောင် ရင်ခုန်ရလွန်းလို့ ရူးရမည့်ဒီဇိုင်းဖြစ်သည်။ PRADA frame ကြီးကြီး ယောက်ျားတပ်မျက်မှန်ကို တပ်ဆင်ထားပြီး



နားတစ်ဖက်က မဟူရာကျောက်ပြားနားကပ်လေးဖြင့် ဘေးတိုက်အနေအထား မြင်ရတာတောင် ဆွဲဆောင်မှုရှိသော ကိုကြီးဖြစ်ပါသည်။ ကိုကြီးက မေဒေးရဲ့မွေးနေ့လက်ဆောင် နားကပ်လေးကို အမြဲမဝတ်ထားပေမယ့် မေဒေးကတော့ ကိုကြီးပေးထားသည့် ရွှေဆွဲကြိုးလေးကို လည်တိုင်ထက် အမြဲဆွဲထားတာဖြစ်သည်။

"ကိုကြီး"

"အေး ... ဟုတ်ပြီ။ အခု တော်ဝင်စင်တာက Donut King ကိုသွားမယ်၊ ကိုကြီး ကစားနောက်ကလိုက်ခဲ့။ Drive safety နော် မေဒေး"

"ဟုတ်"

မေဒေးက ဟုတ်ကို သံရှည်ဆွဲပြီး ဟုတ်လိုက်လျှင် ကိုကြီးက မေဒေးကို သဘောကျစွာ ပြုံးကြည့်သည်။ အဲဒီနောက်မှာတော့ မေဒေးတို့ဟာ ကားတစ်ယောက်တစ်စီးစီဖြင့် တော်ဝင်စင်တာကို ချီတက်ကြတာဖြစ်သည်။ တော်ဝင်စင်တာမှာ အရင်ဆုံး shopping မလုပ်သေးဘဲ Donut King မှာ အရင်ဝင်ပြီးစားလိုက်ပါသေးသည်။ မေဒေးက Donut တစ်ခုကို မ,ယူကာ ကိုက်ဝါးလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး ... ကိစ္စရှိလို့လား။ ဒီနေ့ ကုမ္ပဏီမသွားဘူးလား။ မကြီးကော နေကောင်းလား"

"မေးခွန်းတွေကလည်း များလိုက်တာဟာ၊ ဘာပြောရမှန်းတောင်မသိဘူး။ ညည်းဆီလာတာ ဘာကိစ္စမှတော့ အထွေအထူး မရှိပါဘူး။ ဒီလိုပဲ ကုမ္ပဏီကို မနက်ကသွားပြီး ပြန်လာတာနဲ့ မတွေ့တာလည်းကြာလို့ လာတွေ့တာ။ မကြီးလည်း နေကောင်းတယ် ...

ကဲ ... မေးလို့ ပြီးပြီလား"

မေဒေးဟာ ကိုကြီးနဲ့ အဲဒီလိုမျိုးစကားတွေပြောနေရရင် အားလုံးကိုမေ့ပြီး မေဒေးက ကျေနပ်နေတာမျိုး ဖြစ်သည်။ ကိုကြီး စကားပြောရင် အရမ်းကို ဆွဲဆောင်မှုရှိပါသည်။ အသံနေအသံထားမှန်မှန်ဖြင့် အသံ Tone ကာလာက ကြည်ရှကာ နားထောင်လိုက်ရင် ရင်ထဲအေးချမ်းသွားသည့်အသံမျိုးဖြစ်သည်။ ကိုကြီးသာ မေဒေးရဲ့သာလီကာလေးဖြစ်ရင် ဘယ်လောက်ကောင်းလိုက်မလဲ။





မေဒေးက ကိုယ့်အတွေးနှင့်ကိုယ် ကြည်နူးနေတုန်းမှာပဲ အသံတစ်ခုကြောင့် ဖျတ်ခနဲ တုန်ငယ်သွားကာ အသည်းအသန်မော့ကြည့်ရလေသည်။

"ဘယ်သူများလဲ မှတ်တယ်။ ကိုစစ်နေကွန်းနဲ့ မေဒေးကိုး"

ဘုရားရေ ... မေဒေးသည် အာခေါင်တစ်ခုလုံးသွေ့ခြောက်လာကာ အယောင်ယောင် အမှားမှားတွေဖြစ်ကုန်သည်။ အကယ်၍ မတော်တဆများ မေဒေးရဲ့လုပ်ကြံမှုကို ကိုကြီးသိသွားရင် ...။ အား ... မဖြစ်ဘူး။ မေဒေးသည် ကိုကြီးရဲ့မျက်နှာကို လှမ်းအကဲခတ်ကြည့်လိုက်လျှင်တော့ ကိုကြီးက အရမ်းအံ့ဩနေပုံရပါသည်။ ပြီးတော့ အချစ်ကို ပြန်ရှာတွေ့တဲ့ မျက်ဝန်းတွေနှင့်။ နောက်ဆုံးမှာ မေဒေးကပဲ ပွဲဝင်ထိန်းပေးရတော့သည်။

"ဩော် ... အစ်မ ခင်လမင်း။ ဘယ်လာတာလဲ"

"ဒီမှာလေ ... ဈေးပင်းလာတာ။ အဲဒါ အိမ်အတွက် Donut လာဝယ်တာ၊ ဒီဒိုးနတ်တွေက သိပ်မချိုဘူးလေ။ လူကြီးတွေနဲ့ အဆင်ပြေလို့ လာဝယ်တာ။ မေဒေးတို့ကော ဈေးပင်းပဲမှလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အစ်မ၊ တစ်ခုခု စားသွားပါဦးလား"

"တော်ပြီ ညီမရယ်၊ အစ်မ ပြန်တော့မယ်နော်"

မေဒေးက အခုမှ ရင်ဘတ်ထဲကအလုံးကြီး ကျသွားရုံရှိသေး ကိုကြီးက တစ်စခန်း ထလာခဲ့ပြန်သည်။ လှည့်ထွက်သွားတော့မည့် ခင်လမင်းရဲ့ လက်ကောက်ဝတ်ကို တစ်ချက်လှမ်းဆွဲကာ မေဒေးနလုံးသားကို အသွားထက်စားပါးပါးဖြင့် ရှပ်ခနဲ ဆွဲချလိုက်ပါသည်။

"ခင်လေး ... အဲဒီအတိုင်းကြီး ထွက်မသွားပါနဲ့။ မင်းကိုယ့်ကို ဖြေရှင်းချက်တစ်ခုခု ပေးသင့်တယ်။ ကိုယ့်ဘက်ကို မင်း ငဲ့တွက်ပေးသင့်တယ် ခင်လေး"

အဲဒီစကားကြောင့် သူမက ကိုကြီးဘက်သို့ ပြန်လှည့်လိုက်ကာ တစ်ခုခုပြောတော့မည်ဟန်ပြပြီးမှ မေဒေးကို အသာမျက်လုံးစွေကြည့်လေသည်။ သေပြီ ... မေဒေးတော့ သွားပြီထင်တယ်။ မေဒေးသည် ခင်လမင်း ပါးစပ်က ထွက်လာမည့်အဖြေစကားတစ်ခွန်းကို သေအံ့မူးမူး မျှော်လင့်နေရပါသည်။





"ကျွန်မမှာ ဖြေရှင်းချက် မရှိပါဘူး၊ ဖြေရှင်းဖို့လည်း မလိုအပ်တော့ဘူးလေ။ အားလုံး သူ့နေရာနဲ့သူ နေသားကျနေတာကို ရှင် ခလောက်ဆန်ဖို့ မကြိုးစားပါနဲ့။ ကျွန်မတို့ ပြတ်သွားကြပြီပဲ၊ ထပ်မဆက်ပါနဲ့တော့ ...

ရှင်သာ အရာရာတိုင်းကို မြင်တတ်အောင်ကြည့်စမ်းပါ ကိုနေ။ ကျွန်မ သွားပြီ ... Good Luck "

"ခဏလေး ... ခင်လေး။ မင်းပြောတဲ့ မြင်တတ်အောင်ကြည့်ဆိုတာ ဘာကိုဆိုလိုတာလဲ"

ကိုကြီး နားမလည်ပေမယ့် အဲဒါ မေဒေးကို ရည်ရွယ်ပြောတယ်ဆိုတာ မေဒေးကတော့ သဘောပေါက်ပါသည်။ မိန်းမချင်းမို့ မေဒေးရဲ့ခံစားချက်တွေကို သူမ မြင်သွားပြီ ထင်ပါသည်။ မေဒေးသည် ပါးစပ်ပိတ် ငြိမ်ငြိမ်နေကာ ခင်လမင်းရဲ့ အဖြေစကားကို နားစွင့်နေမိပါသည်။

သူ ဘာများပြောလိုက်လေမလဲ။

"ကျွန်မ ဘာကိုဆိုလိုတယ် ရှင်မြင်တတ်မယ့်တစ်နေ့ ရောက်လာရင် ရှင်နားမလည်တဲ့ အဲဒီစကားကိုလည်း အလိုလို နားလည်သွားပါလိမ့်မယ် ...



www.burmeseclassic.com

www.burmeseclassic.com



ရှင် အမြန်ဆုံး နားလည်နိုင်ပါစေ ကိုနေ၊ သွားမယ် မေဒေး ... တို့ သွားပြီနော်"

မေဒေးကို စာတတ်သောအပြုံးမျိုးဖြင့် ပြုံးပြကာ နှုတ်ဆက်ထွက်သွားသော ခင်လမင်းရဲ့ကျောပြင်ကို ငေးကြည့်ရင်းက မေဒေး ငိုချင်လာမိသည်။ မေဒေးက ဒီပွဲမှာ ကိုယ့်ကိုယ်ကိုယ် နိုင်ပြီလို့ ထင်ထားခဲ့တာ၊ အခု တကယ်ရှုံးနိမ့်ခဲ့တာ မေဒေးပါ။

"ဆောရီးပဲ ... မေဒေးရာ။ ငါ့ကြောင့် ညည်းလည်း စိတ်အနှောင့်ယှက် ဖြစ်သွားရပြီ၊ ကဲ ... စားပြီးပြီမလား၊ လာ ရှော့ပင်းပတ်မယ်လေ"

မေဒေးက ခေါင်းတစ်ချက် ဆတ်ပြကာ ကိုကြီးနှင့်အတူတူ ရှော့ပင်ပတ်ဖြစ်ပါသည်။ Limited Edition ဆိုင်ရှေ့သို့ ရောက်လျှင် ကိုကြီးက မေဒေးကို တစ်ချက်စောင်းငဲ့ကြည့်ကာ ပြုံးလိုက်ရင်း ...

"ခဏလေးနော် မေဒေး။ ဒီနားမှာ ခဏလေးစောင့်၊ ပြန်လာခဲ့မယ်"

"ဟင် ... ကိုကြီး ဘယ်သွားမလို့လဲ"





"ခဏလေးစောင့် ... ဒီမှာ နေခဲ့နော်"

ကိုကြီးက မေဒေးကို လက်ကာပြကာ Limited Edition ဆိုင်ထဲသို့ ဝင်သွားလေတော့သည်။ မေဒေးသည် ထူးဆန်းနေသော ကိုကြီးကို စပ်စပ်စုစု လိုက်မကြည့်နေတော့ဘဲ ဘားဘီဝဲယာကိုပဲ ငေးနေမိတော့သည်။

"ဟိတ် ... မေဒေး၊ ဆပ်ပရိုက်(စ်)"

မေဒေးရဲ့ပခုံးတစ်ဖက်ကို ဖျတ်ခနဲ လှမ်းပုတ်မှုကြောင့် မေဒေးဟာ လှည့်ကြည့်လိုက်လျှင် ကိုကြီးနှင့်အတူတွဲဖက်တွေ့လိုက်ရတာကတော့ မေဒေးကို သွားဖြဲလေးနှင့် ဆီးကြိုနှုတ်ဆက်နေပါသော မေဒေးရဲ့အချစ်ဆုံး stitch အရုပ်ကြီးပဲဖြစ်ပါသည်။ မေဒေးသည် အံ့သြလွန်း၍ ပါးစပ်အဟောင်းသားဖြင့် အရုပ်ကြီးကို လက်ညှိုးထိုးကာ ...

"ကို ... ကိုကြီး အဲဒါက"

"ရော့ ... မေဒေးအတွက်"

ကိုကြီးက မေဒေးရဲ့လက်ထဲသို့ stitch အရုပ်ကြီး ထည့်ပေးလိုက်သည်။ မေဒေးသည် ဘယ်လိုမှ မျှော်လင့်မထား



www.burmeseclassic.com

www.burmeseclassic.com



သော ဆပ်ပရိုက်(စ်)ဖြစ်တာကြောင့် စကားတောင် ထော်တော်နှင့် မပြောဖြစ်သေးပါ။ မေဒေးရဲ့အံ့သြပျော်ရွှင်နေပုံကို သိနေသော ကိုကြီးက မေဒေးကို သဘောကျစွာ ပြုံးရွှင်လျက် ...

"ငါ့မေဒေးကို အရုပ်ဝယ်ပေးချင်တဲ့စိတ်ရှိလို့ ဝယ်ပေးတာ။ stitch ကို မေဒေးက အရမ်းကြိုက်တယ်မှလား။ ကိုကြီး သိတာပေါ့ ညီမလေးရဲ့"

မေဒေးသည် "ညီမလေး"ဆိုတဲ့ ခေါ်သံထဲ မျောလွင့်သွားရင်းက ကိုကြီးရဲ့မျက်နှာကို ငေးကြည့်လိုက်မိသည်။ မေဒေးကို ညီမလေးလို သဘောထားပါသော အဲဒီ ကိုကြီးရဲ့ (၁၅၀၀) ချစ်ခြင်းကို ရဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး ထင်ပါရဲ့။

မေဒေး သည်းသည်းလှုပ် ချစ်ရပါသော ကိုကြီးရေ... မခင်လမင်း ပြောသလိုမျိုးပဲ မေဒေးလည်း ကိုကြီး မြင်တတ်လာမယ့် တစ်နေ့ကို ငုတ်တုတ်ထိုင်ပဲ စောင့်နေပါတော့မည်။

* ○ *





## ၁၀

"နိုင်း ... ပန်းနဲ့ အသီးတွေက နင် ပို့လိုက်တာမှလား"

အဲဒီအသံစာစာလေးကြောင့် နိုင်းသည် နားထဲတွင် အိုစေစစ်စီးကြောင်းလေး ဖြတ်ဆင်းသွားသလို ခံစားရပါသည်။ မေဒေးရဲ့အသံကို နားထောင်ရတာဟာ ဆပ်(ပ်)ရိုက်(စ်)ဖြစ်သည့် အသံမျိုးဖြစ်သည်။ အဲဒီလိုဆိုရင်တော့ သူဟာ ကိုစစ်ကို ကျေးဇူး အများကြီး တင်ရမှာဖြစ်သည်။ သူ့မှာ ရည်းစားက ပိုချစ်လာအောင် ပိုးရပန်းရဖို့အတွက် ကိုစစ်ဆီကပဲ အကူအညီ ယူနေရမှာဖြစ်သည်။

"ဟုတ်ပ့ါ။ ကိုယ့်ချစ်ချစ်က အလုပ်ထဲမှာ ပင်ပန်းနေတာတွေ ပျောက်သွားအောင် အမောပြေ ဖန်တီးပေးလိုက်တာလေ"



www.burmeseclassic.com

www.burmeseclassic.com



"နင်ကလည်းလေ ဒုက္ခရှာလို့၊ မတော် ဖေဖေ မြင်သွားရင် ကျိုင်နော် ... တကယ်ပဲ။ ကြောင်တောင်တောင်နဲ့ ဘာတွေ လျှောက်လုပ်မှန်း မသိဘူး"

မေဒေးရဲ့ပါးစပ်က အဲလိုမျိုး အပြစ်တင်ပြောသလို ပြောနေပေမယ့် တကယ်တမ်း မေဒေးစိတ်ထဲမှာ ကျိတ်ကျေနပ်နေတယ်ဆိုတာ သဘောပေါက်ရပါသည်။ ဖြစ်နိုင်ရင် ဖုန်းနဲ့မပြောဘဲ လူကိုယ်တိုင် မျက်နှာချင်းဆိုင် တွေ့ချင်နေတာပါ ကောင်မလေးရ။

"အမ် ... ဖားသားကြီး တွေ့သွားတော့လည်း ဘာဖြစ်လဲ။ ဒါ ဘယ်သူပို့တယ်ဆိုတာ By name မှ မတပ်ထားတာ။ ကိုယ်ပို့တာမှန်း ဘယ်သူသိမှာလဲ၊ မေဒေးတောင် အုံးစားသွားသေးတယ်မှလား"

"အံမယ် ... နိုးပါနော်။ ငါ သိပါတယ်"

"အဟား ... ဟား။ ဟုတ်ပါပြီကွာ ဒါဆိုရင်တော့ ကိုယ့်အချစ်က တော်တာပေါ့။ အခု ရုံးမှာပဲလား။ ရုံးဆင်းရင် ကိုယ်လာခေါ်မယ်လေ"



"အာ ... မခေါ်နဲ့၊ ဖေဖေနဲ့အတူ ပြန်ရမှာ။ နိုင်းနော့် ... နင် ငါ့ကို ကျိုင်မရှာနဲ့၊ နင်လည်း အားတာမဟုတ်ဘဲနဲ့ တကယ်ပဲ"

မေဒေးရဲ့စကားသံလေးဟာ သူ့အတွက်တော့ ရင်ခုန်မှုတွေ ပြည့်လျှမ်းနေရပါသည်။ ဒီနေ့ညတော့ သီချင်းကောင်းကောင်းတစ်ပုဒ် ရေးနိုင်တော့မည်ဆိုတာ သေချာလှပါသည်။

"အဲဒါဆိုလည်း ဒါပဲလေ။ ငါ့မှာ လုပ်စရာတွေ ရှိသေးတယ် ဖုန်းချလိုက်တော့မယ်နော် နိုင်း"

"ဪ ... မေဒေး ... ခဏလေး။ မနက်ဖြန် နင်တို့အလုပ်ပိတ်တယ်မှလား၊ အဲဒါ နင်နဲ့ငါ လျှောက်သွားချင်တယ်။ ခွင့်ပြုမယ်မှလား"

သူ့ရဲ့တောင်းဆိုချက်ကို မေဒေးက အတန်ငယ်တိတ်ဆိတ်စွာ စဉ်းစားနေလိုက်ပြီးမှ ...

"အိုခေလေ ... နေ့လယ်ပိုင်းမလာက် သွားတာပေါ့။ ငါ ဖုန်းထပ်ဆက်မယ်၊ ဒါပဲနော်"

www.burmeseclassic.com

www.burmeseclassic.com



မေဒေး ဖုန်းချသွားသောအခါ သူဟာ ထပ်မံတိုးပွားလာတော့မည့် သံယောဇဉ်တွယ် ချစ်ခြင်းတွေကို စိတ်ကူးယဉ်ရင်း ပျော်ရွှင်နေမိတော့သည်။ မေဒေးဆီက အချစ်သီးသန့်သာ အလိုရှိသော သူ့အတွက် အဲဒီလိုပျော်ရွှင်ရအောင် အမိကကူညီပေးတဲ့ သူကတော့ ကိုစစ်နေကွန်းပဲ ဖြစ်ပါသည်။ ကိုစစ်ဟာ သူ့အတွက်တော့ လုံးဝ Cupid ပဲ ဖြစ်သည်။

မနက်ဖြန်သွားမယ့်ကိစ္စကို သူက romantic ဖြစ်အောင် ဘယ်လိုလုပ်ရမလဲဆိုသည့် အကြောင်းကို မေးမြန်းဖို့အတွက် ကိုစစ်ဆီကို ဖုန်းခေါ်လိုက်တော့သည်။

"ဟယ်လို ... ကိုစစ်၊ ကျွန်တော် နိုင်းမြစ်ပါ။ အစ်ကို... မနက်ဖြန် ကျွန်တော် မေဒေးနဲ့ ချိန်းထားတယ်ဗျ၊ အဲဒါ"

သူ့စကားကြောင့် ကိုစစ်က သဘောပေါက်စွာဖြင့် သူ့ကို စကားဆိုလိုက်သည်၊

"အဲဒါဆို ... ဒီလိုလုပ်လေ"

* ○ *



မေဒေးသည် နိုင်းက အတင်းတောင်းဆိုနေတာကြောင့် အားနာတာမို့ ဒီနေ့ သူနှင့်တွေ့ဆုံဖို့ လက်ခံလိုက်ရတော့သည်။ ဒါပေမဲ့ ထုံးစံအတိုင်း မေဒေးက လေပြေနှင့် သံစဉ်ကိုပါ ခေါ်လာခဲ့တာဖြစ်သည်။ နိုင်းနှင့် ချိန်းထားရာ ဆုံနေကြကော်ဖီဆိုင်လေးသို့ မေဒေး အရောက်မှာ စိတ်နှင့်ခန္ဓာဟာ တစ်စစီကွဲထွက်သွားသလို ခံစားလိုက်ရတော့သည်။ ဘုရားရေ ... နိုင်းရဲ့ဘေးနားမှာ ရှိနေတဲ့သူက ...။

"မေဒေး ... ဘယ်လိုဖြစ်တာလဲ"

သံစဉ်က မေဒေးရဲ့လက်ကို အသာတို့၍ ကပ်ပြောလျှင် မေဒေးကလည်း ဘာပြောရမှန်းမသိစွာ ငေါင်စင်းလို့သွားရတော့သည်။ အခြေအနေတွေဟာ ခေတ်ကြီးနှင့်အညီ တိုးတက်

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲနေတာမို့ မေဒေးလည်း ဘယ်လိုမှ လိုက်လို့မမီတော့ချေ။ နိုင်းရဲ့သားနားက ကိုကြီးဟာ ဘယ်လိုကနေ ဘယ်လိုဖြစ်ပြီး ...။

"မေဒေး ... နင် အံ့လောက် ဆပ်ပရိုက်(စ်)ဖြစ်စရာမလိုဘူး။ အေးဆေးပဲနေ ... လာ ... ဟန်မပျက် သွားမယ်"

လေပြေက ပြတ်သားစွာပင် မေဒေးကို လက်ဆွဲခေါ်လာခဲ့လေသည်။ ဆိုဖာခုံမှာ မင်းသားနှစ်ပါးအလား ခန့်ထည်စွာထိုင်နေသော သူတို့နှစ်ယောက်ကို မေဒေးက ဘာပြောလို့ပြောရမှန်းမသိ ဖြစ်နေတုန်းမှာပဲ နိုင်းက အင်မတန်မှ ချိုသာသော အသံဖြင့် ...

"ဘာလဲ ... အံ့သြနေတာလား မေဒေး။ ငါတို့ gathering လေးမှာ လူမိုစုံသွားတာပေါ့"

"ကိုကြီးက ဘယ်လိုကဘယ်လို ရောက်လာတာလဲ"

မေဒေးရဲ့အမေးကို ကိုကြီးက ဘာမှမဖြေသေးဘဲ ပြုံးတုံ့တုံ့လုပ်နေပြီးမှ မေဒေးကို တစ်ချက်စိုက်ကြည့်ကာ အပြုံးမပျက် အဖြေပြန်ပေးသလိုလိုဖြင့် မေဒေးကို ခေါင်းစားစေပါသည်။





"ဒီကိုရောက်ပြီး ဒီမှာ နိုင်းနဲ့တွေ့တာကို တိုက်ဆိုင်သွားလို့ပါဆိုပြီး ပြောရင် ညည်းက ယုံနိုင်မှာလား မေဒေး ... ဟမ်"

မေဒေးသည် မေးဆတ်မေးလိုက်သော ကိုကြီးရဲ့အမေးကြောင့် ဘာဖြေရမှန်းမသိ ဖြစ်သွားလေတော့သည်။ အဲဒါ ဘာအဓိပ္ပာယ်လဲ။ ယုံနိုင်မှာလားဆိုတာ ဘာစကားလဲ။ မေဒေးသည် အဓိပ္ပာယ်တစ်ခု ပျော်ဝင်နေသော အဲဒီစကားအတွက် ဘုတောပေးလိုက်ပါသည်။

"ယုံသင့် မယုံသင့်ဆိုတာ ဘာမှပြောစရာမလိုပါဘူး ကိုကြီးရယ်၊ ကိုကြီးတို့ဘက်က ဒိုင်ထားတယ်ဆိုရင် ယုံရဲ့လားလို့ မေးမှာပဲလေ"

"ဟာ ... ဟာ ... ဟော့ ... မေဒေး မတင်းလိုက်ပါနဲ့ကွာ။ ကိုစစ်က နောက်တာပါကွ၊ ကိုယ်ရှင်းပြပါ့မယ်။ ဒီလို ... ကိုစစ်ကို ဖုန်းဆက်ပြီး ချိန်းလိုက်တာ၊ အားလုံးစုံသွားအောင်လေ"

ဖုန်းဆက်ပြီး ချိန်းတယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေလဲ ... ဘာအဲထာတွေလဲ။ ကိုကြီးနဲ့နိုင်းကြားမှာ မေဒေးမသိတဲ့ ပတ်သက်မှုတွေ ရှိတယ်လား။ မေဒေးသည် အဲဒီအထာတွေကို မနပ်သေးတဲ့ ချာတိတ်မပီပီ သူတို့နှစ်ယောက်ရဲ့အပြုံးတွေကြားမှာ တကယ်ပဲ အူလည်ချာလည် လိုက်နေခဲ့ပါသည်။

"တစ်ခုခုစားဦးလေ မေဒေး။ ဟဲ့ ... လေပြေနဲ့ သံစဉ်မှာလေဟာ"

မေဒေးကော လေပြေနှင့် သံစဉ်ပါ ခေါင်းယမ်းပြလိုက်တော့သည်။ မေဒေးကတော့ စိတ်မကြည်လင်တာက တစ်ကြောင်းမို့ ခပ်တည်တည်မျက်နှာဖြင့်ပင် နိုင်းကိုပဲ ဦးတည်ပြောလိုက်သည်။

"မစားတော့ဘူး၊ ဒီနေ့ ဘယ်သွားမှာလဲ နိုင်း။ သွားမယ်လေ"

"ဟာ ... အိုခေ။ အဲဒါဆိုရင် သွားကြမယ်လေ ကိုစစ်၊ ကျွန်တော် ပြောတဲ့ KTV ခန်းလေ"

"ဟဲ့ ... ဟဲ့ ... နိုင်း၊ အဲဒါတော့ ဆောရီးပဲ။ ငါလုံးဝလက်မခံဘူး။ KTV မသွားဘူး"





မေဒေးသည် ခပ်ပြတ်ပြတ်ငြင်းလွှတ်လိုက်လျှင် နိုင်းက ပျာပျာသလဲ ဝင်ပြောလေသည်။ ကိုကြီးကတော့ ဘာစကားမှ ဝင်မပြောဘဲ အကဲခတ်နေပုံရပါသည်။

"အာ ... ကိုယ်တို့သွားမယ့် KTV က family type စတိုင်လ် KTV လုံးဝအသန့်။ ဘာညာအထာတွေ မရှိပါဘူးကွာ၊ ကိုယ်က မေဒေးနဲ့ ပျော်ပျော်ရွှင်ရွှင် သီချင်းတွေ ဆိုချင်လို့ပါ။ ပြီးတော့ ကိုယ်နဲ့ မေဒေး နှစ်ယောက်တည်းမှ မဟုတ်တာ၊ ကိုစစ်လည်းပါတယ်၊ လေပြေနဲ့ သံစဉ်လည်း ပါတာပဲဟာ။ ဘာလဲ ... မယုံလို့လား"

"အေးလေ ... မေဒေးကလည်း ကိုကြီးပါ၊ ပါနေတဲ့ဥစ္စာ။ သွားတာပေါ့နော်"

"ဟုတ်သားပဲ မေဒေးရယ်။ သွားမယ်လေဟာ"

အားလုံးက တိုက်တွန်းတာကြောင့် မေဒေးဟာ စိတ်မကြည်သော်လည်း သွားဖို့ပဲ ဆုံးဖြတ်လိုက်တော့သည်။ ဒါပေမဲ့ မေဒေးဟာ လုံးဝစိတ်မကြည်ပါ။ ကိုကြီးနဲ့ နိုင်းကြားက contat ကို မေဒေး သိရမှာဖြစ်ပါသည်။ အဲဒီလိုနှင့် မေဒေးတို့အုပ်စု



www.burmeseclassic.com

www.burmeseclassic.com



ဟာ နိုင်းခေါ်ဆောင်ရာ KTV ခန်းသို့ သွားလိုက်တော့သည်။ လူလစ်တုန်းမှာ မေဒေးက နိုင်းကို လက်တို့ကာ တိုးတိုးတိတ်တိတ် မေးရလေသည်။

"နိုင်း ... နင်နဲ့ ကိုကြီးက ဖုန်း contat တောင်ရှိတယ် ဟုတ်လား။ အဲဒါ ဘာလို့ ငါ့ကို မပြောရတာလဲ"

"အဟဲ ဟဲ ... ငါက အထာလေး ဘာလေး လုပ်ကြည့်တာပါကွာ။ မေဒေး ... စိတ်မကောက်နဲ့နော်။ ကိုယ်ပြော ပြမယ်နော်၊ ကိုစစ်နဲ့ ကိုယ်က ချိတ်မိသွားတာ မကြာသေးဘူး။ ကိုယ့်ရဲ့လိုအပ်နေတဲ့ အချစ် idea လေးတွေကို ကိုစစ်က လမ်းညွှန်ပေးတယ်လေ"

ဘာ ...။

မေဒေးသည် ခေါင်းတွေ ဘာတွေတောင်မူးပြီး လည်ထွက်သွားတော့သည်။ နိုင်းအတွက် လိုအပ်နေတဲ့ အချစ် idea တွေကို လမ်းညွှန်ပေးနေတဲ့သူတဲ့။ မေဒေး တသသ တမ်းတ ချစ်နေရတဲ့ ကိုကြီးက မေဒေးကို တခြားသူရဲ့ရင်ခွင်ထဲ လုံးဝ ရောက်သွားအောင် တွန်းပို့နေတဲ့သူတဲ့။





မေဒေးရဲ့ခံစားချက်တွေကို လူတွေမသိအောင် သိုသိပ်ဖုံးကွယ်ထားပေမယ့် ကိုကြီးကတော့ အဲဒီခံစားချက်တွေကို သိလည်းမသိ မြင်လည်းမမြင်ခဲ့ဘဲနဲ့များ။

ကိုကြီးက မေဒေးကို နိုင်းနှင့် သဘောတူနေပုံရပါသည်။ မေဒေးသည် ဆုံနိုင်ရန် မလွယ်တော့မည့် ကိုကြီးကို တမ်းတရတဲ့ဒုက္ခဟာ အရမ်းကြီးမားပါသည်။ မေဒေးရဲ့စိတ်ကို နားလည်အောင် ဖတ်မကြည့်ပါဘဲ မေဒေးအတွက် "စေတနာ"ဆိုသည့်စကားလုံးဖြင့် မေဒေးနှင့်ကိုကြီးအကြား အဝေးကြီးဝေးအောင် ကိုကြီးကပဲ တွန်းပို့နေသည့်အဖြစ်က တော်တော်ကို ဆိုးဝါးလှပါသည်။ အဲဒီတော့ မေဒေးဟာ အားလုံးကို ပမာမခန့်ဖြင့် ညစ်တွန်းတွန်းချင်လာပါသည်။

ဒါကြောင့်မို့ ...။

မေဒေးသည် နိုင်းရဲ့လက်တစ်ဖက်ကို ဆတ်ခနဲဆွဲကိုင်လိုက်ကာ ...

"လာ ... နိုင်း၊ နင်နဲ့ ငါ သီချင်းဆိုကြရအောင်"

"ဟင် ... တကယ်"



www.burmeseclassic.com

www.burmeseclassic.com



နိုင်းက လတ်တလောမှာ ရုတ်ခြည်းပြောင်းလဲသွားသည့် အခြေအနေအတွက် တော်တော်အံ့အားသင့်နေပုံရပါသည်။ ဒါပေမဲ့ သူ question တွေ ထုတ်နေလျှင် မေဒေး စိတ်ပြောင်းသွားမှာ စိုးသည့်အတွက် ဘာမှဆက်မပြောဘဲ မေဒေးနှင့်အတူ သီချင်းဆိုဖို့ ကိုကြီးတို့ရှိရာ KTV ခန်းမထဲသို့ ဝင်လာခဲ့တော့သည်။

"အိုခေ ... မေဒေး ဘာသီချင်းဆိုမလဲ"

ဆလိုက်မီးရောင်တွေအောက်က ဆိုဖာမှာ ဟန်ပါပါ ထိုင်နေသော ကိုကြီးကို မေဒေးက အဲဒီမှိတ်တုတ် မှိတ်တုတ် မီးတွေကြားထဲကနေ စူးစူးစိုက်စိုက် တစ်ချက်ငေးကြည့်ကာ မဲ့ပြုံးပြုံးရင်း နိုင်းကို ညစ်တွန်းတွန်းဖို့ ပြင်လိုက်သည်။

"ဟို ... ဟို ... သီချင်းဆိုမယ်။ နဲ့သမားလေး"

"ဟမ် ... ဘာ ... ဘာဖြစ်တယ်"

မေဒေး ရွေးချယ်သောသီချင်းကြောင့် အားလုံးက အံ့အားသင့်ကုန်၏။ ကိုကြီးကတော့ တဟားဟားရယ်မောကာ ...

"ဟား ဟား ... ရက်(ပ်)ပါကြီးကို lesson ပေးတာပေါ့ ဟုတ်လား မေဒေး။ ကောင်းပါ့ဟာ ... ဆို ... ဆို။ နင် ကော ရလို့လား"





"ဘာလို့ မရရမှာလဲ ကိုကြီးရဲ့။ မေဒေးက အဲဒီလိုသီချင်းကြီးတွေကိုပဲ ကြိုက်တာ၊ ကဲ ... ဘယ်လိုလဲ နိုင်း၊ ဆိုမှာလား"

"အာ ... ဆိုမှာပေါ့။ နေဦး ... နံပါတ်ရှာလိုက်ဦးမယ်"

မေဒေးက Mic (မိုက်)ကိုင်ကာ ဆိုဖို့အတွက် အသင့်စောင့်နေလိုက်သည်။ ပန်းသီးဖျော်ရည်သောက်နေသော ကိုကြီးကို တစ်ချက်ငေးကြည့်ရင်းက မေဒေးသည် လေပူမှုတ်ထုတ်လိုက်ရင်း ...

"မြန်မြန်ဟာ ... မတွေ့သေးဘူးလား။ စိတ်မရှည်တော့ဘူးနော်"

"အေးပါဟ ... ခဏလေးပါ။ ဟာ ... တွေ့ပြီ 21686 "

နိုင်းက ကုတ်နံပါတ် ရိုက်ထည့်လိုက်လျှင်တော့ မေဒေး အင်မတန်ဆိုချင်လှသည့် နဲ့သမားလေးသီချင်းဆီသို့ ရောက်၏။

"အိုခေ ... ဒီနေ့တော့ အပြတ်ဟဲပစ်မယ်။ နိုင်းနဲ့ဆိုပြီးရင် ကိုကြီးနဲ့ဆိုမယ်၊ ပြီးရင် လေပြေနဲ့ သံစဉ်နဲ့ဆိုမယ်၊ ရား ... Lte's start "



www.burmeseclassic.com

www.burmeseclassic.com



မေဒေးက စိတ်ကို အဆုံးစွန် ဖွင့်ထုတ်ကာ မြူးကြွ ခုန်ပေါက်ပစ်လိုက်တော့သည်။ မေဒေးရဲ့ပုံစံကိုကြည့်ပြီး နိုင်းက လည်း mood တွေ ဝင်လာကာ ခုန်ပေါက်မြူးကြွလျက် "နဲ့သမား လေးသီချင်းကို စဆိုလေတော့သည်။

"ချစ်ရတယ် xxx ချစ်မဝတယ် xx ဘဝင်ဆူအောင် ဘာ ကြောင့် အသည်းထဲစွဲတယ် ...

သည်းလွန်းတယ် xxx ချွဲလွန်းတယ် xxx လေတွေ နည်းနည်းလျှော့ကွယ် ... ဝူး"

မေဒေးက မြူးကြွသွက်လက်စွာ ကခုန်လျက် သီဆို နေတာဖြစ်သည်။ professional အဆိုတော် နိုင်းရဲ့အသံကတော့ ပြောစရာကို မလိုပါ ကောင်းပြီးသား။ မေဒေးအသံကလည်း ဆိုး ဆိုးဝါးဝါး မဟုတ်သည့်အတွက် မိုက်သည်ဟု ပြောချုံရပါသည်။

အေးအေးဆေးဆေး ဆိုရသည့်သီချင်းကို မေဒေးက လှုပ်က မြူးတူးဆိုသောအခါ သီချင်းက version အသစ်လိုဖြစ် ပြီး လန်ထွက်နေပါတော့သည်။





"ရှေးကကွယ် xxx မတွေ့ရတယ် xxx မြင်ပြန်တော့လည်း ကွယ် xxx သိပ်သိပ်ချောတယ် ...

သည်းလွန်းတယ် xxx ချွဲလွန်းတယ် xxx လေတွေနည်း နည်းလျှော့ကွယ် ...

ငွေစန္ဒာမင်းက xxx လှတာမှန်တယ် xxx အချစ်မျက်နှာလို တော့ xxx မကြည်ဘူးကွယ် ...

တော်ရုံသာ xxx ကောင်းတယ် ... နဲ့သမားလေးရယ် xxx လေတွေဖောင်းလွန်းပါတယ် ..."

မေဒေးသည် စိတ်ထင်သည့်အတိုင်း အသံကုန်ဟစ် ပြီးနောက်မှာတော့ စိတ်က တော်တော်ကို ပေါ့ပါးသွားတော့သည်။ အဲဒီလိုနှင့် မေ့ဒေးတို့ဟာ တစ်ယောက်တစ်လှည့် အသံကုန်ဟဲ ပြီး မြန်ဖို့အချိန်ရောက်လာသောအခါမှာတော့ နိုင်းက မေဒေးကို စကားတိုးတိုး လာပြောပါသည်။

"မေဒေး အရမ်းပျော်နေတယ်ဆိုတော့ ကိုယ်လည်း အရမ်း ကျေနပ်တယ်။ နောက်လည်း ကိုယ် မေဒေးကို အမြဲတမ်း ပျော်အောင်ထားမှာ ... ယုံနော်"



www.burmeseclassic.com

www.burmeseclassic.com



နိုင်းရဲ့စကားကြောင့် မေဒေးက ခေါင်းသာအသာ ဆတ်ပြပါသည်။ မေဒေး ရင်ထဲမှာ ပြောမပြတတ်အောင် ဆွေး နေတယ်ဆိုတာ သူ မသိလို့ပါ။ မေဒေးသည် ကိုကြီးရဲ့မျက်နှာကို နိုးငေးလိုက်လျှင်တော့ ကိုကြီးနှင့် အကြည့်ချင်း သွားဆုံပါသည်။ အဲဒီအကြည့်တွေဟာ မေဒေးအတွက်တော့ ရင်နာစရာတွေပင် ဖြစ်ပါသည်။

"မေဒေး ... တော်တော်ပျော်နေတယ်ပေါ့။ အဲဒါ ငါသိတယ် နော် ... ဟင်း ဟင်း"

ကိုကြီးက မေဒေးကိုလှမ်းနောက်လိုက်လျှင် မေဒေး က မချိပြုံးတစ်ခုသာ ပြုံးနိုင်ခဲ့ပါသည်။ အချစ်ကပေးကမ်းရက် ရောခြင်းမရှိတဲ့ ရက်စက်မှုဆိုတာ မေဒေး အခုမှ သိခဲ့တာဖြစ်သည်။

အဲဒီအတွက် အရမ်းစိတ်ပျက်ခဲ့ရပါသည်။

* ○ *





## ၁၁

အခုတစ်ပတ်ရဲ့ Weekend မှာတော့ သူဟာအိမ်မှာ ပဲ အေးအေးဆေးဆေးနေဖို့ ဆုံးဖြတ်ထားလိုက်တော့သည်။ ပြီးခဲ့ တဲ့ တနင်္ဂနွေတုန်းကတော့ သူက မေဒေးနှင့် နိုင်းတို့နှင့်အတူ KTV မှာ သွားပြီးဟဲခဲ့ကြသည်။ နိုင်းကို သူက လိုအပ်တဲ့အကြံ ဉာဏ်လေးပေးပြီး မေဒေးနှင့် အဆင်ပြေစေချင်သည့်ဆန္ဒ သူ့မှာ အပြည့်ရှိပါသည်။ ဒါကြောင့်မို့လည်း သူက စိတ်ပါလက်ပါကူညီ ပေးနေတာဖြစ်သည်။

"မောင်မောင် ... ရော့၊ အအေးသောက်လိုက်ဦး။ ဘယ့် နှယ်လဲ ... ဟိုတစ်နေ့က ခေါင်းကိုက်တယ်ဆိုတာ ကောင်း သွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



မကြီးက ခုံပေါ်မှာ အအေးခွက်တင်ထားသည့်ဇွန်းကိုချရင်း စကားပြောလေလျှင် သူဟာ ခပ်လျှော့လျှော့ ထိုင်နေသော အနေအထားမှ အတည့်ပြန်ထိုင်ကာ မကြီးကို ပြုံးပြလိုက်ရင်း ...

"ကောင်းသွားပါပြီ မကြီးရဲ့၊ မကြီး ဒီနေ့ ဘယ်မှသွားစရာ မရှိဘူးလား"

"မရှိပါဘူးဟယ် ... တစ်နေ့ တစ်နေ့ ကုမ္ပဏီသွားရ၊ ကုန်သည်တွေနဲ့ စကားပြောရ၊ ရှော့ပင်းထွက်ရနဲ့ ဒါနဲ့ပဲ အချိန်ကုန်နေတာ။ ငါတို့မောင်နှမကလည်း အလုပ်ကခပ်များများရယ်ဆိုတော့ စကားတောင် အေးအေးဆေးဆေး ပြောချိန်မရှိဘူး၊ ဒီလို အလုပ်သွား အလုပ်ပြန်ဘဝကြီးကို ကြာတော့ စိတ်ကုန်လာပါပြီဟယ်"

မကြီးက ဘာကိုရည်ရွယ်ပြီး ပြောတယ်ဆိုတာ သူ သဘောပေါက်ပါသည်။ သူလည်း မကြီးကို သနားပါသည်။ ဒါပေမဲ့ လတ်တလောမှာ သူဟာ ဘယ်မိန်းကလေးကိုမှ ရင်ခုန်ပြီး လက်ထပ်ဖို့ မရည်ရွယ်ချင်ပေ။ အဲဒါနဲ့ပဲ သူလည်း မကြီး လမ်းစဉ် လိုက်တော့မည် ထင်ပါသည်။





"သြော် ... ကျွန်တော် မကြီးကို ပြောဖို့မေ့နေတာ။ ပြီးခဲ့တဲ့ နှစ်ပတ်လောက်တုန်းက ကျွန်တော် ခင်လမင်းနဲ့တွေ့တယ်ဗျ"

"ဟော ... ဟုတ်လား၊ ဘယ်မှာတုန်း၊ ဘာပြောလဲ"

မကြီးက နည်းနည်းလှုပ်လှုပ်ရှားရှား ဖြစ်သွားပြီ၊ သူ့ကို မေးခွန်းထုတ်ပါသည်။ သူကတော့ ဘာမှမဖြစ်သလို အေးဆေးပြောပြလိုက်တော့သည်။

"ဟိုချာတိတ်မ မေဒေးနဲ့ တော်ဝင်စင်တာသွားတဲ့နေ့က တွေ့တာ၊ သူက ကျွန်တော်တို့ကို လာနှုတ်ဆက်တာနော်"

"အယ် ... ဟုတ်တယ်"

"ဟုတ်တယ်ဗျ ... မေဒေးကိုတောင် ညီမတွေ ဘာတွေခေါ်ပြီး ရင်းရင်းနှီးနှီး ပြောနေတာ၊ အဲဒါနဲ့ ကျွန်တော်လည်း စိတ်ပေါက်ပေါက်နဲ့ သူ့ကို မေးလိုက်တာပေါ့။ ဘာကိစ္စ ဒီလိုလုပ်ရတာလဲပေါ့။ အဲဒီတော့ သူက ဘာပြောလဲဆိုတော့ မကြီးကို မလေး,မှာတုန်းက ပြောသလိုမျိုးပဲ မြင်တတ်အောင်ကြည့်ပေါ့နော် ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒါနဲ့ပဲ ကျွန်တော်လည်း ဒေါသက ထွက်လာတော့ ဘာကိုဆိုလိုတာလဲ၊ ရှင်းအောင်ပြော ဘာညာလုပ်တော့လည်း ကျွန်တော့်ကို ရှင်မြင်တတ်မယ့်တစ်နေ့ရောက်ရင် ရှင်နားမလည်တဲ့ အဲဒီစကားကို အလိုလို နားလည်သွားလိမ့်မယ်ဆိုပြီး ပြောသွားတာပဲ"

"အေး ... အဲဒီ ခင်လမင်းက ဘာလဲ၊ ဘာအထာတွေလဲဟဲ့။ သူ့စကားတွေထဲမှာ အဓိပ္ပာယ်တွေ ပါနေတယ်နော် မောင်မောင်"

နေကွန်းသည် ပခုံးနှစ်ဖက်ကို ဟန်ပါပါ တွန့်လိုက်ကာ ခေါင်းယမ်းပြလိုက်တော့သည်။ ခင်လေးပြောတာ ဘာအဓိပ္ပာယ်ဆိုတာ သူလည်းမသိပါ။ သိပ်လည်း စိတ်တော့ဝင်စားလှသည်မဟုတ်ပါ။ ခင်လေးနှင့် ပတ်သက်သည့်အကန့်ကို သူထုတ်ထားခဲ့တာ ကြာပြီဖြစ်သည်။ အဟောင်းတွေ အသစ်မဖြစ်လိုတော့တာကြောင့် သူဟာ မေ့ဖျောက်ခဲ့တာ ဖြစ်ပါသည်။

"မသိတော့ပါဘူးဗျာ ... ခင်လေး ဘာပဲပြောပြော ကျွန်တော်တို့နှစ်ယောက်က ပြတ်သွားပြီပဲဟာ။ ပြီးသွားပါပြီ"





"အေးလေ ... ခင်လမင်းနဲ့ မောင်မောင် မညားတာပဲ ခပ်ကောင်းကောင်းရယ်ပါ။ ခင်လမင်းက perfect ဖြစ်တယ်ဆိုပေမယ့်လည်း တကယ်တမ်း သူက မာန်တက်နေတဲ့ မိန်းကလေးမျိုး။ မောင်မောင့်အတွက်လည်း မသင့်တော်ဘူး။ မကြီးနဲ့လည်း ကီးကိုက်မှာ မဟုတ်ဘူး"

အဲဒါတော့ ဟုတ်လိမ့်မည်။ ခင်လေးကလည်း ဆတ်ဆတ်ထိမခံ မကြီးကလည်း ဒိတ်ဒိတ်ကြဲ ထိတာနှင့် မီးပွင့်ကြကုန်လိမ့်မှာဖြစ်သည်။

"ဒါနဲ့ ... မင်းလည်း လူပျိုကြီးပဲ လုပ်တော့မှာလား မောင်မောင်"

"ဒီလိုပါပဲ မကြီးရာ။ အချစ်ကို တသီးသန့်ချည်း လိုက်ရှာမနေချင်တော့ဘူး။ ကျွန်တော်တို့ မောင်နှမနှစ်ယောက် အေးအေးဆေးဆေး အပူမရှာတဲ့သဘောပေါ့ ... ဟဲ ဟဲ"

"မကြီးနဲ့ ကိုကြီးရေ ... သမီး မုန့်လာပို့တယ်"

အော်သံတစာစာဖြင့် ဝင်လာသော မေဒေးကိုမြင်သောအခါ မကြီးက မျက်နှာကို တစ်ချက်မဲ့လိုက်ကာ ခပ်တိုးတိုးလေသံဖြင့် သူ့ကို လှမ်းပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... မောင်မောင်၊ နင့်အရုပ်ထုပ်လေးတော့ လာပြီ ဟေ့။ ဘာတွေ ရုပ်ပလာတိုက်ဦးမလဲ မသိဘူး"

သူက မကြီးစကားကြောင့် သဘောကျစွာ ရယ်မောရင်းကမှ မေဒေးကို လက်ယပ်ခေါ်ကာ ...

"လာ ... မေဒေး၊ ဘာတွေ လာပို့တာတုံး"

မေဒေးက ချိုင့်ကို စားပွဲပေါ်မှာတင်ကာ သွက်လက်မြူးကြွသော လေသံဖြင့်

"ဒီမှာလေ ... ကိုကြီးနဲ့ မကြီးတို့ စားဖို့အတွက်တဲ့ မေမေက ပို့ခိုင်းလိုက်တာ။ မိုးကုတ်မြီးရှည်ရယ်၊ ပုဇွန်ဖက်ထုပ်ကြော်ရယ်တဲ့"

"ဟား ... စားရက်ကြွတာပဲဟေ့"

"ထွေးထွေးရေ ... ချိုင့်လှယ်ဦးဟေ့"

မကြီးက ကောင်မလေးအား လှမ်းအော်ခေါ်လိုက်လျှင် ကောင်မလေးက ချိုင့်ယူပြီး နောက်ဖေးထဲ ဝင်သွားလေသည်။ မေဒေးက သူ့အိမ်သူ့ရာလို သဘောထားကာ ဒါဒါဒီးဒီးသီချင်းညည်း၍ ဟိုကြည့်ဒီကြည့် ကြည့်နေစဉ်မှာပင် မကြီးက လှမ်းမေးလေသည်။





"ဪ ... မေဒေး၊ ညည်းဖေဖေ ဒူးနာနေတာ သက်သာရဲ့လား။ မကြီး မုံရွာက ဆေးမှာထားတာ ရပြီ၊ တစ်ခါတည်း ယူသွားလိုက်။ နေဦး ... ဆေးသွားယူလိုက်ဦးမယ်"

မကြီးက သူ့ဘာသာ ရေရွတ်ရင်း အပေါ်ထပ်သို့ တက်သွားကာ ဆေးသွားယူလေသည်။ ဧည့်ခန်းထဲမှာ သူနှင့် မေဒေး နှစ်ယောက်တည်း ကျန်နေခဲ့လျှင် မေဒေးက စကားစလာသည်။

"ကိုကြီး ဒီနေ့ ဘယ်မှမသွားဘူးလား"

"မသွားပါဘူးဟာ၊ အိမ်မှာပဲ အေးဆေးနေမလို့။ ညည်းကော ဘယ်လိုတုံး၊ နိုင်းနဲ့ သွားမတွေ့ဘူးလား"

သူက စာဖတ်နေရင်းက နောက်သလို လှမ်းမေးလိုက်လျှင် မေဒေးက မျက်နှာချက်ချင်းတည်သွားကာ ...

"ကိုကြီးကလေ ... တကယ်စိတ်ဆိုးဖို့ ကောင်းတယ် သိလား။ အားအားရှိ ဒီကိစ္စကိုပဲ မေးနေတယ်၊ မေဒေးကို အဲ့ကောင်နဲ့ တော်တော်ပဲ သဘောတူနေတာလား။ နိုင်းကို ဘာကိစ္စ အကြံဉာဏ်တွေ သွားပေးနေရတာလဲ၊ မေဒေး တကယ် စိတ်တိုတယ်"



www.burmeseclassic.com

www.burmeseclassic.com



မေအေးရဲ့ ဆတ်ဆတ်ခါပုံစံလေးကို သူက အံ့အား သင့်စွာ မျက်လုံးတစ်ချက် ဝင့်ကြည့်၍ ...

"မေအေး' ... ဘာဖြစ်တာလဲ။ ကိုကြီးက သဘောတူတာ မကောင်းဘူးလား၊ နိုင်းနဲ့ သင့်တော်တယ်ထင်လို့ ကိုကြီး ကူညီသင့်တာ ကူညီတာပဲ။ အဲဒါဘာဖြစ်တုံး၊ နိုင်းက ညည်းရည်းစား မဟုတ်တဲ့အတိုင်းပဲ"

"ဟင်း ... တကယ်ပဲ။ မေအေးကို နိုင်းနဲ့ စွတ်မပို့ပါနဲ့ ကိုကြီးရာ။ မေအေးက ကိုကြီးရဲ့ညီမလေးပဲ ဖြစ်ချင်တာ၊ ရည်းစားကိစ္စ စိတ်မဝင်စားပါဘူး"

အဲဒီစကားကြောင့် သူဟာ တကယ်ပဲ အထူးအဆန်း ဖြစ်သွားရသည်။ မေအေး ကြည့်ရတာ နိုင်းကိုမချစ်သလိုဘဲ။ သူတို့နှစ်ယောက် ဒီကြားထဲ ဘာတွေများ ကျိုင်ထားလို့ပါလိမ့်။

"ဘာတုံး ... မေအေး၊ နိုင်းနဲ့ ကောက်ထားလို့လား"

"မဟုတ်ပါဘူး မေအေးက ...။ ကဲ ... ထားပါတော့ကွာ၊ အဲဒါတွေ မပြောချင်တော့ဘူး"

"အင်း ... ညည်းတို့ခေတ်ပဲ။ မပြောတော့ဘူး ဒေါ်မေအေး၊ တကယ့် ဂျစ်လေး"





သူ့ရဲ့အစွန်းဖောက်မှုကို မေအေးက အပြုံးတစ်ချက် ဖြင့်သာ တုံ့ပြန်သည်။ မကြီးကလည်း အောက်ဆင်းလာကာ ဆေးဘူးကို မေအေးအား လှမ်းပေးပြီး ...

"ရော့ ... မေအေး၊ ညည်းဖေဖေအတွက် မနက်တစ်ကြိမ် ညတစ်ကြိမ်လိမ်း၊ ဆေးက အရမ်းကောင်းတယ်နော်"

"ဟုတ် ... ဟုတ် မကြီး။ ကျေးဇူးတင်ပါတယ်၊ အဲဒါဆို မေအေး သွားတော့မယ်"

မေအေးက စားပွဲပေါ်မှာ တင်ထားသောချိုင့်ကိုဆွဲ ယူကာ ဆေးဘူးကိုင်၍ ထပြန်မည်အလုပ်မှာတော့ သူက မေ့အေး ကို လိုက်ပို့ပေးဖို့ စကားစလိုက်လေသည်။

"ဟိတ် ... မေအေး၊ ညည်းကို ငါလိုက်ပို့ပေးမယ်"

"ဟဲ ... ဟဲ ... လိုက်ပို့ပေးတော့လည်း ခြေညောင်းသက် သာတာပေါ့"

"ထပ်သရီး ... ဘယ်က ကားနဲ့လိုက်ပို့ရမှာလဲ။ walking ရိုက်ရမှာဟေ့၊ ငါ အဲ့ဘက်ထိပ်က စာအုပ်ဆိုင်သွားဖို့ကို ပျင်းနေတာနဲ့ အခုမှသွားမလို့ ကြုံတာနဲ့ လိုက်ပို့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... စိတ်ပုပ်ကြီး၊ သွားမယ်"

နေကွန်းသည် မေဒေးရဲ့ ကလေးလိုလိုဒီနိုင်းကို သဘောကျစွာ အသာရယ်မောရင်း မေဒေးနှင့်အတူ ထွက်လာခဲ့တော့သည်။ အင်း ... သူ ခုမှသတိထားမိတယ်။ မေဒေးဟာ ချစ်စရာလေးပဲ။ အဖြူရောင်ရှပ်ပွပွကို အပေါ်က ခါးပတ်ကြီးကြီးပတ်ထားလျက် ဂျင်းဘောင်းဘီတိုဖြင့် ခပ်မိုက်မိုက်စတိုင်လ်ရှိသော အဲ့ကောင်မလေးဟာ သူ့မျက်စိထဲမှာတော့ ကလေးလေးပင်။

"ကိုကြီး အားတဲ့တစ်ရက် မေဒေးနဲ့ လျှောက်သွားမယ်လေ"

နွတ်ဆိတ်ကာ လမ်းလျှောက်ရင်းကနေ သူ့ဘက်ကို ဆတ်ခနဲ မျက်နှာလှည့်ကာ အဲဒီစကားပြောလိုက်လျှင် မေဒေးကို သူက မျက်ခုံးတစ်ချက် တွန့်ပြရင်း ...

"ဟား ... ကြီးတော်ကတော့ လူကိုတွေ့တာနဲ့ ညှဉ်းမယ်ဆိုတာပဲနော်။ ညည်းရည်းစားကိုကော အဲလိုပဲ ဂျစ်နေကျလားဟင် ... မေဒေး"





"ကိုကြီးနော် ... တစ်နေ့ တစ်နေ့ မေဒေးကို နိုင်းနဲ့ပဲ တွဲမြင်နေတာပဲ။ ရည်းစားထားတာပဲ တစ်ချိန်လုံး လိုက်ကြေညာပေးစရာ မလိုပါဘူး၊ အခုဟာက ကိုကြီးကလွန်တယ်။ မေဒေးကို နိုင်းနဲ့ အရောက်ကိုလွှတ်ပေးနေတာ ...

ဒီမှာ ကိုကြီး ... မေဒေးကလေ ကိုကြီး အိမ်ထောင်မပြုသေးသရွေ့ မေဒေးလည်း ဘယ်သူ့ကိုမှ လက်မထပ်သေးဘူး။ အဲဒါ အတည်ပြောတာနော်၊ မနောက်ဘူး"

မေဒေးက ရှုတည်တည်မျက်နှာဖြင့် သူ့ကိုပြုံးကြည့်ပြီး ပြောလေလျှင် သူတောင် အံ့ဩလို့သွားရလေသည်။ မေဒေးကြည့်ရတာ ကလေးစိတ်မကုန်သေးဘဲ ရည်းစားထားတဲ့ ဂျစ်တူးမလေးနှင့် တူနေသည်။ သူ မေဒေးကို နိုင်းနှင့်စ,တိုင်း သူမက ဆတ်ဆတ်ထိမခံ ပြန်ရန်တွေ့လေသည်။ ဘယ်လိုကောင်မလေးမှန်းကို မသိပါ။

နိုင်း တစ်ယောက်တော့ ဒါလေးကို ဘယ်လိုများ ရည်းစားစကားပြောပြီး အဖြေတောင်းခဲ့ပါလိမ့်လို့တောင် သူစဉ်းစားသွားရလေသည်။ အခုလည်း ကြည့်ဦး ... သူ့ကို အနိုင်မခံ



www.burmeseclassic.com

www.burmeseclassic.com



အရှုံးမပေး ပြန်ပြီး ကက်ကက်လန် ပြောနေတာ။ သူ့ အိမ်ထောင် မပြုသေးသရွေ့ မေဒေးကလည်း လက်မထပ်ဘူးတဲ့။ တကယ့်ဇော် ပဲဖြစ်သည်။

နေကွန်းသည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီး မေဒေးရဲ့ခေါင်းကို ဆတ်ခနဲထုလိုက်ကာ ...

"အေးပါ ... စောင့်ကြည့်လိုက်ဦးမယ်နော်။ ငါအိမ်ထောင် ဒီတစ်သက် မပြုတော့ဘူးဆိုရင် ညည်းပါ အပျိုကြီးလိုက် လုပ်မှာနော်"

"စိန်လိုက် ... ကိုကြီး။ မေဒေးက အိမ်ထောင်ပြုဖြစ်တယ် ဆိုရင် ကိုကြီး လက်ထပ်ပြီးသွားမှပါ"

မေဒေးရဲ့စကားလုံးတွေအတွက် သူဟာ ဟာသပဲလို့ သတ်မှတ်ကာ ပခုံးတစ်ချက်သာ တွန့်ပြလိုက်ပါသည်။ ဒီလောက် ကလေးဆန်ပုံမျိုးနဲ့ မေဒေးတစ်ယောက် နိုင်းကို ဘယ်လိုအပီချုပ် ထားသလဲဆိုတာ သူ တွေးမိသွားပါသည်။

*○*





## ၁၂

"အဲဒါက ဘောင်မဝင်ပါဘူး။ ဒါပေမဲ့ ငါနည်းနည်းတော့ တင်းတယ်နော်၊ နင်ကိုက အလုပ်မဟုတ်တာ နိုင်းရဲ့"

မေဒေးသည် နိုင်းရဲ့လက်မောင်းကို ဖျတ်ခနဲရိုက် ရင်းက ပြောလိုက်မိသည်။ တကယ်ပါပဲ ... အဲဒီ နိုင်းဟာလေ။ အလုပ်ကို မဟုတ်ဘူး။

"တောင်းပန်ပါတယ် မေဒေးရယ်။ ငါလည်း ကိုယ့်ဘာသာ ရှင်းပါတယ်။ ရှောင်နေတာပဲ ... ဒါပေမဲ့ သူက မရဘူးဟ"

မေဒေးသည် တောက်တစ်ချက်ခေါက်ကာ နိုင်းကို တစ်ဖက်သတ် ကြိုက်နေပါသော လင်းလဲ့ဖူးအိမ်ကို သတ်ချင်မိ



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ ဘယ်လိုလဲ ... ဒီမိန်းမက။ အတင်းကြီးရော ကာရော ကြီးကော ဝင်လုံးတော့တာပဲလား။ နိုင်းမှာ ချစ်သူရှိတယ်ဆိုတာ သူ မသိဘူးထင်ပါသည်။

"ပြော ... နိုင်းမြစ်သောင်ယံ။ အဲဒီတော့ ငါက ဘာလုပ်ပေးရမှာလဲ။ နင့်ရည်းစား ငါဟဲ့ဆိုပြီး ဝင်ကြမ်းပေးရမှာလား"

"အာ ... အာ ... အဲလောက်တော့ မလိုပါဘူးဟ။ မဒေးနဲ့ မိတ်ဆက်ပေးလိုက်ရင် ပွဲကပြတ်သွားပါပြီ။ သူက ငါ့မှာ ချစ်သူရှိတာကို မယုံဘူး ဖြစ်နေတာ"

နိုင်းရဲ့တွန့်ဆုတ်တွန့်ဆုတ် ပြောနေပုံကို မဒေးက စိတ်မရှည်တော့ပါ။ နိုင်းဟာ အဲဒီလိုမျိုးဖြစ်သည်။ အားနာတတ်လွန်းတဲ့စိတ်က သူ့အတွက် အနှောင့်ပဲဖြစ်၏။ တကယ်ဆို ဒီကိစ္စဟာ မဒေး လိုက်ရှင်းပေးဖို့တောင် မလိုပါ။

နိုင်းလို လူမျိုးတစ်ယောက်အနေနဲ့ မိန်းကလေးတွေ သည်းသည်းလှုပ် ကြိုက်ကြတာဟာ ထူးထွေပြီးပြောရမယ့် ကိစ္စတော့ မဟုတ်ချေ။





ကိုယ့်ကိုကြိုက်လို့ လာအီချင်နွယ်ချင်နေတဲ့ မိန်းကလေးတိုင်းကို အားနာလို့ follow လိုက်နေရင်းက ဖြတ်မရတော့ဘဲ ပိုဘက်က အတင်းတွယ်ကပ်လာတော့မှ မဒေးကိုတ,တဲ့အဖြစ်ဟာ ဒေါသဖြစ်စရာကောင်းသလို ရယ်ဖို့လည်း ကောင်းရပါသည်။

နိုင်းကို အတင်းတွယ်ကပ်ကာ ပြဲဆင်တွေ လုပ်နေသော လင်းလဲ့ဖူးအိမ်ကို ဒေါသတွေ ထွက်နေရတာနှင့် မဒေးဟာ ကိုယ်လည်း တစ်ဖက်သတ် အချစ်သမားဆိုတာကို ခဏမေ့သွားပြီး ဘဲထိမ်းကြည့်ဆိုတဲ့ စိတ်တွေက အဆီးတားမရှိ ထကြွလာကာ နိုင်းရဲ့လက်မောင်းကို ဖျတ်ခနဲ ပိတ်ရိုက်လိုက်ကာ ...

"လာ ... အဲဒီမိန်းမဆီသွားမယ်။ ငါက နင့်ချစ်သူပါဆိုပြီး ပြောလိုက်တာနဲ့ ပွဲကပြတ်ပြီနော်။ တစ်ခါတည်း အပြတ်ရှင်းမယ် ... လာ"

"ဟာ ... မလုပ်ပါနဲ့ဟာ၊ ခုချက်ချင်းကြီးတော့"

တောက် ...။ နိုင်းရဲ့တားမြစ်မှုကြောင့် မဒေးက ရေလည်ပေါက်ကွဲမိသွားသည်။ သင်းကိုက အဲဒီဆော်ကို တွယ်ချင်နေတာ။ ယောကျာ်းတွေများ ... ဟွန်း။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... နိုင်းမြစ်သောင်ယံ။ ဘာလဲ ... ငါက တကယ်ဖွဲ့တော့မယ်ဆိုမှ နင်က ဆွဲနေသလား။ ဟဲ့ ... နင် သူ့ကို ကြိုက်နေတာမှုလား ...

ကြိုက်နေတယ်ဆိုလည်း ဘာလို့ ငါ့လာရှင်းမိုင်းနေသေးလဲ။ သွားပါလား သူ့ဆီ ... တောက်"

မေဒေးက မိုင်ကုန်ဇွတ်ကောကာ ပြောနေလျှင် နိုင်းရဲ့မျက်နှာဟာ စုနက သုန်မှုန်နေရာမှ တဖြည်းဖြည်း ပြုံးလာကာ နောက်ဆုံးမှာ သဘောတကျဖြင့် ရယ်မောလို့လာလျှင် မေဒေးသည် ကြောင်သွားပြီး သူ့ကို ဘုတော လှမ်းမေးလိုက်သည်။

"ဟဲ့ ... ဘာတုံး။ ဘာကိစ္စ နင်က ရယ်မောနေရတာလဲ"

သူက ကျေနပ်ပီတိဖြစ်သွားဟန် ဖြစ်နေသော အပြုံးဖြင့် မေဒေးကို မျက်စုံးတစ်ချက်ပင့်ပြရင်းက မေဒေးရဲ့လက်ကို ဆွဲကာ ထိုင်ခုံမှာ အရင်ထိုင်စေပြီးမှ ရှင်းပြလေသည်။

"မေဒေး ... ကျေးဇူးပဲ သိလား"

"ဘာလဲ"





"ကိုယ်လေ မေဒေး ကိုယ့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ သိသွားပြီ။ ချစ်ရင်သဝန်တိုတယ်တဲ့။ မေဒေးက အခု သဝန်တိုရုံတင်မကဘူး ဒေါသတွေပါဖြစ်ပြီး လုံးဝပေါက်သွားတယ် ဆိုကတည်းက အား ... ကိုယ် အရမ်းကျေနပ်တယ်ကွာ။ ပြီးတော့ မေဒေးကိုလည်း ပိုချစ်သွားပြီ"

မေဒေးသည် သူ့ရဲ့အပြောကြောင့် ကိုယ့်ကိုယ်ကိုယ် အံ့အားသင့်လာကာ လက်ဖျားတွေတောင် အေးစက်လို့သွားခဲ့သည်။ မေဒေး ... မေဒေးက နိုင်းကိုချစ်နေတယ် ? ။

"တကယ်တော့ လင်းလဲ့ဖူးအိမ် ဆိုတာ ကိုယ်လျှောက်ပြောတဲ့နာမည်။ ပြီးတော့ မေဒေးကို ပြောပြတဲ့ဇာတ်လမ်းကလည်း ကိုယ့်ဘာသာထွင်ပြီး ဇာတ်လမ်းရိုက်လိုက်တာ။ ကိုယ့်ကို သဝန်တိုလားဆိုတာ သိချင်လို့ စမ်းသပ်တာ"

မေဒေးသည် သက်ပြင်းတစ်ချက်ကို ခပ်လေးလေးချလိုက်မိသည်။ နိုင်းရဲ့ယုံတမ်းပုံပြင်ကို မေဒေးက အဟုတ်ကြီးထင်မှတ်ပြီး ပေါက်ကွဲမိတာကိုက မေဒေးအမှားပင်။ ပြီးတော့ နိုင်း ... သူက ဘာကြောင့် ဒီနည်းသုံးပြီး test လုပ်ရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



မေဒေးသည် အဲဒီအတွေးနှင့်အတူ မျက်စိတဲတွင် မျက်နှာတစ်ခုက ဘွားခနဲ ပေါ်လို့လာလေသည်။ ဒီအကြံကို သူများပေးတာလား။ မေဒေးသည် နိုင်းရဲ့မျက်လုံးတွေကို ခပ်စူးစူးတစ်ချက်ကြည့်ကာ ...

"ငါ့ကို အမှန်တိုင်းဖြေနော် နိုင်း။ ညာရင် ငါတကယ်စိတ်ဆိုးမှာနော်"

"ဟာ ... စိတ်တော့မဆိုးပါနဲ့ဟာ။ ပြော ... ဘာမေးမှာလဲ"

မေးသာမေးရသည်။ မေဒေးရဲ့ရင်ထဲမှာ အဲဒီလို မဟုတ်ပါစေနဲ့လို့ တိတ်တိတ်ဆုတောင်းရင်း မေးလိုက်မိသည်။

"ဒီလိုလုပ်ဖို့ နင့်ကို ဘယ်သူပြောတာလဲ နိုင်း။ နင်မလိမ်နဲ့နော်၊ နင့်မျက်လုံးတွေကို ငါ ဖတ်တတ်တယ်"

"ဟီး ... ဟိုဟာ။ ကိုစစ် အကြံပေးတာဟ။ ငါ့ကိုတော့ ကိုစစ်က ပြောပါတယ် ...

သူ idea တွေပေးနေတယ်ဆိုတာ မေဒေးကို ပေး မသိပါနဲ့တဲ့။ ဒါပေမဲ့ နင်က ကွက်ကျော်မြင်ပြီး သိသွားတာ။ စိတ်တော့မဆိုးပါနဲ့ မေဒေးရာ။ ငါက နင့်ရည်းစား





ဆိုပေမယ့် နင် ငါ့ကို ဘယ်လောက်ချစ်သလဲဆိုတာ ငါ မသိရလို့ ခုလို လုပ်မိတာပါ ...

ငါ တောင်းပန်ပါတယ်နော်"

မေဒေးသည် ဘာပြောရမှန်းမသိအောင်ကို နှုတ်ဆိတ်သွားတော့သည်။ မေဒေး ထင်ထားခဲ့သလိုပဲလေ။ ကိုကြီးဟာ မေဒေးကို နိုင်းနဲ့ အပြတ်ကိုလှော်ပေးနေချိန်မှာ မေဒေးရင်ထဲမှာ ဘယ်လောက်ထိ ခံစားနေရမလဲဆိုတာ ဘယ်သူမှ မသိခဲ့ကြပါ။ ထို့အတူ သိလိုက်ရတဲ့ အသိတရားတစ်ခုကတော့ မေဒေးဟာ ကိုကြီးကို ဘယ်တော့မှ မျှော်လင့်လို့ ရတော့မှာမဟုတ် ဆိုတာပဲ ဖြစ်သည်။ အားလုံးဟာ သူ့နေရာနဲ့သူ ရှိနေတာကို မေဒေးက လောဘကြီးမိတာ ဖြစ်ပါသည်။

နိုင်းကို ခံစားစေခဲ့မိတဲ့ မေဒေးရဲ့အပြစ်၊ ကိုကြီးကို မျှော်လင့်နေခဲ့တဲ့ မေဒေးရဲ့အပြစ်။ အဲဒီအပြစ်တွေထဲမှာ မေဒေးက စုန်းစုန်းမြုပ်ကာ ရှုးရတော့မည်။ မပြတ်သားနိုင်သေးသည့် မေဒေးရဲ့စိတ်တွေဟာ နိုင်းကို ပုံအောချစ်ဖို့ မဖြစ်နိုင်သလို ကိုကြီးကို မေ့ပစ်ဖို့လည်း မဖြစ်နိုင်သေးပါ။

www.burmeseclassic.com



"မေဒေး ... နင် စိတ်ဆိုးသွားတာလားဟင်"

"မဆိုးပါဘူး နိုင်းရယ်။ ငါ အခု ကိုယ့်ကိုယ်ကိုယ်ပြန်ပြီး ဆင်ခြင်နေတာ၊ ငါမှားခဲ့တာတွေ ရှိနေတယ်။ ဆောရီးဟာ။ နင့်ကို စိတ်ရှုပ်သွားစေမိပြီ၊ နင် ပြန်တော့လေ။ ဒီနေ့ အင်တာဗျူးချိန်းထားတယ်ဆို"

"ရပါတယ်၊ သိပ်အရေးမကြီးပါဘူး"

"ခဏနေ လေပြေနဲ့ သံစဉ်ပြန်လာကြတော့မှာလေ၊ နင် ပြန်လိုက်နော်၊ ညမှ ဖုန်းဆက်ပေါ့"

"အင်းလေ ... အဲဒါဆို ပြန်ပြီနော် ... တာ့တာ"

မေဒေးက ခေါင်းတစ်ချက်ဆတ်ပြကာ သူ့ကိုနှုတ်ဆက်လိုက်သည်။ သူ ထွက်သွားသောအခါ မေဒေးဟာ စိတ်ကို လုံးဝလျှော့ချလိုက်ကာ လျော့တိလျော့ရဲ ထိုင်နေလိုက်သည်။ တစ်ဖက်သတ်အချစ်ဟာ လူကိုဒုက္ခပေးစေပါသည်။ အရူးသံဖြင့် ကိုကြီးလိုလူမျိုးကို တစ်ဖက်သတ်ချစ်ရတာ မေဒေးအတွက် အရမ်းမွန်းကျပ်ရပါသည်။

✻ ○ ✻





ကိုစစ်ပြောပြတဲ့နည်းအတိုင်း စမ်းသပ်ကြည့်တာ သူကတော့ အောင်မြင်သွားခဲ့ပေပြီ။ မေဒေးဟာ သူ့ကို တစ်ခါမှ သဝန်မတိုခဲ့ဖူးပါ။ ခု ဒီတစ်ကြိမ်တော့ အဲလိုဖြစ်တယ်ဆိုကတည်းက သူ့အပေါ် ဘယ်လိုသဘောထားဖယ်ဆိုတာ သဘောပေါက်သွားသည်။ ပြီးတော့ မေဒေးကိုလည်း အရင်ထက် နှစ်ဆပိုတိုးပြီး ချစ်လို့သွားပါသည်။

နိုင်းသည် ရင်ထဲက အကြည်ဓာတ်လေးတွေရှိနေတာကြောင့် ပြုံးနေသော မျက်နှာနှင့်အတူ ကားကို ခပ်ဖြည်းဖြည်းမောင်းလာခဲ့ပါသည်။ ဒီနေ့က ကိုလင်း စတူဒီယိုမှာ ဓာတ်ပုံရိုက်နှင့် အင်တာဗျူးလေးလုပ်ဖို့ ချိန်းထားတာကြောင့် သူက မေဒေးနှင့် စကားတောင် အေးဆေးမပြောဖြစ်သေးပါ။ အင်း ... ညမှပဲ ဖုန်းဆက်တော့မယ်။ နိုင်းသည် ကားမောင်းလာရင်းနှင့်မှ ချော



www.burmeseclassic.com

www.burmeseclassic.com



ကလက်ကို သွားသတိရကာ ကိုယ့်နဖူးကိုယ် ပိတ်ရိုက်လိုက်ရင်းက ...

"ဟား ... သေပါတော့ကွာ။ မေဒေးအတွက်ဆိုပြီး ဝယ်လာတဲ့ ချောကလက် မပေးလိုက်ရဘူး"

သူဟာ တစ်ချက်စဉ်းစားလိုက်ပြီးနောက်မှာ ချက်ချင်းပင် ကားကိုပြန်ကွေ့ကာ မေဒေးဆီ ပြန်မောင်းချလာခဲ့သည်။ မေဒေးအတွက်ဆိုပြီး ရည်ရွယ်ဝယ်ထားတာမို့ သူက မပေးမဖြစ်ပေးမယ်ဆိုသောစိတ်ဖြင့် ကားကို ပြန်ကွေ့လာတာဖြစ်သည်။ သူ့ရဲ့ဒီအပြုအမူအတွက် မေဒေး ပျော်ရွှင်သွားမှာ သေချာပေသည်။ အဲဒါကိုက အမေ့ကောင်းလို့ပဲ ပြောရပေမည်။

နိုင်းသည် ကားကိုရပ်လိုက်ကာ မေဒေးဆီသို့ လျှောက်လာခဲ့တော့သည်။ သူ့လက်ထဲက ချောကလက်တုံးလေးကိုထုတ်ကာ ပေးလိုက်လျှင် မေဒေး ပျော်သွားမှာ လုံးဝအသေချာပဲဖြစ်သည်။

"နင် တစ်ခုခုကို ပြတ်ပြတ်သားသား ရွေးချယ်သင့်ပြီ မေဒေး။ ကိုကြီးကို မေ့ပစ်ပြီး နိုင်းကိုပဲ ချစ်လိုက်ပါဟာ"





"ငါ နိုင်းကို သနားတယ်။ ဒါပေမဲ့ ငါ့နှလုံးသားထဲမှာ နေရာယူထားတာက ကိုကြီးပဲလေ"

နိုင်းသည် ကြားလိုက်ရတဲ့ အပြန်အလှန်စကားသံတွေကြောင့် မျက်နှာတစ်ခုလုံး အက်ဆစ်နှင့် ပက်ခံလိုက်ရသူလို ပူလောင်ကျိန်းစပ်သွားရသည်။ ဘုရားသခင် ... ဘာတွေဖြစ်ကုန်တာလဲ။ မေဒေး ... မေဒေးက သူ့ကိုမချစ်ဘူးလား။

"အခုချိန်မှာ ငါဟာ နိုင်းကို သိပ်ရက်စက်သလိုဖြစ်နေပြီ။ ဒါပေမဲ့ ... ဒါပေမဲ့ ငါက ကိုကြီးကိုမှ မစွန့်လွှတ်နိုင်တာ"

"လုံးဝအဓိပ္ပာယ်မရှိဘူးဟာ မေဒေး။ နင်က ဘာကိစ္စကိုစစ်နေကွန်းကို တမ်းတနေရတာလဲ။ ကျေးဇူးပြုပြီး အားလုံးကို မြင်အောင်ကြည့်တတ်စမ်းပါ မေဒေးရယ်။ နင် ချစ်နေတာကိုလည်း ကိုစစ်နေကွန်းက သိခဲ့တာမဟုတ်ဘူး။ လက်ရှိမှာ နင့်ချစ်သူက နိုင်းပဲ မေဒေး ... အဲဒါကို နင် လက်ခံမယ် မေဒေး"

"ငါ မသိတော့ဘူးဟာ၊ ကျွတ် ... ငါအရမ်းခံစားနေရတယ်၊ ကိုကြီးအတွက် ငါဟာ ဘယ်တော့မှ သူ့ချစ်သူမဖြစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးဟာ။ ဒါပေမဲ့ ငါ သူ့ကို အခုချိန်ထိ မျှော်လင့်နေတုန်းပဲ"

ကြားလိုက်ရတဲ့ စကားသံတွေဟာ သူ့အတွက်တော့ အဆိုးဝါးဆုံးသော မီးလုံးတွေပဲဖြစ်သည်။ သူနဲ့ ချစ်သူသက်တမ်း တောက်လျှောက်မှာ မေဒေးဟာ သူ့ကို ဘယ်တုန်းကမှ ချစ်မနေခဲ့ဘူးပေါ့။ တစ်သက်လုံး မေဒေး ချစ်လာခဲ့တာဟာ ကိုစစ်ကိုပေါ့။ နှင်းသည် ရင်ဘတ်ထဲကို မီးတက်ရှို့လိုက်သလို ပူလောင်နေတာကြောင့် နလုံးသားတို့သည် မခံစားနိုင်တော့စွာဖြင့် လက်ထဲက ချောကလက်တောင့်လေးဟာ မြေပြင်ပေါ်သို့ ဖုတ်ခနဲ ပြုတ်ကျသွားတော့သည်။

သူဟာ ပြုတ်ကျသွားသော ချောကလက်တုံးလေးကို ငုံ့ကြည့်ကာ ပြန်ကောက်ချင်စိတ်လည်း မရှိတော့ပါ။ သူဟာ ယောကျ်ားတန်မဲ့ မျက်ရည်တွေ ကျချင်လာတာမို့ စိတ်ကို အထူးထိန်းချုပ်ကာ အံကိုတင်းတင်းကြိတ်၍ မေဒေးရဲ့မျက်နှာလေးကို စိုက်ကြည့်လိုက်သည်။

"မင်း သိပ်ရက်စက်လွန်းတယ် မြတ်မေဒေး"





အဲဒီစာသားကိုရိုက်ကာ သူဟာ မေဒေးရဲ့ဖုန်းဆီသို့ message လှမ်းပို့လိုက်ပြီးပြီးချင်း သူဟာ ချာခနဲ လှည့်ထွက်လာခဲ့သည်။ သူ့ရင်ဘတ်ထဲမှာတော့ ဖြေမဆည်နိုင်သော နာကျင်မှုတွေနှင့်အတူ မေဒေးရဲ့ပုံရိပ်တွေကို မြင်ယောင်လာမိသည်။ ဒီနေရာမှာ သူ့ရဲ့ခံစားချက်တွေက သီချင်းတစ်ပုဒ်ဆိုရင် စိုင်းစိုင်းခမ်းလှိုင်ရဲ့ "အထီးကျန်"သီချင်းက သူ့ရင်ဘတ်ထဲက စကားလုံးတွေဖြစ်လာလိမ့်မည်။

"အထီးကျန် xxx သိမ်ငယ်မှုများစွာရယ် xxx မင်းမရှိတဲ့နေ့တွေရယ် xxx ငါတစ်ယောက်တည်း xxx အားတွေငယ် xxx အချစ်ကို xxx ယုံကြည်ခဲ့မိပါတယ် xxx အစိမ်းလိုက် မင်းဖွဲ့ခြွေခဲ့တော့ xxx ငါ တစ်ယောက်တည်း ရှူးနေတယ်"

✻ ○ ✻



www.burmeseclassic.com

www.burmeseclassic.com



"တီ ... တီ ... တီ ... တီ ... Hey Girl Have a text message "

ရုတ်တရက် ထွက်ပေါ်လာသော ကောင်လေးရဲ့ ချွဲချွဲပျစ်ပျစ် ring သံကို ကြားလိုက်ရလျှင် အဲဒါဟာ message ဝင်တယ်ဆိုတာ သဘောပေါက်ရသည်။ မေအေးသည် ခပ်ငိုင်ငိုင် ထိုင်မှိုင်နေရင်းက အိတ်ထဲကဖုန်းကိုထုတ်ကာ message ကိုဖတ် လိုက်သည်။ ပို့သူကတော့ နိုင်းဆိုကဖြစ်၏။ မေအေးသည် သူပို့ ထားသော စာသားတစ်ကြောင်းကို အကြိမ်ကြိမ်ဖတ်ကာ "ဟင်" ဟု မြည်တမ်းမိသွားလျှင် ဘေးက လေပြေနှင့် သံစဉ်က မေအေး ကို လှမ်းမေးပါသည်။

"ဟင် ... မေအေး၊ ဘာ ... ဘာဖြစ်လို့လဲ"





မေအေးသည် သံစဉ်လက်ထဲသို့ ဖုန်းကိုထိုးပေးလိုက်ကာ နိုင်းပို့လိုက်သော message ကို ဖတ်ခိုင်းလိုက်လေသည်။

"ဟဲ့ ... ဘာသဘောလဲ။ နိုင်းက ဘာသဘောနဲ့ ဒီ message ကို ပို့ရတာလဲ"

"မသိဘူးလေ၊ နိုင်းက ဘာဖြစ်တာလဲ။ ငါ့ကို သူ ဘယ် တုန်းကမှ မြတ်မေအေးလို့ မခေါ်ဖူးပါဘူး။ သူပို့တာ ဘာ ကြောင့်လဲ"

မေအေးသည် "မင်း သိပ်ရက်စက်လွန်းတယ်"ဆို သော message ကို ဘာမှန်းမသိ စဉ်းစားတွေဝေနေတုန်းမှာ လေပြေက လက်ဖျောက်တစ်ချက် တီးလိုက်ပြီး တွေးတွေးဆဆ လေသံဖြင့် ...

"မေအေး ... ငါထင်တာ ပြောမယ်နော်။ အခု ငါတို့ပြော နေကြတာတွေကို သူများ ကြားသွားလို့လား မသိဘူး"

မေအေးသည် အဲဒီအတွေးကြောင့် ပူလောင်ယောက် ယက်ခတ်သွားတော့သည်။ ဖြစ်နိုင်သည်။ လေပြေ ပြောတာအများ ကြီး ဖြစ်နိုင်ပါသည်။ မေအေးသည် ထိုင်နေရာမှ ဆတ်ခနဲထကာ ဟိုဟိုဒီဒီကို အပြေးအလွှားပြေးပြီး လိုက်ရှာနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာလဲ ... နိုင်း။ လေပြေ ပြောသလိုမျိုး နှင် ငါတို့ပြောနေတဲ့ စကားတွေကို တကယ်ပဲ ကြားသွားလို့ ဒီ message ကို ပို့ခဲ့တာလား။ ဟင့်အင်း ... အဲလိုမလုပ်လိုက်ပါနဲ့ နိုင်းရယ်။

မေဒေးသည် အဲဒီအတွေးတွေနှင့် ပူလောင်သွားကာ မျက်ရည်တို့ ရစ်ဝိုင်းကာ ကော်ရစ်တာထောင့်ချိုးလေးမှာ ဆောင့်ကြောင့်ထိုင်ကာ ဒူးပေါ် မျက်နှာမှောက်အပ်ထားလိုက်တော့သည်။ မေဒေးရဲ့ကျောပြင်ကို ခပ်ဖွဖွပုတ်ကာ ...

"ဘာမှ စိတ်မကောင်း မဖြစ်ပါနဲ့ မေဒေးရယ်။ နိုင်းက နှင့်ကိုနောက်ပြီး message ပို့လိုက်တာ နေမှာပါဟာ။ ငါ က ရမ်းပြီးတွေးမိသွားတာပါ၊ နင် ဘာမှစိတ်ထဲထားမနေနဲ့။ နိုင်းကို နင် ဖုန်းဆက်ပြီး မေးလိုက်ပါလား"

မေဒေးသည် မျက်နှာမှောက်အပ်ထားရာမှ ပြန်ခေါင်းထောင်ကြည့်ကာ ခေါင်းကို အသာယမ်းပြရင်းက မေဒေးရဲ့မျက်လုံး အကြည့်သည် ဖျတ်ခနဲဆိုသလို တစ်နေရာသို့ရောက်လျှင် မေဒေးကို ကျီစယ်ပြနေသလို ချောကလက်တုံးလေး တစ်တောင့်ကိုတွေ့





ရလေသည်။ ချက်ချင်းဆိုသလိုပင် မေဒေးသည် ဆတ်ခနဲ ဖုတ်ဖက်ခါထ၍ အောက်ပြုတ်ကျနေသည့် ချောကလက်တုံးလေးကို အပြေးသွားကောက်လိုက်သည်။

ဒီချောကလက် ... ဒီချောကလက်ဟာ မေဒေး အရမ်းကြိုက်တဲ့ Droste giftbox (Holland edition) ချောကလက်တုံးဘူးလေးပါလား။ ဆဋ္ဌဂ်ပုံသဏ္ဍာန် ဒီချောကလက်လေးဟာ ဒီမြေပြင်ပေါ်ကို ဘယ်လိုကဘယ်လို ပြုတ်ကျကျန်ခဲ့ရသလဲ။ ရှင်းရှင်းလေးပဲဖြစ်၏။ မေဒေးကြိုက်တဲ့ • အဲဒီချောကလက်ဟာ မေဒေးအတွက်ပဲ ဖြစ်ပါလိမ့်မည်။ နိုင်း ဒီကိုနောက်တစ်ခါပြန်လာခဲ့သည် ဆိုတာ သိပ်ကို သေချာသွားသလို မေဒေးတို့ပြောတဲ့ စကားတွေကိုလည်း သူ ကြားသွားခဲ့ပြီဆိုတာ သေချာခဲ့ပါပြီ။

"လေပြေ၊ သံစဉ် ... နိုင်း ဒီကိုနောက်တစ်ခေါက်ထပ်လာတယ်။ ပြီးတော့ ငါတို့ပြောတာတွေ သူ ကြားသွားပြီဟ"

"ဘာ ... ဘယ်လို သေချာရဲ့လားဟာ"

မေဒေးသည် သူသိသွားပြီဆိုသော စိတ်ကြောင့် နှလုံးသားတစ်ခုလုံး အောင့်မျက်နှာကျင်လာကာ နှုတ်ခမ်းတွေ



www.burmeseclassic.com

www.burmeseclassic.com



တောင် တဆတ်ဆတ် တုန်ယင်လာခဲ့သည်။ မဒေးကို သူအရမ်းနာသွားပြီထင်သည်။ မဟုတ်ပါဘူး နိုင်းရယ်။

ငါ့ရဲ့နောက်ဆုံး ဆုံးဖြတ်ချက်ကို နင် မသိခဲ့ဘူးမှလား။

"ဟဲ့ ... မဒေး"

"ဟုတ်တယ် ... သံစဉ်။ သူ အကုန်ကြားသွားပြီ၊ ဒါပေမဲ့ ဟာ ငါ ကိုကြီးကို မေ့ပစ်လိုက်တော့မယ်ဆိုတာ သူ သိမသွားခဲ့ဘူးဟ"

"ဘယ်လို ... နင် ဘာပြောလိုက်တယ် မဒေး"

လေပြေနှင့် သံစဉ်က မဒေးရဲ့ပခုံးကို ခပ်ဖွဖွဆုပ်ကိုင်ကာ အံ့အားတသင့်မေးလေလျှင် မဒေးဟာ ကိုယ့်ရဲ့ဆုံးဖြတ်ချက် အသစ်စက်စက်ကို ခေါင်းညိတ်ဝန်ခံပြောပြလိုက်သည်။

"ဟုတ်တယ် ... ငါ ကိုကြီးကို အစ်ကိုလိုပဲ ခံစားလိုက်တော့မယ်၊ ပြီးတော့ နိုင်းကို ငါချစ်နိုင်အောင် ကြိုးစားတော့မယ်၊ ငါ့ရဲ့စိတ်တွေကို နိုင်းဆီမှာပဲ ပုံအပ်ထားတော့မယ်လို့ ငါ ဆုံးဖြတ်လိုက်ကာမှဟာ"





မဒေးရဲ့အတုန်တုန်ယင်ယင် ပြောနေသည့် ခံစားချက်တို့ကို လေပြေနှင့် သံစဉ်က နားလည်ပေးစွာဖြင့် မဒေးရယ်ဆိုပြီး နှစ်သိမ့်ပေးလေသည်။

မဒေးရဲ့ခံစားချက်တွေသည် တိမ်တွေဆီသို့ လွင့်ပျံသွားကာ ချက်ချင်းပင် ငွေ့ရည်ဖွဲ့ပြီး မိုးတွေအဖြစ်နဲ့ သဲသဲမဲမဲ ရွာချနေခဲ့ပါသည်။

✻ ○ ✻

ဝေဖန်စာ၊ တကြိမ်ပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉၊ (မြေညီ) ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့လိပ်မူ၍ ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၃

နေကွန်းသည် ဒီနေ့ စက်ရုံကို ကွန်တိန်နာတွေနှင့် ပစ္စည်းတွေ လာချတာမို့ တစ်နေကုန် အလုပ်များနေရပါသည်။ မနက်ပိုင်း တစ်ပိုင်းလုံး ပစ္စည်းအတင်အချ စိစစ်နေရတာနှင့်တင် သူ့မှာ တိုင်ပတ်နေရသည်။ ထမင်းစားချိန်ရောက်သောအခါမှာတော့ သူဟာ အံဆွဲထဲထည့်ထားခဲ့သည့်ဖုန်းကို ပြန်ထုတ်ကာ ဖုန်း ဘယ်သူဆက်ထားလဲဆိုတာ စစ်ရသည်။

သူ့ဖုန်းထဲမှာ missed call နှစ်ခု တွေ့လေသည်။ နိုင်းရဲ့ဖုန်းနံပါတ်ပဲဖြစ်သည်။ သူက ဘာများပါလိမ့်ဆိုပြီး ဖုန်းပြန်ဆက်မယ်ဆိုပြီး နံပါတ်အနှိပ်မှာ သူ့ဆီ ဖုန်းတစ်ကောကဝင်လာလေသည်။ အဲဒါဟာ ခင်လေးဆီကပဲ။





နေကွန်းသည် ဘာများပြောလိမ့်မလဲဆိုပြီး ရင်တထိတ်ထိတ်ဖြင့် ဖုန်းကိုင်လိုက်လေသည်။

"ဟယ်လို"

"ကျွန်မပါ ... ခင်လေးပါ ကိုနေ"

"ခင်လေး ... ပြောလေ၊ ဘာကူညီပေးရမလဲ"

"မဟုတ်ပါဘူး။ ကိုနေ့ကို ခင်လေးရဲ့ engagement ဖိတ်ချင်လို့ပါ"

ဩော် ... ခင်လေးတောင် စေ့စပ်တော့မယ်ပေါ့။ သူဟာ မုဒိတာပွားပေးနိုင်ပါသည်။ ပီတိဖြာပေးသော အပြုံးတစ်ခုနှင့်အတူ ...

"ဝမ်းသာပါတယ် ခင်လေးရာ၊ ဒါနဲ့ စေ့စပ်ပွဲက ဘယ်နေ့လဲ"

"လာမယ့် Thursday ပါ၊ ဖိတ်စာပို့လိုက်ပါ့မယ် ကိုနေ။ ဩော် ... ဒါနဲ့ ကိုနေကော ဘယ်တော့စားရမှာလဲ"

အဲဒီအမေးကြောင့် သူဟာ ဟက်ခနဲ တစ်ချက်ရယ်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါပဲ၊ မကြာမီလာမည်ပေါ့ ခင်လေးရယ်။ ဟဲ ဟဲ"

"ကိုနေက မမြင်တတ်ခဲ့လို့ပါ။ မြင်တတ်ရင် အချစ်ကို တကယ်တွေ့နေတာ ကြာပေါ့"

လာပြန်ပြီ ... ဒီစကား။ မဖြစ်တော့ ... ဒီတစ်ခါတော့ သူ နားမလည်တဲ့ အဲဒီစကားကို သေချာမေးရတော့မည်။

"ခင်လေး ... အဲဒါကို ဘာဆိုလိုတာလဲဟင်။ ပလိစ်ကွာ ကိုယ့်ကိုနားလည်အောင် ပြောပြပေးပါ။ ကိုယ်က ဘယ်သူ့ကို မြင်အောင်ကြည့်ရမှာလဲ"

"ဩော် ... ကိုနေရယ်။ ကိုနေ့ဘေးမှာ အမြဲရှိနေတဲ့သူကို ကိုနေ ဘာလို့ မမြင်နိုင်ခဲ့တာလဲ၊ နီးလွန်းရင် မမြင်တတ်ဘူးဆိုတာ သိပ်မှန်တဲ့စကားပဲ ...

ကိုနေရယ် ... သူ့ရဲ့ပေးဆပ်မှုတွေက ဘေးလူတွေတောင် မြင်နေရတာပဲ။ ကိုနေက ဘာကြောင့်မမြင်ရတာလဲ၊ သူ့ကိုယ်သူ ထည့်မစဉ်းစားဘဲနဲ့ ကိုနေနဲ့ ကိုနေ့ကောင်မလေးတွေ အဆင်ပြေဖို့ ကော်ဖီဆိုင်မှာတောင် waitress လုပ်ပြီး အခြေအနေတွေကို စနည်းနာခဲ့တာ ...





အဲဒါတွေဟာ ရှင့်ကို သူချစ်နေလို့ပေါ့ ကိုနေရယ်။ ကျွန်မတောင် အဲဒီနေ့က သူ့အချစ်တွေကို မြင်ခဲ့ရတယ်။ ကိုနေ သတိထားမိဖို့တော့ ကောင်းပါတယ်"

ဟား ... ဘာတုံး။ ဘာတွေတုံး။ ရှင်းကာမှပိုရှုပ်ကုန်ကာ သူဟာ ခေါင်းတွေတောင် ချာချာလည် မူးလာရဆော့သည်။ အဲဒီ "သူ"ဆိုတဲ့ နာမ်စားဟာ ဘယ်သူ့ကို ရည်ရွယ်တာလဲ။ ပြီးတော့ ဘာတွေလဲ။ ဘယ်က ကော်ဖီဆိုင်မှာ ဘယ်သူက waitress လုပ်လို့လဲ။

"ခင်လေး ... အဲဒါ ဘာလဲဟင်။ ဘယ်သူ့ကိုပြောတာလဲ"

"ကိုနေ ... ခင်လေး ကိုနေ့ရဲ့သူငယ်ချင်းတစ်ယောက်အနေနဲ့ ပြောပြတာနော်။ မေဒေးက ကိုနေ့ကို ချစ်နေတယ်။ ခင်လေးတို့ နောက်ဆုံးချိန်းတဲ့နေ့က 'Junction lover' ကော်ဖီဆိုင်လေးမှာ waitress လုပ်နေတဲ့ မေဒေးနဲ့ စကားပြောဖြစ်တယ်။ ဒီလောက်ဆိုရင် ခင်လေး ကိုနေ့ကို ဘာကြောင့် ဖြတ်ခဲ့တယ်ဆိုတာ သဘောပေါက်တော့နော်"



www.burmeseclassic.com

www.burmeseclassic.com



ဘာဆိုတာကို ရေရေရာရာနားမလည်ပေမယ့် တစ်ခုခုဆိုတာတွေထဲက သေးသေးလေးကိုတော့ သူ နားလည်ခဲ့ပါသည်။ မဒေး ... သူနဲ့ ခင်လေး ပြတ်သွားစေခဲ့တာဟာ မဒေးရဲ့စနက်ကြောင့်ပဲဖြစ်သည်။ ဘာလို့ အဲလိုလုပ်ရတာလဲ ဆိုတာကတော့ ...။

"ခင်လေး ... ကျေးဇူးတင်ပါတယ်။ ကိုယ့်ကို တစ်ခုခုသိအောင် ပြောပြပေးတဲ့အတွက်ပါ"

"ရပါတယ် ကိုနေရယ်။ တကယ်တော့ မဒေးကသာလျှင် ကိုနေ့အတွက် အဖြစ်သင့်ဆုံး ချစ်သူပါ ...

သူ့အချစ်တွေကို မျိုသိပ်ပြီး ကိုနေ့အတွက် အစအဆုံး ကူညီပေးနေတာဟာ သူ သိပ်ချစ်လို့ပေါ့"

"........."

"အဲဒါဆို ဒါပဲနော် ကိုနေ၊ ခင်လေး ဖိတ်စာလှမ်းပို့လိုက်ပါမယ်။ ဆက်ဆက်ကြွရောက်ပေးပါနော်"

"အိုခေ ... အိုခေ ... ခင်လေး ကျေးဇူးပဲနော်။ စိတ်ချကိုယ်လာခဲ့မယ်"





သူနှင့် ခင်လေး ဖုန်းပြောအပြီးမှာ သူ့ရင်ထဲ၌ တစ်ခုခု နင်နေသလိုဖြစ်ကာ ငူငူငေါင်ငေါင်ကြီး ဖြစ်နေပါသည်။ သူဟာ အခုမှ နည်းနည်းဓာတ်ရှည်လည်လာသလို ရှိခဲ့သည်။ အဲဒီနေ့က သူ့ကို ခင်လေး ဘာလို့ဘာလိုင်းကြီး ခေါက်ထားပစ်ခဲ့ရတာလဲဆိုတာ သူ သဘောပေါက်လာခဲ့သည်။

အဲဒီနေ့မတိုင်ခင်က မဒေးဟာ သူနှင့် ခင်လေး Junction lover မှာ ချိန်းထားတယ်ဆိုတာ သိသွားခဲ့သည်ပဲ။ ကြည့်ရတာ မဒေးက မဟုတ်ဏဟုတ်ဏ လုပ်ဓာတ်တွေဖန်တီးပြီး ခင်လေးကို သူနှင့်ပြတ်သွားအောင် လုပ်ခဲ့တာဖြစ်မည်။ ဘာဖြစ်လို့ မဒေးက အဲဒီလို လုပ်ရတာလဲ။

ခင်လေး ပြောသလိုဆို သူ့ကို မဒေးက ချစ်နေတာလား။ ဟား ... မဖြစ်နိုင်ပါဘူးကွာ။ မဒေးက သူ့ကိုဆို သူမရဲ့ အစ်ကိုကြီးတစ်ယောက်သဖွယ် သဘောထားကာ အရာရာကိုတိုင်ပင်ခဲ့တာပဲ။ ပြီးတော့ မဒေးမှာ နိုင်းလည်းရှိနေတာပဲ။ သူတို့နှစ်ယောက်ဟာလည်း အဆင်ပြေပြေ ရှိနေကြတာပဲ။ သူဟာ လိုက်မမီနိုင်တော့သော အခြေအနေတစ်ခုပေါ် မူတည်ပြီး စဉ်းစားခန်းဖွင့်နေတုန်းမှာ နိုင်းဆီက ဖုန်းထပ်ဝင်လာပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို ... နိုင်း ပြော"

"ကိုစစ် ... နေ ... ကွန်း ကျေးဇူးပြုပြီး ကျွန်တော့်ကိုတွေ့ခွင့်ပေးပါဗျာ။ ကျွန်တော် ခင်ဗျားနဲ့ အရမ်းကိုတွေ့ချင်နေတယ်"

ခပ်ထွေထွေရှိသော အသံကြောင့် သူဟာ နိုင်းရေချိန်ကိုက်နေပြီဆိုတာ သဘောပေါက်ရသည်။ ဒီချာတိတ်ဘာများဖြစ်လို့ပါလိမ့်။

"ဘာ ... ဘာဖြစ်လို့လဲ နိုင်း။ မင်း အခု ဘယ်မှာလဲ"

"(......)Hotel က bar ထဲမှာ ရောက်နေတယ်၊ ခင်ဗျားလာခဲ့ပါဗျာ၊ ကျွန်တော် ခင် ... ဗျားကိုတွေ့ပြီး စကားတွေပြောချင်တယ် ... အော့"

"ကျစ် ... အိုခေ ... အိုခေ ... ကိုယ် ခုထွက်လာခဲ့မယ်။ မင်း ခဏစောင့်နေနော်"

သူက ဖုန်းပိတ်ပြီးနောက်မှာတော့ သူ့အတွင်းရေးမှူးကိုခေါ်ကာ အလုပ်တွေလွှဲခဲ့ပြီး ချက်ချင်းပင် (......)Hotel သို့ထွက်လာခဲ့တော့သည်။ နိုင်းကိုကြည့်ရတာ တော်တော်မူးနေပုံရသည်။ ဒီချာတိတ် ဘာတွေဖိုးလ်ဖြစ်နေလို့လဲ။ သူ့ကြည့်ရတာ ပေါက်ကွဲတော့မည့် ဗုံးတစ်လုံးလိုပဲဖြစ်သည်။ အေးစက်ရှတသော အသံတွေမှာ နာကျင်ကြေကွဲမှုတွေပဲ ပါဝင်သောအခါ သူဟာ နည်းနည်းတော့ ပူပန်သွားပါသည်။





သူ အဲဒီကိုရောက်သွားသောအခါ ထောင့်ကျကျစားပွဲဝိုင်းမှာ ချောင်ကပ်ထိုင်နေသော နိုင်းကိုတွေ့လိုက်ရပါသည်။ မြင်လိုက်ရပါသော ဖရိုဖရဲအသွင်အပြင်ကြောင့် သူဟာ ဘာပါလိမ့်ဆိုပြီး တွေးမိသွားပါသည်။ နေကွန်းသည် နိုင်းရဲ့ပခုံးကို ခပ်ဖွဖွပုတ်ကာ ...

"နိုင်း ... မင်း ဘာလို့ ဒီလောက်တောင် သောက်ထားရတာလဲ"

သူ့အမေးကြောင့် မှေးမှိတ်ထားသော မျက်ဝန်းတို့ကို ခပ်မှိန်မှိန် ပြန်ဖွင့်ကာ မဲ့တဲ့တဲ့ အပြုံးတစ်ခုဖြင့် ...

"အဟော် ... ခင်ဗျားကြီး ရောက်လာပြီကိုး။ ထိုင် ... ကျုပ်ကတော့ ဟောဒါကြီးတစ်ခုလုံး (သူ့ရင်ဘတ်သူပုတ်ပြ၍) စုတ်ပြတ်သတ် ထွက်သွားလို့ ဒီမှာ အရက်နဲ့လာစိမ်နေတာဗျ ...



www.burmeseclassic.com

www.burmeseclassic.com



ကိုစစ်နေ ... ကွန်း ခင်ဗျား သိပ်ကံကောင်းတဲ့လူပဲ"

"နိုင်း ... မင်း ဘာတွေပြောနေတာလဲ။ မင်း အရမ်းမူးနေပြီ"

"လူမူးနေပေမယ့် ကျုပ်ရဲ့အသိစိတ်တွေ မမူးဘူးဗျ။ ခင် ... ဗျားက စင်ပေါ်ကလူဆိုတော့ ဘာသိမှာလဲဗျာ"

နိုင်းက လက်ကားရား ခြေကားရားဖြင့် သူပြောချင်တာတွေကို ရင်ဖွင့်နေသော်လည်း သူ ဘာကိုဆိုလိုမှန်း နားမလည်သောအခါ တော်တော်ညစ်ရပါသည်။ အဲဒီအချိန်မှာပဲ နိုင်းရဲ့ဟန်းဖုန်းက တီးလုံးသံ ငြိမ့်ညောင်းစွာ မြည်သံထွက်ပေါ်လာလျှင် သူဟာ စားပွဲပေါ်မှာ တင်ထားတဲ့ဖုန်းကို မ,ယူလိုက်ကာ နံပါတ်ကြည့်ပြီး နိုင်းကို လှမ်းပြောလိုက်လေသည်။

"ဟော့ကောင် ... နိုင်းရေ၊ မေဒေးဆီကဖုန်းဟ။ ကိုင်လိုက်ဦး"

နိုင်းရဲ့လက်ထဲကို ဖုန်းထည့်ပေးလိုက်သောအခါ နိုင်းဟာ "ဟာ ... ဗျာ"ဆိုပြီး ဖုန်းကို reject လုပ်ပစ်လိုက်သည်။ အခါများစွာက မေဒေးဆီကဖုန်းဆို ဖလန်းဖလန်းထပြေနေသောကောင်က အခုကျတော့ ..."





"အဲ့ ... မိန်းမကြီး မြတ်မေဒေးကို မုန်းတယ်။ ကျုပ်ရဲ့ အချစ်တွေ ... ကို ... အဲ့ မိန်းမကြီးက ဖျက်ဆီးပစ်လိုက်တာ။ သူ ဘယ်တုန်းကမှ ကျုပ်ကိုမချစ်ခဲ့ဘူးဗျ။ ကျုပ်မှာတော့ သူ့ကိုချစ်လိုက်ရတာ ဒါကြီးနဲ့အပြည့် သူ့အတွက် သူ့အတွက် ... သူ့အတွက်ဆိုတဲ့ အတွေးတွေနဲ့ပဲ ရှူးနေတာ ...

သူကတော့ ကျုပ်ကို အပျော်လုပ်တယ်ဗျ။ သူချစ်နေခဲ့တာ ခင်ဗျားကြီးကိုတဲ့။ ဘယ်လောက်ရက်စက်တဲ့ မိန်းမကြီးလဲဗျာ။ ကျုပ် အသည်းကိုခွဲတယ်။ သောက်ရမ်းမိုက်ရိုင်းတယ်။ သူ ကျုပ်ကို မချစ်ဘူး"

နေကွန်းသည် မူးရူးပြီး တရစပ်ပေါက်ပေါက်ဖောက်သလို ဖောက်နေသော နိုင်းကိုကြည့်ပြီး သူ စိတ်တွေညစ်လာခဲ့ရသည်။ ဘာတွေလဲကွာ ... မေဒေး ချစ်နေခဲ့တာက သူပါတဲ့လား။ အား ... အဲဒါ အထင်လွဲမှုတွေပါကွာ။

"နိုင်း ... မင်း အထင်မှားနေတာ ဖြစ်မှာပါ။ မေဒေးပါးစပ်က မင်းကို ပြောလိုက်လို့လား။ မင်း တစ်ခုခုတော့ လွဲနေပြီကွာ"



www.burmeseclassic.com

www.burmeseclassic.com



"မလွဲဘူး … မေဒေးက ကျုပ်ကို ဘယ်တုန်းကမှ မချစ်ခဲ့ဘူး။ သူ့ရဲ့အာရုံတွေ အားလုံးက ခင်ဗျားဆီမှာပဲ၊ ခင်ဗျားကိုပဲ သူကချစ်နေခဲ့တာ။ ခင်ဗျားကိုပဲ သူက ချစ်နေတာတဲ့။ ကျုပ် ခံစားရတယ်ဗျာ။ အဲ့မိန်းမ ရက် … စက် … လွန်း … တယ်"

နိုင်းက မူးကာပြောချင်ရာပြောပြီး ခေါင်းစိုက်လို့သွားရှာပြီ။ မူးမူးနှင့် တရှူးရှူး အိပ်ပျော်သွားသော နိုင်းရဲ့ရင်ထဲက အပူတွေက တစ်ခဏ်းရပ်သွားပေမယ့် သူ့ရင်ထဲမှာတော့ တော်တော်ယောက်ယက်ခတ်သွားရတော့သည်။ ဘာတွေလဲ … မေဒေးရေ။ အားလုံးက မင်း ကိုယ့်ကို ချစ်နေပါတယ်တဲ့။

နေကွန်းသည် မေဒေးရဲ့ချစ်စဖွယ်ကောင်းလှသော နုနုနယ်နယ် မျက်နှာလေးကို မြင်ယောင်ကာ နှလုံးသားတစ်ခုလုံး ဆွတ်ပျံ့လို့ သွားပါသည်။ သူ့ကိုဆို အမြဲကြီးကျတတ်သော၊ သူ ပြောလိုက်ရင် တစ်ခွန်းဆိုတစ်ခွန်း နားထောင်တတ်သော အဲဒီကောင်မလေးက သူ့ကို ချစ်နေတယ်တဲ့လား။ မဖြစ်နိုင်ဘူး ထင်ပါသည်။





အချစ်ဖြစ်လာဖို့ အဲဒီလောက် မလွယ်ကူနိုင်ပါဆိုတာ သူ ကောင်းကောင်းသဘောပေါက်ပါသည်။ မေဒေး သူ့ကို ချစ်နေတယ်ဆိုတဲ့ တစ်ဖက်သတ်စွဲချက်တွေဟာ မေဒေးကို အများကြီး ထိခိုက်စေပါသည်။

မေဒေးရေ … ညီမလေး၊ မင်းရည်းစားကြောင့် မင်း ခံစားနေရပြီလားကွာ။ ကိုကြီး ရအောင်ဖြေရှင်းပေးပါ့မယ် ညီမလေး။

*○*



www.burmeseclassic.com

www.burmeseclassic.com



မေအေးရဲ့ဟန်းဖုန်းကို ဆက်လို့မရသောအခါမှာတော့ သူဟာ အိမ်ဖုန်းကိုပဲ ခေါ်လိုက်တော့သည်။ မေအေးရဲ့မေမေက ဖုန်းလာကိုင်ပါသည်။

"ဟယ်လို ... အန်တီ ကျွန်တော် စစ်နေကွန်းပါ မေအေး ရှိလား။ သူ့ဖုန်းဆက်တာ ဆက်လို့မရလို့ခင်ဗျ"

"ဩော် ... မောင်နေကွန်းရေ၊ အေး ... သမီးကဖျားနေလို့၊ ဒီနေ့ အလုပ်တောင်မသွားဘူး။ အိမ်မှာနားနေတာ၊ ခဏ လေး အန်တီခေါ်ပေးမယ်"

ဟင် ... မေအေးက ဖျားနေသည်တဲ့။

"ဩော် ... ရပါတယ် အန်တီ။ မခေါ်ပါနဲ့တော့၊ ကိစ္စက လည်း အရေးမကြီးပါဘူး။ ကျွန်တော် ညနေအလုပ်ကပြန် လာမှပဲ မေအေးဆီ သတင်းလာမေးပါတော့မယ်။ မေအေး သက်သာရဲ့လား"



"အခုတော့ ဆေးသောက်ပြီး ခဏမှိန်းနေတယ်၊ အဖျားတော့ နည်းနည်းကျသွားပါပြီ"

"ဟုတ်ကဲ့ခင်ဗျ၊ အဲဒါဆို ကျွန်တော် ညနေမှပဲ လာပါတော့ မယ်"

သူဟာ ဖုန်းပိတ်ပြီးသွားသောအခါ မေအေးကိုတော့ အရမ်းစိတ်ပူမိသွားပါသည်။ ညနေပိုင်း ရောက်လျှင်တော့ နေကွန်း သည် အိမ်တောင်မပြန်သေးဘဲ မေအေးအိမ် အရင်ဝင်ခဲ့ပါသည်။

"ကြွပါ အစ်ကိုလေး။ မေမေကြီးနဲ့ ကြီးညိုက ဈေးသွားကြ တယ်၊ အစ်မလေး ရှိတယ်။ ခေါ်ပေးပါ့မယ် ခဏလေး ထိုင်ပါဦး"

ကောင်မလေးက သူ့ကို ဧည့်ခန်းထဲမှာ အရင်နေရာ ချထားပေးပြီးမှ မေအေးကို သွားခေါ်ပေးသည်။ နေကွန်းသည် ဒီအိမ်ကြီးနှင့် အကျွမ်းတဝင် ရှိနေပြီးသားသူပီပီ စာအုပ် stand လေးထဲက မဂ္ဂဇင်းတစ်အုပ်ကို ဟိုလှန်ဒီလှန်ဖြင့် ဖတ်နေမိသည်။ ရာသီဥတုက မှိုင်းညို့ညို့လေးဖြစ်သည်။ သူဟာ လာချပေးသော ကော်ဖီတစ်ငုံကို သောက်လိုက်ရင်း မဂ္ဂဇင်းဖတ်နေချိန်မှာ နားထဲ သို့ ချိုရှရှအသံလေးတစ်ခုကို ကြားလိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး ... မေဒေးကို သတင်းလာမေးတာလားဟင်"

အဲဒီအသံလေးကြား၍ သူက မော့ကြည့်လိုက်လျှင် ချစ်စရာကောင်းသော မေဒေးကို တွေ့ရလေသည်။ ဆံပင်တွေကို ပိုနီတေးလ်စတိုင်လ် ခပ်မြှောက်မြှောက် စည်းနှောင်ထားကာ အညိုရောင်တီရှပ်လက်ရှည်ပွပွကို ကာတွန်းရုပ်ချည်သားဘောင်းဘီရှည်လေးဖြင့် ရိုးရိုးလေး ဝတ်ဆင်ထားသော သူမဟာ အဖျားရှိန်ကြောင့် မျက်နှာလေးဟာ နွမ်းဖတ်ဖတ်လေး ဖြစ်နေပါသည်။

"ဘယ်လိုလဲ ... နေမကောင်းပျောက်သွားပြီလား"

"ဟင်း ဟင်း ... မပူပါနဲ့။ ဒီမှာ ဒီကိုလ်ဂျင်ရှိတယ်လေ"

လူက နေမကောင်းဖြစ်နေတာတောင် မျက်နှာလေးက ပြောင်စပ်စပ်ဖြင့် နောက်နေသေးသည်။ နေကွန်းသည် သဘောတကျဖြင့် ရယ်လိုက်ပြီးမှ ...

"နောက်နိုင်သေးတယ်နော်"

"အဟင်း ... နောက်နိုင်ပါတယ် ကိုကြီးရယ်။ မေဒေးက ကိုကြီးကို ပျော်ရွှင်စေအောင် အမြဲတမ်း နောက်နေခဲ့တဲ့သူပဲဟာကို"





မေဒေးရဲ့မျက်ဝန်းတွေထဲမှာ ဝမ်းနည်းနေသည့်အရိပ်အယောင်တွေကို သူ တွေ့နေသလိုပဲ။ ဘာဖြစ်လို့လဲ မေဒေးရယ်။ မင်းမှာ ဘာတွေများ ငိုချင်စရာ ခံစားချက်တွေ ရှိနေလို့လဲ။ နိုင်းနဲ့ မင်း ကိုယ့်ကြောင့် ဘာတွေပြဿနာဖြစ်နေတာလဲ။

"မေဒေး ... ဘာလို့နေမကောင်းဖြစ်တာလဲ"

သူ့ရဲ့အဲဒီမေးခွန်းကြောင့် မေဒေးရဲ့မျက်နှာ ကွက်ခနဲ ပျက်သွားတာကို သူ သတိထားမိသွားပါသည်။ ဒါပေမဲ့ အဲဒီလို မျက်နှာပျက်သွားတာဟာ စက္ကန့်ပိုင်းလောက်ပဲဖြစ်သည်။ ချက်ချင်းပင် ပြုံးရွှင်သွားသော မျက်နှာလေးဖြင့် ...

"မိုးမိသွားတာပါ ကိုကြီးရဲ့။ နေမကောင်းတာတောင် ကျောင်းမှာခွင့်တိုင်သလို တိတိကျကျ ပြောပြနေရမှာလားလို့"

"မေဒေး ... နိုင်းဆီကို ဖုန်းဆက်သေးလား။ ညည်းဖျားနေတာကိုကော သူသိလား"

"ဖျားတာပဲ ... နာတာရှည်ဖြစ်တာမှ မဟုတ်တာ။ သူ့ကို ဘာကိစ္စ သံတော်ဦးတင်နေရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



နေကွန်းသည် အဆင်မပြေကြသေးသည့် ဒီစုံတွဲကို ကြည့်ကာ ဘယ်လိုကူညီပေးရမလဲ စဉ်းစားမိသွားပါသည်။ နိုင်းက သူ့ကိုလည်း ခပ်တန်းတန်းဖြစ်နေ၍ သူ့မှာလည်း ဘာမှဆက်မပြောဖြစ်ခဲ့ပေ။ ခက်နေတာက သူကိုယ်တိုင်ဟာလည်း မေဒေးရဲ့စိတ်ကို မဖတ်တတ်ခဲ့တာဖြစ်သည်။

"မေဒေး ... နိုင်းနဲ့ ပြဿနာတစ်ခုခု ရှိထားလားဟင်"

"ဟုတ်တယ် ... မေဒေးနဲ့ သူနဲ့ ပြတ်တော့မလိုကို ပြဿနာဖြစ်ကြတယ်၊ မေဒေးဘက်က လွန်ခဲ့တာပါ။ သူ မမှားပါဘူး၊ ဘာလို့မေးတာလဲ ကိုကြီး။ သူက ဘာတွေများပြောလို့လဲ"

"သူ ပြောတာတွေကတော့ အများကြီးပဲ၊ ပြီးတော့ ... ပြီးတော့"

"ဘာဖြစ်လဲဟင်"

"ခင်လေးကလည်း ကိုယ့်ကိုပြောပြခဲ့တယ်။ အဲဒါ ... အဲဒါ ဟုတ်သလားဟင်"





သူက မဝံ့မရဲဖြင့် သူသိချင်နေတဲ့ ကိစ္စတစ်ခုကို မေဒေးဆီက အတည်ပြုချက် ယူလေသည်။ မေဒေးက သူ့မေးခွန်းကြောင့် ဖျတ်ခနဲ မျက်နှာတည်သွားရတော့သည်။

ဆောရီးပါ ... မေဒေး။ ကိုယ် အဖြေတစ်ခုကို တိတိပပသိရမှဖြစ်လိမ့်မည်။ မင်း ကိုယ့်ကို ချစ်နေခဲ့တယ်လို့ သူတို့တွေက အတိအကျ ပြောနေပေမယ့် ကိုယ် မယုံဘူး မေဒေး။

"မေဒေးက ကိုကြီးနဲ့ မခင်လမင်းကို ပြတ်သွားစေတဲ့ အဓိကအကြောင်းတရားပါ။ 'မေဒေး ခလောက်ဆန်ခဲ့မိတယ်၊ မေဒေး စိတ်ပုပ်ခဲ့မိတာပါ ...

ဒီ့ထက်လည်း ပိုမသိချင်ပါနဲ့ ကိုကြီး။ မေဒေးကို ကိုကြီး အထင်သေးနိုင်ပါပြီ။ မေဒေးကို မခင်လမင်းနဲ့ ယှဉ်ပြီး ပက်ပက်စက်စက် အထင်သေးလိုက်ပါတော့ ကိုကြီး"

မေဒေးသည် ပြောချင်တာကို စွတ်ပြောနေပေမယ့် အသံတွေက အဖျားခတ် တုန်ယင်နေတယ်ဆိုတာ သူသဘော



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ပါသည်။ မေဒေးက မျက်ရည်တွေ ရစ်ဝဲလာကာ သူ့ကို ကျော်ခိုင်းလှည့်ထွက်လိုက်သောအခါ နေကွန်းသည် ချက်ချင်းပင် မတ်တတ်ထရပ်ကာ လက်တစ်ဖက်ဆန့်တန်းပြီး သူ့ကိုလှမ်းတား လိုက်သည်။

"မေဒေး ... ခဏနေဦး၊ မင်း ဘာလို့ အဲလိုလုပ်လိုက်တာ လဲ။ ကိုယ် အဖြေတစ်ခု သိရမှဖြစ်လိမ့်မယ်"

သူ့မေးခွန်းကို မေဒေးက စကားလုံးတွေများစွာပြော နေသော မျက်လုံးတို့ဖြင့် စိုက်ကြည့်လေသည်။ မေဒေးရဲ့မျက် လုံးတွေဟာ ကြည်လင်ဖြူစင်မှုတွေပေါ် နာကျင်နေသောအရောင် လွှမ်းနေသော အရိပ်တွေကို သူ သတိထားမိပါသည်။

ပြီးတော့ သွားကြားထဲက ထွက်လာသည့် အေးစက် စက်လေသံဖြင့် သူ့ကိုပြောလေသည်။

"ဘာလို့ အဲလိုလုပ်ခဲ့တာလဲဆိုတာ ရှင်သိပ်သိချင်နေတယ် လား။ ကျွန်မ ရှုးနေလို့ ကိုကြီး၊ ဘာဆို ဘာမှမမြင်နိုင် လောက်အောင် ကျွန်မ မျက်စိတွေ ကန်းနေလို့ ...





ကိုကြီး ... ကျွန်မကို အဲဒီလောက် မနှိပ်စက်ပါနဲ့။ မေဒေးဆိုတဲ့ မိန်းကလေးက အဲသလောက်ထိ အပေါစား မဆန်ဘူး"

မေဒေးက ဒီပြီး အပေါ်ထပ်သို့ ပြေးတက်သွားလေ သည်။ ဟား ... မှားသွားပြီ။ သူ သိပ်ကိုမှားသွားခဲ့ပေပြီ။ သူ ထင်ထားခဲ့တာက မေဒေးဟာ သူ့ကို ...။ မင်းကို ကိုယ် အကြီး ကြီးရက်စက်မိသွားပြီ မေဒေးရယ်။

＊○＊



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

လွမ်းရတယ်ဆိုတာ ခံစားချက်တစ်ခု ဆိုပေမယ့် အဲဒီခံစားချက်ဟာ ဘယ်လောက်ထိ ရင်နင့်စရာကောင်းတယ်ဆိုတာ မေဒေး နဖူးတွေ့ ဒူးတွေ့ ခံစားဖူးမှ ယုံကြည်ရတော့လေသည်။

မေဒေး တော်တော်လွမ်းနေရတာဖြစ်သည်။ ဘယ်သူ့ကိုဆိုတာ တိတိပပကြီး မေဒေးက မပြောတတ်ပေမယ့် မေဒေးဟာ ကိုကြီးကိုလည်း လွမ်းရသလို၊ နိုင်းကိုလည်း လွမ်းဆွတ်နေရပါသည်။

ဖြစ်ခဲ့ပျက်ခဲ့တဲ့ ကိစ္စတွေဟာ မေဒေးရဲ့အလွန်တွေပဲဖြစ်သည်။ နိုင်းခမျာမှာလည်း မေဒေးကြောင့် တော်တော်ခံစားနေရရှာသည်ဟု ပြန်ကြားထားရလေသည်။ အဲဒီလိုပဲ ကိုကြီးဟာ





လည်း မေဒေးရဲ့လျှို့ဝှက်ခံစားချက်တွေကို သိသွားပြီဖြစ်သည်။ အားလုံးဟာ အချိန်ကိုက် တိုင်ပင်ထားသလို ဖြစ်ပျက်ကုန်တာဖြစ်သည့်အတွက် မေဒေးမှာလည်း အလဲအကွဲ ခံစားနေရတာဖြစ်သည်။

တစ်ယောက်တည်း အချစ်ကြောင့် လူးလဲခံစားပြီး အိမ်ထဲအောင်းနေတာ တစ်ပတ်လောက်ရှိနေပြီဖြစ်တာမို့ ကြာလာတော့ မေဒေးလည်း အိမ်မှာပဲ လှိမ့်ပိမ့်မနေနိုင်ခဲ့ပါ။ မေဒေးသည် အပြင်လေး ဘာလေးထွက်ပြီး ကော်ဖီလေး ဘာလေး သွားသောက်မလားတွေးကာ အဝတ်အစား လဲလိုက်သည်။

မျက်နှာကို Angel-face ပုံစံ မိတ်ကပ်ပြင်ဆင်ကာ မှန်မှန်လေး လင်းလက်နေအောင် နှုတ်ခမ်းကိုတော့ ချယ်ရီရောင် Lip Gloss ရွှဲရွှဲလေး ဆိုးလိုက်သည်။ ပြီးလျှင်တော့ ရေမွှေးနည်းနည်းဆွတ်ကာ အပြင်သို့ ထွက်လာခဲ့တော့သည်။ အစကတော့ မေဒေးဟာ ဟိုမိန်းမနှစ်ယောက်ကို ခေါ်ဦးမလို့ပင်။ ဒါပေမဲ့ မေဒေးတစ်ယောက်တည်း အေးအေးဆေးဆေး နေချင်တာကြောင့် မေဒေးဟာ တစ်ကိုယ်တော် valentine လုပ်ပြီး ထွက်လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကပ်ပူချီနိုတစ်ခွက်၊ ပြီးတော့ တူနာဆင်းဒဝစ်ချ်တစ်ပွဲ"

မေဒေးက waiter ကောင်လေးကို စားစရာတွေမှာပြီးသည့်နောက်မှာ မဂ္ဂဇင်းတစ်အုပ်ယူပြီး အေးအေးဆေးဆေးထိုင်ဖတ်နေတော့သည်။ စားစရာတွေ လာချပြီးသောအခါ မေဒေးက ဘာကိုမှ မတို့မထိသေးဘဲ ဖတ်လက်စမဂ္ဂဇင်းကို ဆက်ဖတ်နေလျှင် မသိစိတ်ရဲ့ အာရုံစေ့ဆော်မှုက မေဒေးကို လှုပ်နှိုးနေသလိုဖြစ်ကာ မေဒေးသည် ကိုယ့်ကိုစိုက်ကြည့်နေသော မျက်ဝန်းတစ်စုံကို လှမ်းကြည့်လိုက်လျှင် အဲဒီမျက်ဝန်းတွေရဲ့ပိုင်ရှင်ဟာ နိုင်းဖြစ်လို့နေသည်။

မေဒေးက သူ့ရဲ့အကြည့်တွေကို မနေတတ်တော့စွာ မျက်လုံးကို အကြည့်လွှဲလိုက်လျှင် သူက ခဏအကြာမှာ မေဒေးရဲ့ဝိုင်းဆီသို့ ကူးလာလေသည်။

"မေဒေး ... ကိုယ် မင်းနဲ့စကားပြောလို့ရပါသေးတယ်နော်"

မေဒေးက ဘာမှမပြောဘဲ မဂ္ဂဇင်းစာမျက်နှာကိုသာ သဲကြီးမဲကြီး ငုံ့ကြည့်နေလျှင် သူက အသာပြုံးကာ မေဒေးရဲ့





မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လေသည်။ ပြီးတော့ မေဒေးကို တစ်ချက်ကြည့်ကာ ...

"အစတုန်းကတော့ ကိုယ့်မှာ မင်းနဲ့ပတ်သက်ပြီး ဘာမှပြောစရာမကျန်တော့ဘူးလို့ သတ်မှတ်ထားတာ။ ပြီးတော့ မင်းကိုလည်း သိပ်စိတ်နာနေခဲ့တာ။ ဒါပေမဲ့ ... ထူးဆန်းတယ် မေဒေး။ မင်းမျက်နှာကို အခု ငါပြန်တွေ့လိုက်ရတဲ့အချိန်မှာ ငါ့ရင်ထဲမှာ မင်းကို ပြောချင်တာတွေ အများကြီးဖြစ်လာခဲ့တယ်။ စိတ်နာနေတဲ့စိတ်လည်း ဘယ်တွေရောက်ကုန်လဲဆိုတာ ငါ မသိတော့ဘူး ...

အဲဒါ ဘာဖြစ်လို့လဲ ... သိလား"

မေဒေးသည် အဲဒီစကားတွေယဲ့ဘွက် သူ့မျက်နှာကို စူးခနဲ မော့ကြည့်ကာ အကြိမ်ကြိမ်ဘာသာပြန်နေမိခဲ့သည်။ အခုချိန်မှာ မေဒေးဟာ အမှားတွေလုပ်ထားတဲ့သူ။ သူဟာ မေဒေးကို ဘာလို့ အခုလို လာစကားပြောနေရတာလဲ။

အဖြေဟာ ရှင်းနေအောင်ကို နိုင်းရဲ့မျက်ဝန်းတွေက အသက်ဝင်လာခဲ့သည်။ နိုင်းဟာ မေဒေးဘဝမှာ ပတ်သက်ခဲ့ဖူးတဲ့



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတစ်ယောက်ဖြစ်သည်။ သူဟာ မေဒွေးရဲ့သူငယ်ချင်းလည်းဟုတ်၊ ရည်းစားဆိုလည်း ဟုတ်ခဲ့သူဖြစ်သည်။

သူ့အပေါ်မှာ မေဒွေးဟာ တစ်စုံတစ်ရာတော့ တွယ်ငြိခဲ့လို့ ပြီးခဲ့တဲ့ကာလတွေအထိ ဘာပြဿနာမှမဖြစ်ဘဲ ရည်းစားတွေဖြစ်နေခဲ့တာဖြစ်သည်။ အဲဒီအတွက် မေဒွေးဟာ သူ့အပေါ်သံယောဇဉ်ရှိခဲ့တယ်၊ ရှိနေတုန်းပဲဆိုတာ ဝန်ခံပါသည်။

"မေဒွေး ... မင်း မဖြေဘူးနော်။ ရပါတယ် ... မင်းမဖြေချင်တဲ့အဖြေကို ကိုယ်ကပဲ ပြန်ဖြေပေးပါ့မယ် ...

ဟုတ်တယ် ... မေဒွေး။ ကိုယ့်ဘဝမှာ မင်းကိုပဲ ငြိတွယ်ခဲ့တာ၊ ကိုယ် ချာတိတ်ကျောင်းသားဘဝထဲကနေ အခုချိန်ထက်ထိ မင်းတစ်ယောက်တည်းကိုပဲ ချစ်ခဲ့တာ။ ကိုယ့်ရဲ့ပုံစံဟာ အပြင်ပန်းကကြည့်ရင်တော့ အချစ်ကိုအေးဆေးထားတယ်၊ အီတာတွေများလိမ့်မယ်လို့ ထင်ရပေမယ့် တကယ်တမ်းတော့ ကိုယ်က မင်းကိုပဲ ချစ်ခဲ့တာပါ ...

ရည်းစားသက်တမ်းတစ်လျှောက်လုံးမှာ မင်းရဲ့စိတ်တွေဟာ ကိုယ့်ဆီမှာ မရှိခဲ့ဘူး ဆိုပေမယ့်လည်း ကိုယ်မင်း





ကိုချစ်တယ်ဆိုတာ မင်းခံစားလို့ရခဲ့ပါတယ်"

"နိုင်း ... ဆောရီးပါ။ ငါ နင့်ကို တောင်းပန်ဖို့ ဘယ်လိုစကားလုံးတွေ သုံးရမလဲဆိုတာ ငါမသိဘူး။ ဒါပေမဲ့ ငါ နင့်ကို အသုံးချခဲ့တာမျိုးတော့ မဟုတ်ပါဘူးဟာ။ အဲဒါလေးကိုတော့ နင် ယုံပါ နိုင်း။ ငါ့စိတ်တွေ ကိုကြီးဆီမှာ ရှိနေခဲ့ပေမယ့် နင့်ကို ငါ မေ့မထားပါဘူး နိုင်းရယ်"

မေဒွေး စကားကြောင့် သူဟာ တစ်ချက်ပြုံးလိုက်ကာ ပခုံးတစ်ချက် တွန့်ပြသည်။

"ငါဆိုတဲ့ အသုံးအနှုန်းဟာ သူငယ်ချင်းသဘောကိုဆောင်တာလား မေဒွေး။ ဘယ်လိုပဲဖြစ်ဖြစ်ပါ မေဒွေးကို သိစေချင်တာတစ်ခုက ကိုယ်ဟာ တစ်ယောက်ဆိုတစ်ယောက် စွဲစွဲမြဲမြဲ ချစ်မယ့်သူမျိုးပါ ...

အကယ်၍များ မေဒွေး ကိုယ့်ဘဝထဲကို ဝင်လာခဲ့မယ်ဆိုရင် ကိုယ်အပျော်ရွှင်ဆုံး စောင့်မျှော်နေမှာပါ။ မေဒွေးကို ရွေးချယ်ပါလို့ ကိုယ်ပြောတာနော်။ မေဒွေး ဘယ်သူ့ကိုပဲရွေးရွေး ကိုယ်ကတော့ ချစ်နေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



နိုင်းရဲ့စကားတွေကြောင့် မေဒေးသည် ရင်ကွဲပက်လက်ကို ခံစားခဲ့ရပါသည်။ နင် အဲသလောက်ထိတောင် ချစ်နေခဲ့တာလား နိုင်းရယ်။ မေဒေး ဘာလုပ်ရမှာလဲ။

မပြတ်သားသော စိတ်တို့သည် မေဒေးကို ရှုးစေပါသည်။ နိုင်းဆီလည်းချင်နေတဲ့စိတ်တွေဟာ တစ်ဖက်မှာလည်း ကိုကြီးကို လက်မလွှတ်နိုင်သေးပါ။

အဲဒီတော့ နှစ်ယောက်စလုံးကိုဒီတိုင်းထားပြီး ကိုယ့်ဘာသာ သတ်သေလိုက်တာဟာ အကောင်းဆုံးပဲ ဖြစ်ပါလိမ့်မည်။

*○*





"တကယ်တော့ ကိုယ်က လူမိုက်ပါ မေဒေးရယ်။ ဘာဆိုဘာမှ မမြင်အောင်ကို ကိုယ်က စုံလုံးကန်းခဲ့တာပါ"

အဲဒီလိုစကားချီပြီး ပြောလိုက်လျှင် မေဒေးသည် ထိတ်ခနဲ ရင်တွေခုန်လာကာ တစ်ဆက်တည်းမှာပဲ ရင်တွေလည်း တုန်နေရပါသည်။ မေဒေးဟာ ဖောက်လျှောက် ကိုကြီးကိုချစ်နေခဲ့သည်ဆိုပေမယ့် ဘယ်တုန်းကမှ ကိုကြီး မေဒေးရဲ့အချစ်တွေကို သိအောင်ဆိုပြီး ရေလာမြောင်းပေးလည်း မလုပ်ခဲ့ဖူးပါ။ မေဒေး ဘာသာ သေအောင်ချစ်ချစ် ကိုကြီး အထင်သေးသွားစေမည့် အပြုအမူမျိုးကို ကိုကြီးဟာ မေဒေးအချစ်တွေကို မြင်ခဲ့တဲ့နေ့အထိ မလုပ်ခဲ့ဘူးပါ။

သူ့ဘာသာ အခြေအနေတွေကို ဆက်စပ်ပြီး မေဒေးရဲ့တစ်ဖက်သတ်အချစ်ကို မြင်တွေ့သွားတာဖြစ်၏။ ကိုကြီးသာ



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ မတော်တဆ မေဒေးကို ရည်းစားစကားပြောလိုက်လျှင် ဘယ်လိုလုပ်မလဲ။ မေဒေး ဘာဖြေရမလဲ။ မေဒေးသည် ကယောင်ကတမ်းဖြင့် ကိုယ့်လည်ပင်းကို စမ်းကြည့်မိတော့ ဆွဲကြိုးလေးက ရှိမနေပါ။

ကိုကြီးပေးထားတဲ့ ဆွဲကြိုးကိုကော၊ နိုင်းပေးထားတဲ့ ဆွဲကြိုးကိုကော မေဒေး သိမ်းထားခဲ့ပြီဖြစ်သည်။

"မေဒေးကို ကိုယ် တစ်ခုပြောချင်တယ်"

"………"

"ကိုယ်လေ မေဒေးကို ဘေးနားထားခဲ့ပေမယ့် မမြင်ခဲ့မိဘူး။ ကိုယ့်အချစ်တွေဟာ မေဒေးအတွက် မဆိုင်ပါဘူးလေဆိုတဲ့စိတ်နဲ့ ကိုယ်ဟာ မေဒေးကို ညီမလေးလို သဘောထားပြီး ဆက်ဆံခဲ့တယ် …

နိုင်းနဲ့ ရည်းစားတွေဖြစ်နေတုန်းကလည်း ကိုယ်ဟာ နိုင်းနဲ့မေဒေးကို နီးစပ်အောင် idea တွေပေးခဲ့မိပြန်တယ်။ အဲဒီလို ကိုယ်လုပ်နေတာတွေ အားလုံးဟာ ခံစားစေရတယ်ဆိုတာ ကိုယ် တကယ်မသိခဲ့ဘူး …





မေဒေးရယ် … ကိုယ်လေ မင်းကို အနူးအညွတ်တောင်းပန်ပါတယ်။ မေဒေးရဲ့စိတ်ကို ကိုယ်သိလိုက်ရမှ ဒီစကားမျိုး ထွက်လာတာ မဟုတ်ပါဘူး။ ကိုယ်သေသေချာချာကို စဉ်းစားဆုံးဖြတ်ပြီးမှ ဒီစကားကိုပြောဖို့ ရည်ရွယ်ခဲ့တာပါ"

မေဒေးသည် ဖြစ်နိုင်ရင် ဒီနေရာကတင် အငွေ့ပျံပျောက်ဆုံးသွားချင်မိပါသည်။ အခါများစွာက ကိုကြီးဆီက အချစ်ကို တောင့်တမျှော်လင့်နေရပါသော မေဒေးသည် ဒီတစ်ခါမှာ လက်တွေ့ဘဝထဲမှာ ကိုကြီးရဲ့အချစ်ကိုရတော့မည် ဆိုသောအခါ ဘာလို့မပျော်မရွှင် ဖြစ်နေရတာလဲ။ မေဒေးရဲ့စိတ်အာရုံတွေဟာ နောက်ကျနေခဲ့ပါသည်။

"ကိုကြီး … မေဒေးကို ချစ်တယ်လို့ ပြောမလို့ဆိုရင်တော့ မပြောပါနဲ့ဦး ကိုကြီး။ မေဒေး ဝန်ခံပါတယ်၊ ကိုကြီးကို မေဒေး မျှော်လင့်ခဲ့တယ်။ အဲဒီမျှော်လင့်တာဟာ အခုထက်ထိပါပဲ။ တစ်နေ့နေ့တော့ မေဒေးရဲ့အချစ်တွေကို ကိုကြီးခံစားမိမှာပဲဆိုတဲ့စိတ်နဲ့ မေဒေး ကိုကြီးကို ရူးသွပ်စွာချစ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဖူးတယ်။ ဒါပေမဲ့ အဲဒီအချစ်တွေဟာ မနက်ဖြန်ရှိဖို့ မသေချာတဲ့ ခပ်ဖျဖျမှေျာ်လင့်ခြင်းမျိုးပါ ...

အခုဆိုရင် နိုင်းကလည်း မေဒေးကို ဘာတွေဖြစ်ဖြစ် သူ့ကို ချစ်ပါတဲ့။ ပြီးတော့ ကိုကြီးကလည်း မေဒေးကိုချစ် ပြန်ပြီ ...

မေဒေး လိုချင်တဲ့အချိန်မှာ မရခဲ့တာတွေက မေဒေး ဘာကိုမှ မလိုချင်တော့မှ ရနေခဲ့တယ်။ ကိုကြီး မေဒေးကို နားလည်နိုင်ပါစေ"

မေဒေးရဲ့ အတည်အတံ့စကားကို ကိုကြီးက နားထောင်ကာ မေဒေးကို ခေါင်းတစ်ချက် ဆတ်ပြသည်။ တကယ်တော့လည်း အားလုံးဟာ မေဒေးကြောင့်လို့ပဲ လက်ညှိုးထိုးရပါမည်။ မေဒေးသာ စိတ်ပြတ်ခဲ့ရင် ပွဲကပြီးနေပြီဖြစ်သည်။

"ကောင်းပါပြီ မေဒေး၊ ကိုယ်က နောက်ဆုံးကလူပါ မေဒေးရယ်။ မေဒေး အချစ်တွေကို သိပြီးကာမှ အပိုင်ပဲဆိုပြီး လာခွင်ဖန်တဲ့လူတော့ မဟုတ်ဘူးဆိုတာ မေဒေး ယုံကြည်ပေးပါ ...





မေဒေးကို ကိုယ်ချစ်တယ် ...

ကိုယ် အခုချိန်မှာ ပြောမထွက်ဆုံးစကားကလည်း အဲဒီစကားပါပဲ။ ကိုယ့်ရင်ထဲက တကယ်လာလို့ ပြောရင်တောင် ကိုယ်က အထင်လွဲခံရမှာလေ"

"မေဒေး ယုံပေးလို့ရပါတယ် ကိုကြီး"

"ကျေးဇူးတင်ပါတယ် မေဒေးရယ်၊ ကိုယ့်ခံစားချက်ကို မေဒေး သိသွားပြီဆိုရင်ပဲ ကိုယ်ကျေနပ်ပါပြီ။ မေဒေးရဲ့ တုံ့ပြန်မှုဟာ ကိုယ့်အတွက် အမုန်းဖြစ်နေခဲ့မယ် ဆိုရင်တောင် ကိုယ်ရင်ဖွင့်ခွင့်ရတဲ့အတွက် ကျေနပ်ပါပြီ မေဒေးရယ်"

မေဒေးသည် လောကကြီးကို ရက်စက်လှချည်လားဟု အော်သာမေးလိုက်ချင်တော့သည်။ မေဒေးရဲ့အဖြစ်က ဘာနဲ့တူနေသလဲဆိုရင် တစ်ထိုင်တည်းမှာပင် ကော်ဖီကလည်း သောက်ချင်တယ်၊ ဂျယ်လီကလည်း စားချင်နေ၍ ဒုက္ခများနေရတဲ့ပုံမျိုးဖြစ်၏။

ကော်ဖီနဲ့ ဂျယ်လီ တွဲစား၍ မရသလို မေဒေးရဲ့ နှလုံးသားဟာလည်း နှစ်ယောက်လုံးကိုတော့ တွဲချစ်၍ မရပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ခက်နေတာက မေဒေးဟာ ဘယ်သူ့ကိုမှ မရက်စက်ရဲတာ ဖြစ်သည်။ အဲဒီတော့ ဒီတစ်ယောက်ကိုလည်း ချစ်တယ်၊ ဟိုတစ်ယောက်ကိုလည်း သနားတယ်၊ တခြားတစ်ယောက်ကိုလည်း မြတ်နိုးတယ်၊ ကျန်တဲ့တစ်ယောက်ကိုလည်း မစွန့်လွှတ်နိုင်ဘူး ဆိုသလို ဖြစ်နေကာ လွှကရူးချင်လာ၏။

မေဒေးကို ကိုကြီးကော နိုင်းကောက ချစ်နေကြပါသည်တဲ့။ သူတို့က ရင်ဖွင့်ပြီး မျှော်လင့်နေကြပေမယ့် မေဒေးဟာ ဘယ်ရွာပြောင်းပြောင်း သူကောင်းမဖြစ်နိုင်တော့သည့်အတွက် သူကောင်းဖြစ်နိုင်ဖို့ သူတို့နှင့်ဝေးရာကို ထွက်ပြေးသွားချင်ပါတော့သည်။

❋ ○ ❋





၁၅

"စွန့်လွှတ်ဖို့ ခက်တယ် xxx ငါကြင်နာတဲ့မင်းကို xxx နိုးစပ်ဖို့လမ်းစများ xxx မလွယ်မှန်းသိလည်း ရူးနေခဲ့ xxx တစ်ရေးနိုး xxx တစ်ညလုံး xxx ငါ့စိတ်ဓာတ်တွေ အခု ကျဆုံး xxx ဦးနှောက်ထဲဝင်ရောက်လာခဲ့တာ xxx မင်းအကြောင်းတွေးကာ ငါ့မှာမောခဲ့ xxx ခဏတာဖွဲ့လမ်းခြင်းနဲ့ xxx ချစ်ခဲ့ခြင်းလည်း မဟုတ်ခဲ့တော့ xxx ငါ့မှာဘယ်သူမှမသိအောင် xxx ရူးခဲ့ရတာ xxx နင်ပဲပေါ့ xxx ငါ့တဓောက်ကန်း xxx ရေ့ဆက်တိုးကာ မိုက်နေတယ် xxx ဘာ့အတွက်လဲ xxx ဘာကြောင့်လဲ xxx အဖြေရှာမရခဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒီကနေ့ဟာ မေဒေးနှင့် မတွေ့ရတာ တစ်လတိတိ ပြည့်တဲ့နေ့ ဖြစ်ပါသည်။ မေဒေးက မနေ့ညက သူတို့နှစ်ယောက် ဆီကို မနက်ဖြန်ညနေ ခြောက်နာရီမှာ ဒီဆိုင်မှာဆုံမယ်လို့ message ပို့ပြီး ချိန်းထားတာဖြစ်သည်။ နေကွန်းနှင့် နိုင်း ရောက် နေပြီပြီသော်လည်း မေဒေးကတော့ ရောက်မလာသေးပါ။ ဆိုင် ထဲက လွင့်ပျံလာတဲ့ သီချင်းသံဟာ သူတို့နှစ်ယောက်ရဲ့ရင်ကို လာမှန်စေတာမို့ ခပ်တိတ်တိတ်နေကာ သီချင်းနားထောင်နေလိုက် သည်။

သူတို့ဟာလည်း သားကြီးရဲ့သီချင်းထဲကလိုမျိုးပဲ ဖြစ်သည်။ မေဒေးကို စွန့်လွှတ်ဖို့ခက်စွာ ချစ်နေတာမျိုးဖြစ်၏။

"ကိုစစ်နေကွန်း ... နိုင်း"

အဲဒီခေါ်သံကြောင့် သူတို့နှစ်ယောက်စလုံးက ပြိုင်တူ မော့ကြည့်မိလိုက်လျှင် သူမဟာ မေဒေးရဲ့သူငယ်ချင်း လေပြေဖြစ် လို့နေပါသည်။

"ဟင် ... လေပြေ၊ မေဒေးကော"





"မေဒေးက သူ ရှင်တို့ကိုပြောချင်တဲ့ စကားတွေအားလုံး ကို အသံသွင်းပေးခဲ့ပါတယ်။ ရှင်တို့ Bluetooth တွေဖွင့် ထားလိုက်ပါ။ ကျွန်မ ပို့ပေးလိုက်ပါမယ်"

သူတို့ဟာ မေဒေးအကြောင်း မမေးနိုင်သေးဘဲ Bluetooth အရင်ဖွင့်ရပါသည်။ ပြီးတော့ လေပြေပို့ပေးသော အသံဖိုင်လ်ကို လက်ခံရရှိကြရပါသည်။

"မေဒေးက မှာလိုက်ပါတယ်။ သူပြောတာတွေကို နား ထောင်ပြီး သူ့ကိုလည်း နားလည်ပေးဖို့ မှာလိုက်ပါတယ်"

"မေဒေးက ဒီကို ဘာလို့မလာတာလဲ"

နိုင်းက လှမ်းမေးလိုက်လျှင် လေပြေသည် သူတို့ မျက်နှာကို သေသေချာချာ လှလာအကဲခတ်ပြီးမှ အေးအေးဆေး ဆေး ပြန်ဖြေလေသည်။

"မေဒေးက မြန်မာနိုင်ငံမှာ မရှိတော့ဘူး။ သူ ဒီနေ့ flight နဲ့ ထွက်သွားပြီ"

"ဘာ ... ဘယ်လို"

"ဘယ်လို ... မရှိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ရဲ့အံ့အားသင့်မှု အာမေဋိတ်ကို လေပြေက စိတ်ရှည်လက်ရှည် စောင့်ဆိုင်းပြီးမှ ...

"ဟုတ်ပါတယ်၊ ဒီနေ့ ရှင်တို့ကို ဒီလိုချိန်းတာဟာ သူ့ရဲ့ အသံဖိုင်လ်ကို ပေးချင်လို့ပါ။ ကဲ ... ကျွန်မတာဝန်ကျေပြီ... သွားလိုက်ပါဦးမယ်"

လေပြေက နှုတ်ဆက်ကာ ပြန်တော့မည့်ဟန်ပြင်လျှင် သူတို့ဟာ အသည်းအသန်ပင် မေးခွန်းတစ်ခုကို ဆီးမေးလိုက်ကြပါသည်။

"မေဒေးက ဘယ်ကိုသွားတာလဲဟင်။ ဘာလို့သွားတာလဲ"

သူတို့ရဲ့အမေးတွေအတွက် လေပြေသည် မေဒေးလိုပဲ ပညာတတ်အပြုံးကို ပြုံးပြကာ ...

"ကျွန်မတို့ မသိပါဘူးလို့ ပြောရင်လည်း ရှင်တို့ ယုံမှာ မဟုတ်ဘူးလေ။ အဲဒီတော့ အမှန်တိုင်းပဲ ပြောပါ့မယ်။ မေဒေးက ဘယ်သူ့ကိုမှ မပြောရဘူးတဲ့။ ကိုစစ်နေကွန်း သူ့မိဘတွေကို မေးရင်လည်း မသိဘူးဘဲ ဖြေကြမှာပါ။ မေဒေး ဘယ်နိုင်ငံထွက်သွားပြီး ဘာသွားလုပ်တယ် ဘယ်





လောက်ကြာမယ်ဆိုတာ ကျွန်မမှာ ပြောပိုင်ခွင့် မရှိပါဘူး ... ခွင့်ပြုပါဦးနော်"

လေပြေက ကျောခိုင်း၍ ထွက်ခွာသွားလျှင် သူတို့နှစ်ဦးသည် ချက်ချင်းပင် handfree နားကြပ်လေးကိုထုတ်ကာ မေဒေးရဲ့အသံဖိုင်လ်ကို နားထောင်ဖို့ ဖွင့်လိုက်တော့သည်။

ချိုရှကြည်လင်နေသော အသံတစ်ခုသည် သူ့နားစည်မှတစ်ဆင့် နှလုံးသားဆီသို့ ဖြတ်သန်းသွားပါတော့သည်။ သူတို့နှစ်ယောက်လုံး မေဒေးရဲ့စကားသံတွေကို နားဆင်နေရပါသည်။

"ကိုကြီးနဲ့ နိုင်းရေ ...

မေဒေးရဲ့လုပ်ရပ်အတွက် စိတ်ဆိုးသွားပြီလားဟင်။ စိတ်ဆိုးသွားတယ်ဆိုလည်း မေဒေးက တောင်းပန်ပါတယ်။ အခု မေဒေးရဲ့အသံကို ကြားနေတဲ့ ဒီအချိန်မှာ မေဒေးက လေယာဉ်ကြီးစီးပြီး တစ်ခရီးကို သွားနေပါပြီ ...

ဖြစ်ခဲ့တာတွေ အားလုံးဟာ မေဒေးရဲ့အပြစ်တွေချည်းပါပဲ။ နိုင်းကိုလည်း မေဒေး တောင်းပန်ပါတယ်။ ကိုကြီးကိုလည်း တောင်းပန်ပါတယ်။ မေဒေးကလေ ...



www.burmeseclassic.com

www.burmeseclassic.com



အချစ်ကို ကြီးကြီးမားမား လောဘတကြီး မျှော်လင့်ခဲ့မိလို့လား မသိဘူး။ မေဒေးကို လောဘကြီးတဲ့အတွက် အပြစ်ဒဏ်အနေနဲ့ ကိုကြီးနဲ့နိုင်းရဲ့ ကြီးမြတ်တဲ့အချစ်တွေကို ပေးခဲ့တယ် ...

စဉ်းစားကြည့်ရင်လေ သိပ်ရှက်ဖို့ကောင်းပါတယ်။ မေဒေးရဲ့စိတ်တွေဟာ ဘယ်သူ့ကိုမှ ပိုတယ်ဆိုပြီး မရှိဘဲ နှစ်ယောက်လုံးကို သံယောဇဉ်တွယ်မိခဲ့တယ် ...

ကိုကြီးရေ ... ပြီးတော့ နိုင်း ...”

“.................. ”

“မေဒေးကို မေ့လိုက်ကြပါ။ ပြီးတော့ အချစ်သစ်ကို ရှာဖွေပါ။ ကိုကြီး ... မေဒေးပြောတာကို နားထောင်ပါနော်။ မေဒေးကို မေ့ပစ်လိုက်ပြီး အလုပ်တွေလုပ်ရင်း ကိုကြီးကိုချစ်နိုင်မယ့် လက်တွဲဖော်ကောင်းကို ရှာဖွေလိုက်ပါ ...

နိုင်း ... နင်လည်း ငါပြောတာ နားထောင်ပါ။ နင့်အလုပ်တွေကို ဒီထက်မက အောင်မြင်အောင်လုပ်ပါ။ နင့်





ပရိသတ်တွေအတွက် နင် သီချင်းတွေအများကြီးဆိုရင်း နင့်ကိုချစ်တဲ့သူကို ရှာဖွေပါ ...

မေဒေးကို ခွင့်လွှတ်လိုက်ပါတော့။ တစ်နေ့တော့ မေဒေးတို့တွေ ပြန်ဆုံမှာပါ။ အဲဒီအချိန်ကျရင် မေဒေးကို ရှင်တို့ချစ်တဲ့သူနဲ့ မိတ်ဆက်ပေးရမယ်နော်။ မေဒေးကိုချစ်တယ်ဆိုရင် မေဒေး ပြောတာကို နားထောင်ပါ။ အချစ်အတွက် မနက်ဖြန်ဆိုတာ မရှိတော့တဲ့ ဘဝကြီးထဲမှာမနေကြပါနဲ့။ မေဒေး သံယောဇဉ်ရှိတဲ့သူတွေကို အဲလိုမခံစားစေချင်ဘူး ...

မေဒေးကို ခွင့်လွှတ်ပါနော်”

သူတို့ဟာ မေဒေးရဲ့စကားသံအဆုံးမှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြသည်။ ပြီးတော့ နားကြပ်တွေကိုဖြုတ်ကာ နေကွန်းက ...

“မင်း မေဒေးစကားကို နားထောင်မှာလား နိုင်း”

သူ့အမေးကို နိုင်းက မဲ့တဲ့တဲ့အပြုံးတစ်ခုနှင့်အတူ ပြတ်သားစွာ ပြန်ဖြေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လုံးဝစိတ်ကူးမရှိဘူး။ ကျွန်တော်က မေဒေးကို အမြဲချစ်ခဲ့ရတဲ့သူပါဗျ။ မေဒေးကလွဲပြီး ဘယ်သူ့ကိုမှ စိတ်ကူးမပြောင်းဘူး။ ခင်ဗျားသာ ..."

"ဟော ... ဟော ... မင်း အဲ့စကားတော့ မပြောနဲ့၊ မင်းချစ်တာထက် ငါက မေဒေးကိုပိုတောင်ချစ်သေးတယ်။ မေဒေးပြန်လာမယ့်နေ့ထိ ငါကစောင့်နေမှာ။ အိုကွာ ... ကုန်ကုန်ပြောမယ်၊ မေဒေးက တခြားတစ်ယောက်နဲ့ လက်ထပ်သွားရင်တောင်မှ ငါက သူ့ကိုပဲ ဆက်ချစ်နေမှာ"

နေကွန်းရဲ့စကားကြောင့် နိုင်းသည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်ကာ ...

"အဟား ... စကားတွေကတော့ ပြောတတ်တာပေါ့ဗျာ။ ဒီမှာ ကိုစစ် ... ခင်ဗျား မချစ်ခင်ကတည်းက ကျွန်တော့်က ချစ်ခဲ့ရတာဗျ"

"သြော် ... အဲလိုပြောကြေးဆို မင်းက ချစ်ခဲ့ရတာ ငါက အချစ်ခံရတာကွ။ ငါက ပိုသာတယ်"

"ခင်ဗျား ဘာမှအပိုတွေမပြောနဲ့"





"ပြောတယ်ကွာ ... ဘာဖြစ်လဲ"

"မပြောနဲ့ဗျာ ... ကျွန်တော်က ဘာပဲဖြစ်ဖြစ် မေဒေးရဲ့ချစ်သူပဲ။ ဒီတော့ ကိုစစ် ခင်ဗျားကို ကျွန်တော် အကြံပေးလိုက်မယ်။ ခင်ဗျား မေဒေးပြောတဲ့အတိုင်း နောက်တစ်ယောက်သာရှာပြီး လက်ထပ်လိုက်တော့"

"သေလိုက်ပါလားကွ၊ မင်းပဲယူ။ ငါကတော့ မေဒေးကိုပဲစောင့်မှာ"

အဲဒီလိုနှင့် သူတို့နှစ်ယောက်ဟာ ငြင်းခုန်ကာ အပြိုင်ပြောကြရင်းကမှ နေကွန်းသည် တစ်ခုခုကို သတိရှိရှိစွန့်စားဖို့ တွေးလိုက်ကာ နိုင်းနှင့် လှမ်းညှိလိုက်သည်။

"ငါတို့ ဒီလိုသတ်နေမယ့်အစား မေဒေးကိုစောင့်ဖို့ ဘယ်သူဖြစ်သင့်တယ် ဆိုတာကို ကံနဲ့ပဲ ဆုံးဖြတ်မယ်၊ ဘယ်လိုလဲ"

"ပြောပါဦး ... ခင်ဗျားက ဘာလုပ်မှာလဲ"

နေကွန်းသည် စားပွဲပေါ်မှာ တင်ထားသည့် ဖန်ဘူးလေးထဲက သွားကြားထိုးတံတွေဆီ မျက်စိရောက်သွားကာ အတွေးရသွားပြီး လက်ဖျောက်တစ်ချက် တီးလိုက်ရင်းက ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီသွားကြားထိုးတံဘူးထဲမှာ သွားကြားထိုးတံ ဘယ်နှ ချောင်းပါလဲဆိုတာ ငါတို့မသိဘူးနော်၊ အေး ... အဲဒါ ငါတို့ရဲ့ကံကြမ္မာပဲ"

"ဘယ်လိုဗျ"

"ဒီလိုလေ ... မေဒေးနဲ့ဆက်ပြီး ပတ်သက်ခွင့်ရှိရမယ့်လူဟာ တစ်ယောက်ပဲ ဖြစ်ရမယ်။ မင်းဖြစ်ရင်ဖြစ် ဒါမှမဟုတ်ရင် ငါပဲ။ အဲလို တစ်ယောက်တည်းဖြစ်သွားခြင်းအားဖြင့် မေဒေးကိုလည်း စိတ်သက်သာသွားစေတယ်။ ဒီဘူးထဲက အတံလေးတွေကို မင်း တစ်ချောင်း၊ ငါတစ်ချောင်း တစ်လှည့်စီ ယူသွားမယ်။ နောက်ဆုံးအချောင်း ရတဲ့သူဟာ မေဒေးကို ကြိုးစားခွင့်ရှိတဲ့သူပဲ။ ကျန်တဲ့တစ်ယောက်က လုံးဝနားလည်ပေးရမယ်။ မေဒေးကို ဘော်ဒါလိုပဲ သဘောထားပေးရမယ်။ ဘယ်လိုလဲ"

နေကွန်းက ထောက်ခံမှုလိုချင်သည့် သဘောဖြင့် မေးဆတ်ပြလိုက်လျှင် နိုင်းကလည်း အိုခေဆိုသည့် သဘောဖြင့် ခေါင်းညိတ်ကာ ...



"အိုခေဗျာ ... အဲဒါ မိုက်တယ်၊ do or die ပဲ။ die ခဲ့ရင် ကတိတော့ တည်ရမယ်နော်"

"ဒီမှာ နိုင်းမြစ် .. ငါက စစ်နေကွန်းကွ။ ကတိတစ်လုံးကို အသက်မက တန်ဖိုးထားတဲ့သူ။ မင်းသာ ကတိတည်ပါစေ"

"ကျွန်တော်ကလည်း တည်တယ်။ ခင်ဗျားသာ ကတိတည်နိုင်အောင် ကြိုးစား"

"စကားမရှည်စမ်းပါနဲ့၊ ကဲ ... စမယ်နော်၊ ရော့ ... မင်း တစ်ချောင်း ငါတစ်ချောင်း"

သူတို့နှစ်ယောက်သည် ရင်ခုန်စိတ်လှုပ်ရှားစွာဖြင့် သွားကြားထိုးတံဘူးထဲက တုတ်တံလေးတွေကို တစ်ချောင်းဆီယူနေမိသည်။ အဲဒါဟာ သူတို့အတွက် တကယ့်ကံကြမ္မာပဲဖြစ်သည်။ ထွက်လာမည့် result အတွက် သူကော နိုင်းပါ ရင်ခုန်နေတာဖြစ်၏။

နေကွန်း ... နိုင်း၊ နေကွန်း ... နိုင်း။

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနှင့် ဘူးထဲက သွားကြားထိုးတံလေးတွေဟာ နည်းလာပြီဖြစ်သည်။ ဘယ်သူက ကံထူးရှင်ဖြစ်နိုင်သလဲ။ နောက်ဆုံးကျန်တဲ့အချောင်းရဲ့ပိုင်ရှင်ဟာ ဘယ်သူဖြစ်နိုင်သလဲ။

အဲဒီလိုနှင့် နောက်ဆုံးမှာတော့ ဘူးထဲမှာ တစ်ချောင်းတည်းသာ ကျန်ရှိနေသည့် သွားကြားထိုးတံလေးရဲ့ပိုင်ရှင်ကတော့ ... ? ။

သေရာတာကတော့ တစ်ယောက်ကပြုံးပြီး နောက်တစ်ယောက်က မဲ့သွားခဲ့ပါသည်။

✻ ○ ✻









www.burmeseclassic.com

www.burmeseclassic.com







## ၁၆

မေဒေးသည် မြန်မာ့မြေကို ခြေချလိုက်သည်နှင့် နှလုံးသားတစ်ခုလုံးသည် ဆွတ်ပျံ့ကာ နွေးထွေးသွားတော့သည်။ ကိုယ့်မြေ ကိုယ့်ရေ ကိုယ့်မိသားစုဆိုသော အသိဟာ အရမ်းကို ကြည်နူးစရာကောင်းသည့် ခံစားချက်ပင်ဖြစ်သည်။ ဒီတစ်နှစ်ခွဲ အတွင်းမှာ အခြေအနေတွေဟာ အရမ်းကို ပြောင်းလဲကုန်တာဖြစ်သည်။

ကနေဒါမှာ စီးပွားရေးနှင့်ပတ်သက်သည့် ဒီပလိုမာ တစ်ခုရအောင် စာကို အာရုံနှစ်ကြိုးစားနေချိန်မှာ မြန်မာနိုင်ငံက မေဒေးရဲ့ချစ်တဲ့သူနှစ်ဦးကလည်း တစ်ယောက်က မေဒေးစကား နားထောင်ပြီး ချစ်တဲ့သူကို ရှာဖွေခဲ့သည်တဲ့။ နောက်ထပ်တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကတော့ တစ်နေ့နေ့မှာ ပြန်လာမယ့် မေဒေးကို မျှော်လင့်ရင်း စောင့်စားနေပါသည်တဲ့။

မေဒေးရဲ့နှလုံးသားအတွက် ကွန်းခိုရာ အရိပ်မိုးလေးအောက်ကို မေဒေးသည် အမြန်ဆုံး ခိုဝင်ချင်လှပြီဖြစ်သည်။ နှစ်ယောက်စလုံးကို ချစ်ခဲ့သလို နှစ်ယောက်စလုံးကလည်း ချစ်ခဲ့သော မေဒေးအတွက် သစ္စာရှိရှိနှင့် ခွဲကြီးစွာစောင့်နေမည့်သူ့ကို မေဒေးမှာ ပေးစရာအချစ်တွေ လုံလုံလောက်လောက် ပါလာခဲ့ပါသည်။

မေဒေးစကားကို နားမထောင်သည့် တစ်ယောက်ကိုလည်း မေဒေးက နားလည်ပေးလို့ ရပါသည်။ အချစ်အတွက် မနက်ဖြန်မရှိသည့် ဘဝကြီးထဲမှာ မေဒေးချစ်တဲ့သူတို့ကို မနေစေချင်တာကြောင့် မေဒေးက အဝေးကြီးမှာ သွားနေပေးခဲ့တာဖြစ်၏။ အခုတော့ ကျန်နေခဲ့သည့် တစ်ယောက်အတွက် စောင့်ရကျိုးနပ်ချေပြီ။

မေဒေး ပြန်လာခဲ့ပါပြီ။ သူနှင့်အတူ ရွှေလက်တွဲပြီး အနာဂတ်နေ့ရက်လေးတွေကို အတူတူ ဖြတ်သန်းတော့မှာဖြစ်



BURMESE CLASSIC .com



သည်။ ရှေ့ဆက်ပြီး အချစ်အတွက် မနက်ဖြန်အစီအစဉ်မှာ သူ့အတွက် မိုးအဆုံး မြေအဆုံး အကြင်နာတရားတွေပေးပို့ ရှိနေတယ်ဆိုတာ သူသိစေဖို့ သူ့ဆီ အခု မေဒေး အပြေးသွားလိုက်ပါတော့သည်။

✻ ○ ✻



www.burmeseclassic.com

www.burmeseclassic.com







မြတ်မေဒေးရဲ့ အချစ်အတွက် မနက်ဖြန်တွေမှာ ဘယ်သူ့ကို အကြင်နာတွေပေးမယ်ဆိုတာကို စာချစ်သူပရိသတ်များ နှစ်သက်သလို စဉ်းစားနိုင်ပါသည်။

မြတ်မေဒေးရဲ့လက်တွဲဖော်ဟာ စစ်နေကွန်းလား ... နိုင်မြစ်ဆောင်ယံလား ဆိုတာကတော့ ပရိသတ်ရဲ့သဘောဆန္ဒက သာလျှင် ဇာတ်သိမ်းခန်း ဖြစ်ပါသည်။

ကိုကြီးနဲ့ ပေးညားရင်လည်း နိုင်းကိုသနား ...

နိုင်းနဲ့ပေးညားရင်လည်း ကိုကြီးကိုသနားတာကြောင့် ဇာတ်ပေါင်းခန်းကို အတွေးရသတစ်မျိုးဖြင့် ပေါင်းစည်းပေးထားပါသည်။

နှစ်သက်ကျေနပ်နိုင်ကြပါစေ။

*○*

www.burmeseclassic.com

www.burmeseclassic.com



ဆွေးနွေးတင်ပြမြင်

မယ်မင်းဘို

13-June- 2011.(Mon)

03:15 A.M.

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘို
အမှတ်-၃၃၊ (မြေညီ) မွေစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
သို့လိပ်မူ၍ စာရေးသားပေးပို့နိုင်ပါသည်။

www.burmeseclassic.com